မြတ်ဗုဒ္ဓ၏အဆုံးအမတရား

အနှစ်ရှိသော သူတော်ကောင်းတရားကို အနှစ်ရှိဟုသိ၏။ အနှစ်မရှိသောတရားကို အနှစ်မရှိဟု သိသည့် အယူမှန်ရှိကြသောသူတို့သည် သီလ စသောဂုဏ်ကျေးဇူးအနှစ်ကို ရကြကုန်၏။

ဓမ္မပဒ

# မြဝတီ နေ့စဉ်

ရောင်စုံကဏ္ဍစုံလင် ဦးစွာဖြန့်ချိ မြဝတီ

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၅၆)

၁၃၈၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်
၂၀၂၅ ခုနှစ်၊ ဇွန် ၁၂ ရက်၊ သောကြာနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# အိန္ဒိယလေကြောင်း AI-171 ပျက်ကျခဲ့မှုကြောင့် လူပေါင်းများစွာ အသက်ဆုံးရှုံးခဲ့ရမှုများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ရှရီမတီ ဒရောပါဒီ မာမူထံသို့ ဝမ်းနည်းကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့တွင် အိန္ဒိယသမ္မတနိုင်ငံ အမီဒါဘတ်မြို့အနီး၌ အိန္ဒိယလေကြောင်း AI-171 ပျက်ကျခဲ့မှုကြောင့် လူပေါင်းများစွာ အသက်ဆုံးရှုံးခဲ့ရမှုများအတွက် ဝမ်းနည်းကြောင်းသဝဏ်လွှာကို အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ရှရီမတီ ဒရောပါဒီ မာမူထံသို့ ပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် အိန္ဒိယလေကြောင်းလိုင်း AI-171 သည် ၁၂-၆-၂၀၂၅ ရက်တွင်အိန္ဒိယသမ္မတနိုင်ငံ၊ အမီဒါဘတ်မြို့အနီး၌ ပျက်ကျခဲ့ပြီး လူအများအပြားအသက်ဆုံးရှုံးခဲ့ကြောင်း သိရှိရသည့်အတွက် များစွာဝမ်းနည်းစိတ်မကောင်းဖြစ်ရပါကြောင်း၊ ယခုကဲ့သို့ ဝမ်းနည်းပူဆွေးရသည့်အချိန်ကာလတွင်

စာမျက်နှာ ၅ ကော်လံ ၁ ➤



Chairman
State Administration Council
Republic of the Union of Myanmar

Dated, 12 June 2025

Excellency,

It is with great sorrow to learn of the tragic news of the crash of Air India flight AI-171 near Ahmedabad, India on 12 June 2025 which claimed the loss of many lives.

On behalf of the people of Myanmar and on my own behalf, I wish to express our deepest sympathies and condolences to Your Excellency and the people of India in this time of immense grief.

Our thoughts and prayers are with those who have lost loved ones, and we stand in solidarity with India.

Please accept, Excellency, the assurances of my highest consideration.

Senior General Min Aung Hlaing

Her Excellency Smt. Droupadi Murmu
President
Republic of India
New Delhi


# အိန္ဒိယလေကြောင်း AI-171 ပျက်ကျခဲ့မှုကြောင့် လူပေါင်းများစွာ အသက်ဆုံးရှုံးခဲ့ရမှုများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှရီ နာရန်ဒရာ မိုဒီထံသို့ ဝမ်းနည်းကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့တွင် အိန္ဒိယသမ္မတနိုင်ငံ အမီဒါဘတ်မြို့အနီး၌ အိန္ဒိယလေကြောင်း AI-171 ပျက်ကျခဲ့မှုကြောင့် လူပေါင်းများစွာ အသက်ဆုံးရှုံးခဲ့ရမှုများအတွက် ဝမ်းနည်းကြောင်းသဝဏ်လွှာကို အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ရှရီ နာရန်ဒရာ မိုဒီထံသို့ ပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် အိန္ဒိယလေကြောင်းလိုင်း AI-171 သည် ၁၂-၆-၂၀၂၅ ရက်တွင်အိန္ဒိယသမ္မတနိုင်ငံ၊ အမီဒါဘတ်မြို့အနီး၌ ပျက်ကျခဲ့ပြီး လူအများအပြား အသက်ဆုံးရှုံးခဲ့ရသည်ကိုသိရှိရသည့်အတွက် များစွာဝမ်းနည်းစိတ်မကောင်းဖြစ်ရပါကြောင်း၊ ယခုကဲ့သို့ ဝမ်းနည်းပူဆွေးရသည့်

စာမျက်နှာ ၅ ကော်လံ ၃ ⇨



Prime Minister
Republic of the Union of Myanmar

Dated, 12 June 2025

Excellency,

I was deeply saddened to learn of the tragic crash of Air India flight AI-171 near Ahmedabad, India on 12 June 2025, that resulted in massive loss of lives.

On behalf of the Government and people of Myanmar, and on my own behalf, I wish to extend my heartfelt condolences and deepest sympathies to Your Excellency, and the people of India during this time of great sorrow.

Our thoughts and prayers are with the victims, their families, and all those affected by this immense tragedy. Myanmar stands in solidarity with India in this moment of profound grief.

Please accept, Excellency, the assurances of my highest consideration.

Senior General Min Aung Hlaing

His Excellency Shri Narendra Modi
Prime Minister
Republic of India
New Delhi




# အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဇွန် ၁၃ ရက်)

## နိုင်ငံ့အနာဂတ်အတွက် လူငယ်များကြိုးစားရမည်

နိုင်ငံတော်၏အနာဂတ်အတွက် ပညာရေးကဏ္ဍကို အထူးဦးစားပေးဆောင်ရွက်လျက်ရှိရာတွင် ကျောင်းနေအရွယ်ကလေးအားလုံးကျောင်းတက်နိုင်ရေးသည် မူလအခြေခံဖြစ်သည်။ လူသည်သူ့အရွယ်နှင့်သူ လုပ်ဆောင်ရမည့်တာဝန်များရှိထားပြီးဖြစ်သည်။ ပထမအရွယ်သည် ပညာသင်ကြားရမည့်အရွယ်ဖြစ်သည်။ ပညာသင်ကြားရမည့်အရွယ်တွင် ပညာသင်ကြားနိုင်မှသာ မိမိတို့တစ်ဦးချင်းစီ၏ လူမှုဘဝသည် အဆင်ပြေပြေရှိပေလိမ့်မည်။ တစ်ဦးချင်းစီ၏ဘဝများအဆင်ပြေလျှင် မိသားစုများ၊ ထိုမှတစ်ဆင့် နိုင်ငံတော်အဆင့်ထိအဆင်ပြေလိမ့်မည်။ နိုင်ငံတော်တွင် ပညာတတ်များပေါကြွယ်လာသည်နှင့်အမျှ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးခရီးလမ်းသည်ဖြောင့်တန်းနေမည်ဖြစ်သည်။

ပညာရေးကဏ္ဍနှင့်ပတ်သက်လာလျှင်ပညာရေးဝန်ကြီးဌာနသည်နိုင်ငံတော်ကပြဋ္ဌာန်းထားသည့်အမျိုးသားပညာရေးဥပဒေအရ အမျိုးသားပညာရေးစနစ်တွင် ပညာရယူနည်းသုံးနည်းဖြင့်အကောင်အထည်ဖော်လျက်ရှိသည်။ ကျောင်းပညာရေးနည်း၊ ကျောင်းပြင်ပပညာရေးနည်း၊ ကိုယ်တိုင်သင်ယူပညာရေးနည်းဟူသည့်ပညာရယူနည်းများကိုကျင့်သုံး၍ အကောင်အထည်ဖော်လျက်ရှိသည်။ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းပါလုပ်ငန်းစဉ်များအရ ကျောင်းပြင်ပ ပညာရေးလုပ်ငန်းကိုအကောင်အထည်ဖော်နိုင်ရန်အတွက် ကျောင်းပြင်ပနှင့်တစ်သက်တာပညာရေးဦးစီးဌာနကို ၂၀၁၆ ခုနှစ်အတွင်း ပြင်ဆင်ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။

ကျောင်းပညာရေးဆိုသည်မှာ သင်ယူသူ၏အသက်အရွယ်၊ သင်ယူရမည့်အချိန်ကာလ၊ နေရာ၊ အတန်း၊ ပညာရည်စစ်ဆေးတိုင်းတာမှုစနစ်နှင့် တိကျသောသင်ရိုးညွှန်းတမ်းဖြင့် သင်ကြားပေးသောကျောင်းအခြေပြုမူကြိုပညာရေး၊ မူလတန်းပညာရေး၊ အလယ်တန်း ပညာရေး၊ အထက်တန်း ပညာရေး၊ နည်းပညာနှင့်သက်မွေးပညာရေးနှင့် အဆင့်မြင့်ပညာရေး စသည်တို့ အကျုံးဝင်သည့်ပညာရေးဖြစ်သည်။ နှစ်စဉ်ဇွန်လအတွင်း ကျောင်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များနှင့်အညီ အခြေခံကျောင်းများဖွင့်လှစ်ပြီး အခြေခံပညာအတန်းများအလိုက်သင်ကြားပေးလျက်ရှိသည်။ အသက်ငါးနှစ်ပြည့်ပြီးသူများသည် KG တန်းသို့လည်းကောင်း၊ အသက်ခြောက်နှစ်ပြည့်ပြီးသူများသည် Grade-1 သို့လည်းကောင်း တက်ရောက်သင်ကြားကြရမည်ဖြစ်သည်။

ကျောင်းပြင်ပပညာရေးသည် အကြောင်းအမျိုးမျိုးကြောင့် မူလတန်းပညာရေးမပြီးဆုံးသူများအား ကျောင်းပြင်ပမူလတန်းပညာရေးဖြင့်လည်းကောင်း၊ အခြေခံပညာအလယ်တန်းအဆင့်သို့တက်ရောက်ရန် အခက်အခဲရှိသူများအား ကျောင်းပြင်ပအလယ်တန်းပညာရေးဖြင့်လည်းကောင်း၊ အခြေခံပညာအထက်တန်းအဆင့်ကူးပြောင်းသင်ယူနိုင်ရန်နှင့် အသက်မွေးဝမ်းကျောင်းသင်တန်းများသို့ တက်ရောက်နိုင်ရန် ကျောင်းပြင်ပပညာရေးများဖြင့်လည်းကောင်း ဘဝရှေ့ရေးသာယာစေရန်အတွက် ဆောင်ရွက်ပေးနေသောအစီအစဉ်ဖြစ်သည်။

ထိုအစီအစဉ်အရ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အထိ ကျောင်းပြင်ပမူလတန်းကလေးငယ် ၅၄၂၈၀ ဦး၊ ကျောင်းပြင်ပအလယ်တန်းကလေးငယ် ၁၉၉၉ ဦးတို့အား သင်ကြားသင်ယူခွင့်များရရှိစေခဲ့သည်။ အဆိုပါ ကျောင်းပြင်ပပညာရေးဖြင့် သင်ကြားသင်ယူခွင့်ရရှိခဲ့သောကလေးငယ်များအနက် ထူးခြားအောင်မြင်ခဲ့သူများအနေဖြင့် ၂၀၁၆ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ ကျောင်းပြင်ပမူလတန်းပျိုးထောင်မှုမှတစ်ဆင့် အခြေခံပညာအထက်တန်းအဆင့်အထိတက်ရောက်နိုင်ခဲ့ပြီး တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့သူ ၁၂၃ ဦးရှိခဲ့ပြီဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဇွန်လ ၁၀ ရက်က စစ်ကိုင်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိကြရာ ကျောင်းအုပ်ဆရာမကြီးနှင့်တာဝန်ရှိသူများကကြိုဆိုနှုတ်ဆက်စဉ် **“နိုင်ငံတော်အနေဖြင့် ပညာရည်မြင့်မားရေးအတွက် KG + 9 အထိ အခမဲ့ပညာရေးစနစ်ဖြင့် သင်ကြားပေးလျက်ရှိကြောင်း၊ ပညာတတ်များဖြစ်မှသာလျှင် အကောင်းအဆိုး၊ အကြောင်းအကျိုးကို ဝေဖန်ပိုင်းခြားနိုင်သည့် လူသားအရင်းအမြစ်ကောင်းများလည်း ရရှိနိုင်မည်ဖြစ်ပြီး ဒေသနှင့်နိုင်ငံ၏အကျိုးကိုလည်း ပိုမိုဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပညာရေးဝန်ထမ်းများအနေဖြင့် မိမိတို့တာဝန်ယူထားရသည့် သင်ကြားရေးလုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်သွားကြရန်နှင့် စာပေပညာ၊ လူမှုဆက်ဆံရေးအသိပညာများ ရရှိစေရေးသင်ကြားပေးသွားရမည်ဖြစ်ကြောင်း၊“အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက” ဟူသည့်အတိုင်း ကလေးငယ်များအနေဖြင့် ငယ်စဉ်ကလေးဘဝကတည်းကပင် စည်းကမ်းစနစ်တကျဖြင့်နေထိုင်သွားလာပြောဆိုတတ်စေရေး သင်ကြားပေးသွားရမည်ဖြစ်ကြောင်း၊ ကျောင်းနေအရွယ်ကလေးများအားလုံးပညာသင်ကြားနိုင်ရေးအတွက်လည်း စည်းရုံးဆောင်ရွက်သွားကြရန်လိုကြောင်း”** ဖြင့်ပြောကြားခဲ့သည်။

ပညာရေးနှင့်ပတ်သက်လာလျှင် လူတိုင်းအတွက်ပညာရေးဆိုထားသကဲ့သို့ ပညာရေးအတွက်လည်း လူသားအားလုံးတွင်တာဝန်ရှိသည်။ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းပြင်ပသို့ရောက်ရှိနေသည့်ကလေးများအတွက် ဒုတိယအကြိမ်ပညာရေးအခွင့်အလမ်းရရှိစေရေးအတွက် သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၊ ရပ်မိရပ်ဖများ၊ လုပ်ငန်းရှင်များ၊ မိဘ သို့မဟုတ် အုပ်ထိန်းသူများ၊ ဆရာ၊ ဆရာမတို့၏စေတနာမေတ္တာအရင်းခံဖြင့် ပူးပေါင်းဆောင်ရွက်နိုင်မှုအပေါ်တွင်မူတည်သည်။ ထို့ကြောင့် နိုင်ငံတော်အကြီးအကဲက ကျောင်းနေအရွယ်ကလေးများအားလုံး ပညာသင်ကြားနိုင်ရေးအတွက် စည်းရုံးဆောင်ရွက်သွားကြရန် လမ်းညွှန်ခြင်းဖြစ်သည်။ မြန်မာနိုင်ငံအတွင်းရှိ လူငယ်များအားလုံးက ပညာကိုတတ်မြောက်အောင်သင်ကြားခြင်းဖြင့် နိုင်ငံတော်၏အနာဂတ်ကို အလှဆင်ကြရမည်ဖြစ်ပေရာ သက်ဆိုင်သူအားလုံးကပူးပေါင်းဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

( ခ ) အိမ်ထောင်သည်အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။

( ဂ ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့်အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန်မသင့်လျော်သူများ။

( ခ ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်)စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

( ဂ ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်)အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏သားသမီးအရင်းအချာများ(ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။ မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန်ခွင့်ပြုနိုင်သည်။

( င ) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်တစ်ခုခုရရှိသော အားကစားသမားများ။

( စ ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်းလုပ်သက် ၂ နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့်သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည်အစားခန့်အရပ်သားဝန်ထမ်းများ။

( ဇ ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန နှစ်(၃၀)ပြည့် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဝန်ထမ်းများစုပေါင်းသွေးလှူဒါန်း

ပဲခူး ဇွန် ၁၂

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ခုတင်-၅၀၀ ဆံ့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီး အောင်သုခဆေးကုသဆောင်၌ ဇွန်လ ၁၂ ရက် နံနက်ပိုင်းတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နှစ်(၃၀)ပြည့်နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် ပဲခူးတိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဆန်းအောင် ဦးဆောင်မှုဖြင့် ဝန်ထမ်းများစုပေါင်းသွေးလှူဒါန်းပွဲအခမ်းအနားကျင်းပသည်။

ရှေးဦးစွာ သွေးလှူဒါန်းကြမည့်ဝန်ထမ်းများအား ကျန်းမာရေးဝန်ထမ်းများက သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ သွေးဖောက်စစ်ဆေးခြင်းတို့ပြုလုပ်ကြပြီး လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဆန်းအောင် ဦးဆောင်သည့်ဝန်ထမ်းများ၊ ပဲခူးခရိုင်အတွင်းရှိ ဦးစီးမှူးရုံးများမှဝန်ထမ်းများနှင့် ညောင်လေးပင်ခရိုင်အတွင်းရှိ ဦးစီးမှူးရုံးများမှ ဝန်ထမ်းများစုပေါင်းကာ သွေး ၁၈ ပုလင်းအား လှူဒါန်းကြသည်။

ထို့နောက် သွေးလှူဒါန်းကြသည့်ဝန်ထမ်းများအား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဆန်းအောင်၊ ပဲခူးမြို့ ခုတင်- ၅၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဇော်လွင်နှင့်တာဝန်ရှိသူများက လိုက်လံကြည့်ရှုကြပြီး အာဟာရပြည့်မုန့်များ၊ အအေးဘူး၊ ကြက်ဥနှင့်ဆေးဝါးများကို ပေးအပ်ကြကြောင်းသိရသည်။

(၄၀၁)၊ တင်စိုး(ပဲခူး)

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်သို့ ယခုနှစ် မေလအတွင်း ပြည်တွင်းပြည်ပဘုရားဖူးဧည့်သည် ခြောက်သိန်းသုံးသောင်းကျော်လာရောက်



ရန်ကုန် ဇွန် ၁၂

ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်သို့ ယခုနှစ် မေလအတွင်း ပြည်တွင်းပြည်ပ ဘုရားဖူးဧည့်သည် ခြောက်သိန်း သုံးသောင်းကျော် လာရောက်ဖူးမြော်ကြောင်း ရွှေတိဂုံစေတီတော်ဘဏ္ဍာထိန်း ဂေါပကအဖွဲ့မှ သိရသည်။

ယင်းကာလအတွင်း ဘုရားဖူးဝင်ရောက်မှုအနေဖြင့် သံဃာတော် ၉၈၆၃ ပါး၊ သာသနာ့နွယ်ဝင်သီလရှင် ၆၀၄၆ ပါး၊ အမျိုးသား ၂၈၁၄၂၈ ဦး၊ အမျိုးသမီး ၃၂၉၀၆၄ ဦး၊ နိုင်ငံခြားသား ၂၂၂၄ ဦး၊ နိုင်ငံခြားသူ ၃၀၃၈ ဦး စုစုပေါင်း ၆၃၁၆၆၃ ဦးဝင်ရောက်ခဲ့သည်။

အဆိုပါကာလတွင် ရွှေတိဂုံစေတီတော်သို့ ဘုရားဖူးဝင်ရောက်မှုသည် ရုံးဖွင့်ရက်များတွင် တစ်ရက်လျှင် အနည်းဆုံးလူဦးရေ တစ်သောင်းဝန်းကျင်မှ လေးသောင်းဝန်းကျင်အထိလာရောက်ကြပြီး အများပြည်သူရုံးပိတ်ရက်များဖြစ်သည့် မေလ ၄ ရက် (တနင်္ဂနွေနေ့)တွင် ရဟန်းသံဃာ၊ ပြည်သူ ၂၉၄၈၄ ဦး၊ မေလ ၁၀ ရက် (စနေနေ့)တွင် ၂၀၀၄၀ ဦး၊ မေလ ၁၁ ရက် (ကဆုန်လပြည့်နေ့)တွင် ၁၆၆၃၅၀ ဦး၊ မေလ ၁၈ ရက် (တနင်္ဂနွေနေ့)တွင် ၄၁၇၁၄ ဦး၊ မေလ ၂၅ ရက် (တနင်္ဂနွေနေ့)တွင် ၃၃၄၁၉ ဦးဖြင့် ဘုရားဖူးဝင်ရောက်မှု အများဆုံးဖြစ်ခဲ့သည်။

ရွှေတိဂုံစေတီတော် ဘဏ္ဍာထိန်း ဂေါပကအဖွဲ့သည် ရပ်နီးရပ်ဝေးမှဘုရားဖူးများ အဆင်ပြေစေရန်နှင့် စိတ်အေးချမ်းသာစွာဖူးမြော်နိုင်ရန် ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှစ၍ နံနက် ၅ နာရီမှ ည ၉ နာရီအထိ ဖွင့်လှစ်ပေးလျက်ရှိရာမှ ၂၀၂၄ ခုနှစ် ဇွန်လ ၂၁ ရက်မှစ၍ ဘုရားဖူးမြော်ချိန်ကို နံနက် ၄ နာရီမှ ည ၁၀ နာရီအထိ တိုးမြှင့်ဖွင့်လှစ်ပေးထားကြောင်း သိရသည်။ **ဝန်းရံ**

# တနင်္သာရီတိုင်းဒေသကြီးအတွင်း မိုးစပါး ၂၂၇၁၇ ဧကစိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိ

မြိတ် ဇွန် ၁၂

တနင်္သာရီတိုင်းဒေသကြီးအတွင်း ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် မိုးစပါး ၂၂၇၁၇ ဧကစိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိပြီး တစ်ဧကစပါးအထွက်နှုန်းတိုးတက်ရေးအတွက် မျိုးကောင်းမျိုးသန့်စပါးမျိုးများကိုလည်း တောင်သူများအား ဖြန့်ဖြူးပေးလျက်ရှိကြောင်း တနင်္သာရီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပြီးခဲ့သည့်နှစ် မိုးစပါးစိုက်ပျိုးရာသီက စပါး ၂၂၃၉၆ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး တစ်ဧကအထွက်နှုန်းမှာ ၇၃ ဒသမ ၂ တင်း စုစုပေါင်း ၁၆၂၇၉၅၆၆ တင်းထွက်ရှိခဲ့ကြောင်းနှင့် ဆန်ဖူလုံမှုအနေဖြင့် ၇၄ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသကြီး၌ ဒေသဝမ်းစာဖူလုံရေးနှင့် တောင်သူများ၏ တစ်ဧကအထွက်နှုန်းတိုးတက်မြင့်မားရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနမှ စပါးမျိုးကောင်းမျိုးသန့်မျိုးစေ့များကိုဖြန့်ဖြူးခြင်း၊ တောင်သူအချင်းချင်း မျိုးဖလှယ်သည့်စနစ်ဖြင့်ပွားများစိုက်ပျိုးခြင်း၊ ဌာနမျိုးစေ့ခြံများမှ မျိုးစေ့ထုတ်စိုက်ပျိုးခြင်း၊ အကျိုးဆောင်တောင်သူနှင့် Seed Grower Association (SGA)တို့မှ မျိုးသန့်စိုက်ပျိုးခြင်းတို့ဖြင့် မျိုးစေ့ထုတ်လုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"တနင်္သာရီတိုင်းဒေသကြီးမှာ ဒေသဝမ်းစာဖူလုံရေးအတွက် သီးနှံတွေ ပန်းတိုင်အထွက်နှုန်းရရှိရေးနဲ့ တစ်ဧကအထွက်နှုန်းတိုးတက်ရေးကို ဦးတည်ဆောင်ရွက်နေပါတယ်။ အခုလို မိုးစပါးစိုက်ပျိုးရာသီမှာ ရေ၊ မြေ၊ ဒေသနဲ့ကိုက်ညီတဲ့ မျိုးကောင်းမျိုးသန့်မျိုးစေ့တွေ၊ အရည်အသွေးပြည့်မီတဲ့ သွင်းအားစုတွေ၊ ဒေသနဲ့ကိုက်ညီတဲ့ စိုက်ပျိုးနည်းစနစ်တွေနဲ့ မှန်ကန်စွာ စိုက်ပျိုးဆောင်ရွက်နိုင်မှသာ အထွက်ကောင်းတဲ့ရလဒ်တွေရရှိနိုင်မှာဖြစ်တဲ့အတွက် တိုင်းဒေသကြီးမှာရှိတဲ့ မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိစေဖို့ မျိုးစေ့နဲ့သွင်းအားစုတွေကိုလည်း အကျိုးဆောင်တောင်သူတွေကို ပံ့ပိုးပေးနေပါတယ်။ ဒေသခံတောင်သူတွေအနေနဲ့ မိမိတို့စိုက်ခင်းတွေမှာ တွေ့ကြုံနေရတဲ့ စိုက်ပျိုးနည်းစနစ်ပိုင်းဆိုင်ရာနဲ့ပတ်သက်ပြီး သိရှိလိုတာရှိရင် သက်ဆိုင်ရာခရိုင်နဲ့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးတွေဆီ အချိန်မရွေးဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါတယ်" ဟု တနင်္သာရီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

တနင်္သာရီတိုင်းဒေသကြီး၌ ဆင်းသုခ၊ မော်ဘီ-၃၊ ရောမင်း၊ ကျော်ဇေယျ၊ လုံးသွယ်မွှေး၊ ပေါ်ဆန်းမွှေး၊ တောင်ပျံနှင့် တခြားဒေသမျိုးစပါးများကိုလည်း စိုက်ပျိုးလျက်ရှိသည့်အပြင် ယခုနှစ်တွင် အောင်နိုင်တိုးစပါးမျိုးကိုလည်း စမ်းသပ်စိုက်ပျိုးမည်ဖြစ်ကြောင်း၊ ဒေသခံအကျိုးဆောင်တောင်သူများအား မိုးစပါးစိုက်ပျိုးရာသီတွင် သဘာဝမြေဩဇာများနှင့်ဓာတ်မြေဩဇာများကို အချိန်ကိုက်၊ အချိုးကျထည့်သွင်းနိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **မြင့်ဦး(မြိတ်)**

# ပန်းချီပြိုင်ပွဲ ဆေးရောင်ခြယ်ပြိုင်ပွဲနှင့် နံရံကပ်စာစောင်ပြပွဲကျင်းပ



ရန်ကုန် ဇွန် ၁၂

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အခြေခံပညာကျောင်းများ၌ တက်ရောက်ပညာသင်ယူနေသော ကျောင်းသား၊ ကျောင်းသူများ ဉာဏ်ရည်၊ ဉာဏ်သွေးထက်မြက်စေရန်နှင့် ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ပန်းချီပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ဇွန်လ ၁၁ ရက်က လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းထွန်းအောင်က မိမိတို့ဌာနမှ ယခုကဲ့သို့ ပြိုင်ပွဲများပြုလုပ်ခြင်းဖြင့် လူငယ်များ အသိပညာဗဟုသုတတိုးပွားလာစေပြီး ဉာဏ်ရည်၊ ဉာဏ်သွေးထက်မြက်ကာ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အထောက်အကူပြုစေမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများက မိမိကြိုက်နှစ်သက်သည့်အကြောင်းအရာများကိုအခြေခံ၍ နှစ်သက်ရာ ပန်းချီပြိုင်ပွဲ၊ဆေးရောင်ခြယ်ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ကြသည်။

ယင်းနောက် ပြိုင်ပွဲတွင် ဆုရရှိသူများနှင့် ပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူများအား ဦးစီးအရာရှိ ဦးသိန်းထွန်းအောင်က အမှတ်တရလက်ဆောင်များချီးမြှင့်ပေးအပ်ပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် အရွယ်မရောက်သေးသော ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး အသိပညာပေးနံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်တစားလေ့လာကြည့်ရှုကြကြောင်း သိရသည်။

**မင်းသိန်းထွန်း**



# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

ကျွန်ုပ်၏စိတ်ထဲ၌ တအံ့တသြချီးမွမ်းမိခဲ့သော မစိန်ဆင်၏ရုပ်မှာကား ထိုင်မသိမ်းအင်္ကျီ၊ ကတ္တီပါဘောင်းဘီရွှေဇာသပ်လျက်၊ ခေါင်းပေါင်းကလေးပေါင်းကာ ယောကျ်ားလေးလိုဝတ်ပြီး "သိန်းထိုက်တဲ့ စိန်ဆင်မေ သိန်းထိုက်တဲ့ စိန်ဆင်မေ၊ ဝတီသာဘုံဆိုက်အောင် အလိုဗျာ၊ တီးလိုက်ရပါတော့မယ်" ဟု သီဆိုရင်း အိုးစည်တီးသောပုံသဏ္ဌာန်ဖြစ်လေရာ ယခု မစိန်ဆင်မှာ အသက် ၅၀ ကျော်အရွယ်ဖြစ်၍ ပါးရေများ တွန့်လိမ်စပြုနေသည့်အပြင် ဖုံးကျင်းထဲမှ ထလာခဲ့သည့်လက္ခဏာနှင့် မဖြီးမလိမ်းမဆင်မပြင် မယ်ကြီးအိုဟန်ဖမ်းနေသော မစိန်ဆင်ဖြစ်နေတော့သည်။ ဤတွင် ကျွန်ုပ် စဉ်းစားမိသည်မှာကား အလွန်ကြည့်ကောင်းလှသည်ဟူ၍ ငါက တစိမ့်စိမ့်ကြည့်ခဲ့မိဖူးသောမစိန်ဆင်သည် ဤအဖြစ်မျိုးသို့ ရောက်နေသည်ဆိုလျှင် ဘယ်တုန်းကမှ ကြည့်ကောင်းလှသည် မဆိုနိုင်သည့် ငါ၏ရုပ်သည်ကား အတော်အရုပ်ဆိုးလျက်ရှိနေတော့မည်တကားဟုစဉ်းစားကာ ဇရာ၏သဘာဝနှင့်ပတ်သက်၍ တော်တော်ကြီးသံဝေဂဖြစ်မိပါသည်။ ဤတွင် ကျွန်ုပ်သည် မစိန်ဆင်နှင့် ကြာရှည်စွာ စကားမပြောချင်တော့ဘဲ ခပ်တိုတိုနှင့် ဖြတ်၍ အိမ်ပေါ်သို့တက်သွားလေရာ မစိန်ဆင်ကိုယ်တိုင် အံ့သြသည့်လက္ခဏာနှင့် ငေးကျန်ရစ်ခဲ့ပါသည်။ ထိုနေ့အဖို့၌ ကျွန်ုပ်မှာ ဖုံးတွေကကျ၊ အလောင်းတွေကိုလည်း မြင်ခဲ့ရသည့်အထဲတွင် အလွန်အထင်ကြီးခဲ့မိသော မစိန်ဆင်၏ ရုပ်ပြောင်းလဲခြင်းကို မြင်ရသည်နှင့် စိတ်တစ်မျိုးဖြစ်ပြီး မစိန်ဆင်အား ရှောင်ကွင်းနေခဲ့ရာ သူပြန်သွားခြင်းကိုပင် ဆင်း၍နှုတ်မဆက်လိုက်တော့ချေ။



ကူလီမရှိ၊ ဘာမျှမရှိသောကြောင့် ဘူတာသို့သွားရန်ပင် ခဲယဉ်းလှသည်။ အိပ်ရာလိပ်လောက်မျှမပါဘဲ ကိုယ်လွတ်ထွက်သွားကြရန်မှာလည်း စိတ်မကူးတတ်အောင်ဖြစ်နေ၏။ ဤသို့သောအခြေအနေ၌ မွန်းတည့် ၁၂ နာရီလောက်တွင် ကိုခင်မောင်တင့် ပေါက်လာ၏။ သူ၏မယားကို ဟင်္သာတသို့ ပို့လိုက်ပြီး၍ ကျွန်ုပ်တို့နှင့်အဖော်လုပ်ပြီး နေရန်လာခဲ့ခြင်းဖြစ်သည်ဟုပြော၏။ ကျွန်ုပ်တို့ကလည်း ဤအရပ်ထဲ၌ လူသူမရှိတော့သဖြင့် အညာသို့သွားလိုကြောင်း၊ သို့ရာတွင် အိပ်ရာလိပ်မျှပင် သယ်ယူဖို့ ခဲယဉ်းလျက်ရှိကြောင်း ပြောပြရလေသည်။

ဤတွင် ကိုခင်မောင်တင့်က "နေကြဦးဗျ၊ ကျုပ်ကြံဦးမယ်" ဟုဆိုကာ အပြင်သို့ထွက်သွားလေသည်။ တစ်နာရီခန့်ကြာသောအခါ ကိုခင်မောင်တင့်သည် လန်ချားတစ်စီးကို သူကိုယ်တိုင်ဆွဲလျက်ပေါ်လာ၏။ ကျွန်ုပ်တို့က အံ့သြစွာနှင့်ကြည့်နေကြစဉ် ကိုခင်မောင်တင့်သည် လန်ချားကို အိမ်နောက်ဖေးရှိ ဘူးစင်အောက်သို့ဆွဲသွား၍ ဖျာစုတ်ဖြင့် ဖုံးအုပ်ထားလိုက်လေ၏။ ထို့နောက် သူက ပြောပြ၍သိရသည်မှာ ဗုံးကြဲချရာတွင် လန်ချားကုလားများသည် မိမိတို့၏ လန်ချားများကို လမ်းပေါ်၌ပစ်ချ၍ ထွက်ပြေးကြကြောင်း (ကျွန်ုပ်တို့ လှည့်လည်ကြည့်ရှုစဉ်ကလည်း လမ်းပေါ်တွင် လန်ချားများ ဟိုတစ်စီး ဒီတစ်စီး မြင်ခဲ့ရသည်။) ဗုံးချပြီးခါစရက်များတွင် လမ်းများပေါ်၌ ပိုင်ရှင်မဲ့လန်ချားများ ပေါ်များသော်လည်း ယခုမူ ဟိုအိမ် သည်အိမ်မှ လူများက ပိုင်ရှင်မဲ့လန်ချားကို ကောက်ယူကာ မိမိတို့နေအိမ်များ၌ သိမ်းဆည်းထားကြကြောင်း၊ ကိုခင်မောင်တင့်သည် လမ်းများပေါ်၌ လန်ချားမတွေ့ရတော့သည်နှင့် အိမ်တစ်အိမ်၌ ဝှက်ထားသော လန်ချားတစ်စီးကို ခိုးယူလာခဲ့ကြောင်း၊ ဤလန်ချားဖြင့် ကျွန်ုပ်တို့၏ပစ္စည်းများကို တင်၍ နက်ဖြန်နံနက်စောစော ကွမ်းခြံဘူတာသို့သွားကြပြီး မန္တလေးရထားဖြင့် လိုက်ကြမည်ဖြစ်ကြောင်း၊ သူလည်း ကျွန်ုပ်တို့နှင့်အတူ လိုက်ခဲ့မည်ဖြစ်ကြောင်း ပြောပြလေ၏။

**အသည်းတထိတ်ထိတ်**

ကျွန်ုပ်တို့သည် ခိုးယူခဲ့သော လန်ချားဖြစ်သည်ဆိုကာ အရိုးများသော ချေးခါးသော ကြေးမထူကြဘဲ ကိုခင်မောင်တင့်၏စိတ်ကူးနှင့် ရဲဝံ့ခြင်းကို ဝမ်းမြောက်ဝမ်းသာချီးကျူးကြသည်။ ဤလန်ချားသာမရခဲ့လျှင် ကျွန်ုပ်တို့လင်မယားမှာ အဝတ်တစ်ထည်ကိုယ်တစ်ခုနှင့် ပြေးရုံမှတစ်ပါး တခြားနည်းလမ်းရှိတော့မည် မဟုတ်ဆိုကာ ကျေးဇူးတင်ကြရသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် လန်ချားတစ်စီးနိုင်လောက်ရုံမျှသော အိပ်ရာလိပ်၊ သေတ္တာနှင့် အိုးအင်ခွက်ယောက်၊ တောင်းပလုံးစသည်များကို စုရုံးထုပ်ပိုးကာ ပြင်ဆင်ထားကြလေ၏။ သို့ရာတွင် ကျွန်ုပ်၏စိတ်ထဲ၌ လန်ချားအတွက် တနွေးနွေးရှိပါတော့သည်။ နွေးမည်ဆိုလည်း နွေးထိုက်သည်။ ထိုနေ့ညနေစောင်းတွင် လူတစ်ယောက်သည် အိမ်ရှေ့လမ်းပေါ်မှ တောင်ကြည့်မြောက်ကြည့်နှင့် ခပ်ဖြည်းဖြည်းလျှောက်လာသည်ကို ကျွန်ုပ်မြင်ရကတည်းက လန်ချားရှာသောလူဖြစ်ရမည်ဟု ကျွန်ုပ် ရိပ်မိလေပြီ။

"ဟိုလူ အကဲမရဘူးဗျို့ ကိုခင်မောင်တင့်၊ လန်ချားရှာတယ်ထင်တယ်"

"ဟုတ်မှာပေါ့ဗျာ၊ အသာနေပါ"

"တွေ့သွားရင် ဘယ့်နှယ်လုပ်မလဲဗျ"

"တွေ့ရင်ရော ဘာဖြစ်သလဲဗျ၊ သူ့ပစ္စည်းမှမဟုတ်ဘဲ၊ ဘာဖြစ်ဖြစ်ဗျာ၊ ဒီလိုအခါမျိုးမှာတော့ (Might is Right) အားသာတဲ့ဘက်က အနိုင်ယူစတမ်းပါဗျာ"

"ဟိုလူ့ဗလက မခေလှဘူးဗျ"

"ကျုပ်တို့က နှစ်ယောက်ပဲဗျ၊ မနိုင်ရင်လည်း တုတ်နဲ့ ရိုက်လှဲပေါ့ဗျာ"

ကျွန်ုပ်လည်း သူ၏ဝါဒကို သဘောကျ၍ ကနစိုသားထင်းပုံကို စိတ်ထဲက မှန်းထားရ၏။ ကျွန်ုပ်တို့၏ အကြံကား လန်ချားကို သူတွေ့၍ အကျောက်အကန်တောင်းနေလျှင် ထင်းချောင်းများဖြင့် ဦးအောင်နှက်ကြရန် ဖြစ်လေသည်။ ကံအားလျော်စွာ ထိုလူသည် ကျွန်ုပ်တို့၏သန့်ပြန့်သောရပ်ရည်ကို မြင်သဖြင့် ကြမ်းပိုးများ မဟုတ်တန်ရာဟုယူဆသည့်လက္ခဏာနှင့် အိမ်နောက်ဖေးဘူးစင်ကို သေချာစွာမကြည့်ဘဲ လျှောက်သွားလေ၏။ အိမ်ဝင်းထဲသို့ဝင်ဖို့မလို၊ အိမ်နံဘေးလှမ်းကြည့်လိုက်လျှင်ပင် ဖျာစုတ်အောက်မှ လန်ချားဘီးများကို အရှင်းသားမြင်နိုင်လေသည်။ ကျွန်ုပ်တို့သည် ဖျာစုတ်များရှာ၍ ဘီးများကို လုံအောင်ဖုံးပြီး စောင့်ကြရသေး၏။ သို့သော် ထိုသူကား မပေါ်လာတော့ချေ။

**မမေ့နိုင်သော ခြေကျင်ခရီး**

ကွမ်းခြံဘူတာမှ ရထားသည် နံနက် ၄ နာရီတွင် ထွက်သည်ဆိုရာ ကျွန်ုပ်တို့သည် တစ်ညလုံး အိပ်တော့သည်မရှိဘဲ လန်ချားစောင့်ရင်းနှင့်ပင် သန်းခေါင်တိုင်သွား၍ ပစ္စည်းပစ္စယများကို လန်ချားပေါ်သို့ တင်ကြလေ၏။ ဤဟာကလေးတော့ ယူမှဖြစ်မည်၊ ထိုဟာကလေးတော့ပါမှဖြစ်မည် စသည်ဖြင့် တိုလီမိုလီလေးများကို လန်ချားပေါ်သို့တင်လိုက်ရာ မဆံ့ဘဲဖြစ်နေ၏။

နောက်ဆုံး၌ မစိုးက ပစ္စည်း တစ်ရွက်စာ ရွက်၍ ကျွန်ုပ်က လန်ချားဆွဲ၊ ကိုခင်မောင်တင့်က နောက်မှ တွန်းလျက် သီတာလမ်းမှ ထွက်လာကြသောအခါ ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက် နံနက် ၁ နာရီ အချိန် ဖြစ်လေသည်။ တစ်မြို့လုံးမှာ မီးလည်းမထွန်း၊ လလည်းမရှိသောကြောင့် မှောင်မည်းလျက်ရှိရာ တစ်လမ်းလုံးတွင် ကားတစ်စီးတလေမှတစ်ပါး မည်သည့်ယာဉ်မျှမတွေ့၊ လူလည်းမတွေ့၊ အလွန်တိတ်ဆိတ်လျက်ရှိ၏။ မတိတ်ဆိတ်ဘဲရှိမည်လော။ လမ်းဘေးရှိအိမ်များတွင် လူရှိသောအိမ် အလွန်နည်း၍ ရှိသမျှသောလူများလည်း ကြောက်ကြောက်နှင့် ကုပ်၍နေကြပေလိမ့်မည်။

**ဆက်လက်ဖော်ပြပါမည်။**

**စောရန်ကွတ်၏ အသုံးဝင်ပုံ**

ဒီဇင်ဘာလ ၂၅ ရက်တွင် ဂျပန်က ဗုံးကြဲချပြီးသည့်နောက် လူများသည် ပြောင်းရွှေ့ကုန်ကြတော့ရာ သီတာလမ်းတစ်လမ်းလုံး၌ လေးငါးအိမ်မျှသာ လူရှိတော့သည်။ ကျန်ရစ်သော လူများမှာလည်း လုပ်စားကိုင်စားအတန်းအစားဖြစ်ကြ၍ တတ်နိုင်သူဟူသမျှ ထွက်ပြေးကုန်ကြလေပြီ။ ကျွန်ုပ်မှာ တတ်နိုင်သမျှ တောင့်ခံသည့်အထဲကဖြစ်သော်လည်း မစိုးမှာ မျက်နှာကလေးငယ်ငယ် ဖြစ်နေရှာလေပြီ။ အိမ်ချင်းကပ်လျက်ရှိသော ကိုသိန်းဖေအစ်ကို ကျွန်ုပ်တို့၏ အိမ်ရှင်ဦးစံမင်းသည်လည်း သားမယားများကို အဝေးသို့ပို့၍ (ဘယ်သို့မဆိုနိုင်) သူတစ်ယောက်တည်း အိမ်စောင့်လျက်ကျန်ရစ်လေပြီ။ ရန်ကုန်မှ မန္တလေးသို့ ရထားတစ်စင်း နံနက်စောစောထွက်သည်ဟု သိရသော်လည်း သေတ္တာနှင့် အိပ်ရာလိပ်လောက်ကိုမျှ သယ်ယူရန် ကားမရှိ၊ ရထားမရှိ၊ လန်ချားမရှိ၊

---

# ရွှေတောင်မြို့နယ်၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကျင်းပ

ရွှေတောင် ဇွန် ၁၂

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ် ဆည်ကြီးကုန်းကျေးရွာအုပ်စု ကြက်ဖြူတောင်အခြေခံပညာမူလတန်းကျောင်း၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနနှင့် တိုင်းရင်းဆေးကုဌာနတို့ ပူးပေါင်း၍ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ဇွန်လ ၁၁ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ကြက်ဖြူတောင်အခြေခံပညာမူလတန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးညွန့်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်ငြိမ်းငြိမ်းသန့်က ကျောင်းသား၊ ကျောင်းသူများအား လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်၊ စာဖတ်ခြင်း၏ အကျိုးကျေးဇူးများ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးအကြောင်းအရာများကို အကျယ်တဝင့်ရှင်းလင်းဟောပြောသည်။

ဆက်လက်၍ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဇင်မာချောစုကြည်က စားသုံးသူ၏အခွင့်အရေး ကုန်အညွှန်းအမှတ်အသားရှစ်ချက်၊ မြို့နယ်တိုင်းရင်းဆေးကုဌာန တိုင်းရင်းဆေးမှူး ဒေါ်နီလာမြင့်က မိုးရာသီတွင်ဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေးရောဂါအကြောင်း၊ တိုင်းရင်းဆေးပညာ အကြောင်းတို့ကို ဆွေးနွေးဟောပြောသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးအကူ ဒေါ်ရွှေဝတ်ရည်တိုးက တို့နဲ့မဆိုင်ဘူးခေါင်းစဉ်ဖြင့် ပုံပြင်ပြောခြင်းကို ဆောင်ရွက်သည်။

ယင်းနောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာအုပ်စာစောင်များပြသခြင်း၊ ကျောင်းသား၊ ကျောင်းသူများကို လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်နံရံကပ်စာစောင်၊ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးနံရံကပ်စာစောင်၊ ကလေးအလုပ်သမားပပျောက်ရေးနံရံကပ်စာစောင်များပြသရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာကြည့်ရှုလေ့လာကြပြီး စာအုပ်စာပေများကိုဖတ်ရှုကြကြောင်း သိရသည်။

**ကိုကိုမင်း(ပြန်/ဆက်)**

➤ **ရှေ့ဖုံးမှအဆက်**

မြန်မာအစိုးရနှင့် ပြည်သူများကိုယ်စား မိမိအနေဖြင့် အဆွေတော်နှင့် အိန္ဒိယပြည်သူများထံသို့ ဝမ်းနည်းကြောင်းနှင့် စာနာထောက်ထားပါကြောင်း၊ ယခုကဲ့သို့ ဆိုးရွားသည့် မတော်တဆဖြစ်စဉ်ကြောင့် အသက်ဆုံးရှုံးခဲ့ရသူများ၊ ၎င်းတို့၏မိသားစုဝင်များနှင့် ထိခိုက်ခံစားရသူအားလုံးအတွက် မိမိတို့က သတိရအောက်မေ့၍ ဆုမွန်ကောင်းများပို့သလျက်ရှိပါကြောင်း၊ ယခုကဲ့သို့ ဝမ်းနည်းပူဆွေးရသည့်အချိန်တွင် မြန်မာနိုင်ငံက အိန္ဒိယသမ္မတနိုင်ငံနှင့်အတူ စည်းလုံးညီညွတ်စွာ ရပ်တည်လျက်ရှိပါကြောင်းနှင့် အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်းဖြင့် ဖော်ပြပါရှိသည်။

➩ **ရှေ့ဖုံးမှအဆက်**

အချိန်ကာလတွင် မြန်မာအစိုးရနှင့် ပြည်သူများကိုယ်စား မိမိအနေဖြင့် အဆွေတော်နှင့် အိန္ဒိယပြည်သူများထံသို့ ဝမ်းနည်းကြောင်းနှင့် စာနာထောက်ထားကြောင်းကို ဖော်ပြအပ်ပါကြောင်း၊ ယခုကဲ့သို့ ဆိုးရွားသည့် မတော်တဆဖြစ်စဉ်ကြောင့် အသက်ဆုံးရှုံးခဲ့ရသူများ၊ ၎င်းတို့၏မိသားစုဝင်များနှင့် ထိခိုက်ခံစားရသူအားလုံးအတွက် မိမိတို့အနေဖြင့် သတိရအောက်မေ့၍ ဆုမွန်ကောင်းများ ပို့သလျက်ရှိပါကြောင်း၊ ယခုကဲ့သို့ ဝမ်းနည်းပူဆွေးရသည့်အချိန်တွင် မြန်မာနိုင်ငံက အိန္ဒိယသမ္မတနိုင်ငံနှင့်အတူ စည်းလုံးညီညွတ်စွာရပ်တည်လျက်ရှိပါကြောင်းနှင့် အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်းဖြင့် ဖော်ပြပါရှိသည်။

## အထူးမိုးလေဝသသတင်း


## ဇွန်လ ၁၈ ရက်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင်နေရာကွက်၍မိုးကြီးမည်


နေပြည်တော် ဇွန် ၁၂


ယနေ့ညနေ ၄ နာရီခွဲအချိန်တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း ယနေ့ညနေမှ ဇွန်လ ၁၈ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင်ရံဖန်ရံခါမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့်မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)




## ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အမျိုးသား၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

တောင်ကြီး ဇွန် ၁၂

၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အမျိုးသား၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ ပြည်နယ်အားကစားလေ့ကျင့်ရုံ၌ ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ဌာနဆိုင်ရာများ၊ တောင်ကြီးပညာရေးဒီဂရီကောလိပ်မှသင်တန်းသား၊ သင်တန်းသူများ၊ သူနာပြုသင်တန်းကျောင်းမှ သင်တန်းသူများ၊ အားကစားနှင့်ကာယပညာသိပ္ပံ (တောင်ကြီး)မှ ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံပြည်သူများနှင့် အားကစားဝါသနာရှင်များ ကြည့်ရှုအားပေးကြသည်။

အမျိုးသမီးဗိုလ်လုပွဲအဖြစ် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မန္တလေးတိုင်းဒေသကြီးအသင်းက သုံးပွဲနှစ်ပွဲဖြင့်လည်းကောင်း၊ အမျိုးသားဗိုလ်လုပွဲအဖြစ် ရှမ်းပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ယှဉ်ပြိုင်ကစားကြရာ ရှမ်းပြည်နယ်အသင်းက သုံးပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် ပူးတွဲတတိယဆုရရှိသော ကချင်ပြည်နယ်အသင်းနှင့် ရှမ်းပြည်နယ်အသင်း၊ အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ပူးတွဲတတိယဆုရရှိသော စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်း၊ အမျိုးသမီးဘော်လီဘော ဒုတိယဆုရ ရန်ကုန်တိုင်းဒေသကြီးအသင်း၊ အမျိုးသားဘော်လီဘော ဒုတိယဆုရ မန္တလေးတိုင်းဒေသကြီးအသင်းတို့ကို တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုကိုလည်းကောင်း၊ အမျိုးသမီးဘော်လီဘော ပထမဆုရ မန္တလေးတိုင်းဒေသကြီးအသင်းနှင့် အမျိုးသားဘော်လီဘောပထမဆုရ ရှမ်းပြည်နယ်အသင်းကို တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆု၊ ပထမဆုဖလားတို့ကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိသော ရှမ်းပြည်နယ်အမျိုးသားအသင်းအတွက် ငွေကျပ်သိန်း ၅၀ နှင့် ပူးတွဲတတိယဆုရ အမျိုးသမီးအသင်းအတွက် ငွေကျပ်သိန်း ၃၀ တို့ကိုပေးအပ်ရာ အသင်းအုပ်ချုပ်သူနည်းပြများက လက်ခံရယူကြကြောင်းသိရသည်။

မောင်မောင်သန်း(တောင်ကြီး)



## လှည်းကူးမြို့နယ်၌ မိုးစပါး ၈၁၅၆၉ ဧက လျာထားစိုက်ပျိုးလျက်ရှိ

ရန်ကုန် ဇွန် ၁၂

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးခရိုင် လှည်းကူးမြို့နယ်၌ ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် စပါး ၈၁၅၆၉ ဧက လျာထားစိုက်ပျိုးလျက်ရှိပြီး လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ရန် တာဝန်ရှိသူများက တောင်သူအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

“လှည်းကူးမြို့နယ်မှာ မိုးစပါးလျာထားစိုက်ဧက ၈၁၅၆၉ ဧကကို ဇွန်လ ဒုတိယပတ်မှာ စတင်စိုက်ပျိုးနေပါတယ်။ လျာထားစိုက်ဧကပြည့်မီအောင် စိုက်ပျိုးနိုင်စေဖို့အတွက်လည်း တောင်သူအသိပညာပေးလုပ်ငန်းတွေကို ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်”ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစန်းအောင်ကပြောသည်။

လှည်းကူးမြို့နယ်၌ ယခုနှစ် မိုးစပါးလျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေးတို့အတွက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်ဆောင်ရွက်မှုဖြင့် တောင်သူများလိုက်နာရမည့် နည်းစနစ်များကို စိုက်ပျိုးရေးဦးစီးဌာနမှတာဝန်ရှိသူများက ကွင်းဆင်းအသိပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ စားရေရိက္ခာဖူလုံပေါများရေးနှင့် ပတ်သက်၍ အဓိကစားကုန်ဖြစ်သည့် ဆန်သည် ပြည်တွင်း၌ ဖူလုံမှုရှိသည့်အပြင် ပြည်ပသို့လည်းနှစ်စဉ်တင်ပို့လျက်ရှိကြောင်း၊ မိုးစပါးကို ပန်းတိုင်ရည်မှန်းချက်အတိုင်း ပြည့်မီအောင်ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်တွင်းဆန်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရုံသာမက ပြည်ပသို့လည်း ပိုမိုတင်ပို့နိုင်မည်ဖြစ်ကြောင်း သိရသည်။

အေးအေးနွဲ့(လှည်းကူး)

# ပြန်လည်ကျင်းပမည့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအတွက် စာစစ်ဌာနများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု ကြည့်ရှုစစ်ဆေး



မန္တလေး ဇွန် ၁၂

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၁၆)၊ အမှတ်(၁၂)နှင့် အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်းများ၊ မဟာအောင်မြေမြို့နယ်ရှိအမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ အမှတ်(၁၃)အခြေခံပညာအထက်တန်းကျောင်း၊ အောင်မြေသာစံမြို့နယ်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းများ၌ ပြန်လည်ကျင်းပစစ်ဆေးသည့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ချမ်းအေးသာစံမြို့နယ် မန္တလေးပြည်သူ့ဆေးရုံကြီး မန်းတောင်ရိပ်ကိုးထပ်ဆောင် ဘက်စုံသုံးခန်းမ၌ကျင်းပသည့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နှစ်(၃၀)ပြည့်နှစ်အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်းပွဲသို့ တက်ရောက်သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် သွေးလှူရှင် ၇၁ ဦးကို သွေးလှူဘဏ်တာဝန်ခံ ရောဂါဗေဒဆရာဝန်ကြီး၊ အထူးကုဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများက လိုအပ်သော ကျန်းမာရေးစစ်ဆေးပေးခြင်းများဆောင်ရွက်၍ သွေးဖောက်လက်ခံနေမှုနှင့် သွေးလှူရှင်များက သွေးလှူဒါန်းနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးပြီး သွေးလှူရှင်များကို အားဆေး၊ အာဟာရဖြည့်စွက်စာများပေးအပ်ခဲ့ကြောင်း သိရသည်။

မြဝတီ

# ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ဦးဆောင်မှုဖြင့် အမှိုက်ခွဲခြားစွန့်ပစ်ခြင်းဆိုင်ရာ အသိပညာပေးခြင်းနှင့် သရုပ်ပြပွဲအခမ်းအနားကျင်းပ



ပဲခူး ဇွန် ၁၂

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် အမှိုက်ခွဲခြားစွန့်ပစ်ခြင်းဆိုင်ရာ အသိပညာပေးခြင်းနှင့် သရုပ်ပြပွဲအခမ်းအနားအား ပဲခူးမြို့၌ ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။


ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ပဲခူးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှေ့၌ကျင်းပသည့် အမှိုက်ခွဲခြားစွန့်ပစ်ခြင်းဆိုင်ရာ အသိပညာပေးခြင်းနှင့် သရုပ်ပြပွဲအခမ်းအနားအား သွားရောက်၍ ကျောင်းသား၊ ကျောင်းသူများ အမှိုက်ခြောက်၊ အမှိုက်စို၊ အန္တရာယ်ရှိသောအမှိုက်နှင့် ပလတ်စတစ်အမှိုက် ခွဲခြားစွန့်ပစ်သရုပ်ပြသနေမှုအား ကြည့်ရှုအားပေးခဲ့ပြီး စနစ်တကျ အမှိုက်ခွဲခြားစွန့်ပစ်သည့် ကျောင်းသား၊ ကျောင်းသူများအား စာရေးကိရိယာများ ချီးမြှင့်ပေးအပ်ခဲ့သည်။

ထို့နောက် အမှိုက်ခွဲခြားစွန့်ပစ်ခြင်းဆိုင်ရာ အသိပညာပေးခြင်းနှင့် သရုပ်ပြပွဲအခမ်းအနားအား ပဲခူးမြို့ မြို့မဈေးကြီးအတွင်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတို့၌ ဆက်လက်ကျင်းပခဲ့ကြသည်။

အဆိုပါအမှိုက်ခွဲခြားစွန့်ပစ်ခြင်းဆိုင်ရာ အသိပညာပေးခြင်းနှင့် သရုပ်ပြပွဲအားကျင်းပပေးခြင်းအားဖြင့် သဘာဝပတ်ဝန်းကျင်တွင် ပလတ်စတစ်ညစ်ညမ်းမှုလျှော့ချပေးနိုင်ခြင်း၊ အမှိုက်ပမာဏကို လျှော့ချနိုင်ခြင်းနှင့် ပြန်လည်တီထွင်အသုံးပြုနိုင်ရန်အတွက် အခွင့်အလမ်းအများအပြားရရှိနိုင်ခြင်းတို့အပြင် လူသားတို့နေထိုင်ရာ ကမ္ဘာ့မြေထု၊ လေထု၊ ရေထုအတွင်း မှီတင်းနေထိုင်သည့် သက်ရှိသတ္တဝါများအတွက် အစာကွင်းဆက်ကောင်းမွန်စေခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၁၉ ရက်တွင် ဖွင့်လှစ်ပေးခဲ့သည့် မြို့နယ်အလိုက် ဒေသထွက်(MSME)ထုတ်ကုန်များ တစ်နေရာတည်းဝယ်ယူနိုင်ရေး ဒေသထွက်ကုန်အရောင်းစင်တာသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ဒေသထွက်ကုန်အမယ်သစ်များ ထပ်တိုးရောင်းချသွားရန်၊ ဒေသထွက်ကုန်အမယ်စုံ ထပ်မံဖြည့်တင်းရောင်းချရန်၊ ဒေသထွက်ကုန်ပစ္စည်းများအား အများပြည်သူစိတ်ဝင်စားဝယ်ယူနိုင်ရေး ဆိုင်အပြင်တွင် ဗီနိုင်းများချိတ်ဆွဲပြသထားရန်နှင့် ပြည်မြို့နှင့်တောင်ငူမြို့တို့တွင် ထပ်မံဖွင့်လှစ်ပေးထားသည့် ဒေသထွက်ကုန်အရောင်းစင်တာများတွင်လည်း ကုန်ပစ္စည်းများ၏ အရည်အသွေးနှင့် ထုပ်ပိုးမှုစနစ်များ နိုင်ငံတကာအဆင့်မီနိုင်ရေး ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

(၄၀၁)၊ တင်စိုး(ပဲခူး)




မှတ်သားဖွယ်ရာမိုးရေချိန်များ

| | |
|---|---|
| ငပုတော | (၄.၃၃)လက်မ |
| ခနောင်ဖြူ | (၄.၂၄)လက်မ |
| ရွာငံ | (၄.၂၁)လက်မ |
| လှည်းကူး | (၃.၉၈)လက်မ |
| တောင်ကြီး | (၃.၉၄)လက်မ |
| ငါန်းဇွန် | (၃.၆၄)လက်မ |
| ဟဲဟိုး | (၃.၃၁)လက်မ |
| ပန်းတနော် | (၃.၂၅)လက်မ |
| ကျိုက္ကမီ | (၃.၁၁)လက်မ |
| ကျောင်းကုန်း | (၂.၉၁)လက်မ |

ထူးခြားသည့်နေ့အပူချိန်များ

| | |
|---|---|
| ခန္တီး | ၃၉ °C |
| ညောင်လေးပင် | ၃၈ °C |
| ဟုမ္မလင်း | ၃၈ °C |
| မိုးညှင်း | ၃၈ °C |
| မြစ်ကြီးနား | ၃၇.၆ °C |
| မချမ်းဘော | ၃၇ °C |
| ပူတာအို | ၃၆.၈ °C |
| မိုးကောင်း | ၃၆.၆ °C |
| ကသာ | ၃၆.၅ °C |
| မင်းဘူး | ၃၅ °C |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၂၃ | ၃၆ |
| ရှမ်း(မြောက်) | ၂၂ | ၂၇ |
| ရှမ်း(အရှေ့) | ၂၃ | ၂၉ |
| ရှမ်း(တောင်) | ၂၀ | ၂၆ |
| ချင်း | ၁၃ | ၂၂ |
| စစ်ကိုင်း(အထက်) | ၂၄ | ၃၅ |
| စစ်ကိုင်း(အောက်) | ၂၆ | ၃၁ |
| နေပြည်တော် | ၂၅ | ၃၂ |
| မန္တလေး | ၂၆ | ၃၃ |
| မကွေး | ၂၅ | ၃၃ |
| ရခိုင် | ၂၂ | ၃၁ |
| ပဲခူး | ၂၃ | ၃၂ |
| ရန်ကုန် | ၂၅ | ၃၃ |
| ဧရာဝတီ | ၂၃ | ၃၃ |
| ကယား | ၂၀ | ၂၉ |
| ကရင် | ၂၃ | ၃၂ |
| မွန် | ၂၃ | ၃၁ |
| တနင်္သာရီ | ၂၃ | ၃၁ |

| | |
|---|---|
| | တိမ်ထူထပ် |
| | နေရာအနှံ့အပြား မိုးထစ်ချုန်းရွာ |
| | နေရာကွက်ကျား/နေရာကျဲကျဲမိုးရွာ |
| | နေရာစိပ်စိပ်/မိုးကြီး |
| | တိမ်အသင့်အတင့်ဖြစ်ထွန်း |
| | သာယာ |

# သဲကုန်းမြို့နယ်တွင် မိုးစပါးဧက ၈၂၆၁၀ လျာထားစိုက်ပျိုးမည်

သဲကုန်း ဇွန် ၁၂

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ်တွင် လယ်ယာစိုက်ပျိုးရေးကိုအဓိကဆောင်ရွက်လျက်ရှိရာ ယခုနှစ်မိုးစပါးစိုက်ပျိုးရာသီတွင် စပါးမျိုးကောင်း၊ မျိုးသန့်တိုးပွားစေရန်နှင့်ဆန်စပါးဖူလုံစေရန် ရည်ရွယ်၍ မိုးစပါး ဧက ၈၂၆၁၀ စိုက်ပျိုးသွားရန်လျာထားကြောင်းသိရသည်။

သဲကုန်းမြို့နယ်တွင်ယခုနှစ်မိုးစပါးသီးနှံစိုက်ပျိုးမှုကို ကျေးရွာအုပ်စုပေါင်း (၆၃) အုပ်စုရှိ ဧက ၈၂၆၁၀ တွင် အင်းမရဲဘော်၊ မော်သီ(၂)၊ ရတနာတိုး၊ ရက်(၉၀)၊ ဗီယက်နမ်ထိုင်းနှံကောက်၊ YSR–1 စသည့် စပါးမျိုးများကို ကြဲခင်းများစိုက်ပျိုးခြင်း၊ ပျိုးထောင်စိုက်ပျိုးခြင်း၊ မျိုးစေ့ချကိရိယာ (Drum Seeder)ဖြင့်စိုက်ပျိုးခြင်း၊ ကောက်စိုက်စက်/လက်ဆွဲကောက်စိုက်စက်ဖြင့် စိုက်ပျိုးလျက်ရှိပြီး ၂၂၇၅၆ ဧက စိုက်ပျိုးပြီးစီးကြောင်းသိရသည်။

သဲကုန်းမြို့နယ် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းကြီးကြပ်မှုကော်မတီမှ မိုးစပါးပန်းတိုင်အထွက်နှုန်း ရရှိနိုင်ရေးအတွက် စိုက်ပျိုးနည်းစနစ်သင်တန်းများ ဖွင့်လှစ်ခြင်း၊ ကွင်းသရုပ်ပြသခြင်း၊ သွင်းအားစုများထောက်ပံ့ပေးခြင်း၊ သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာရောစပ်ကြဲပက်ခြင်းများ၊ စပါးအထွက်နှုန်း တိုးတက်မြင့်မားစေရန် တောင်သူများအား နည်းပညာပေးခြင်း၊ လယ်ယာကဏ္ဍသီးနှံစိုက်ပျိုးထုတ်လုပ်မှု မြင့်မားတိုးတက်ရေး၊ အရည်အသွေးကောင်းမွန်စေရေး၊ မိုးစပါးစိုက်ပျိုးထုတ်လုပ်ရာတွင် စီးပွားရေးအရ တွက်ခြေကိုက်သည့် အထွက်နှုန်းမြင့်မားပြီး အရည်အသွေးကောင်းမွန်သော မျိုးကောင်းမျိုးသန့်စပါးမျိုးများအား တောင်သူများပိုမိုကျယ်ပြန့်စွာ စိုက်ပျိုးသွားနိုင်ရန် ရည်ရွယ်၍ ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



မြို့နယ်(ပြန်/ဆက်)

# တောင်သူများ ဝင်ငွေတိုးမည်အမှန် အစေ့ထုတ်ပြောင်းသီးနှံ

အစေ့ထုတ်ပြောင်းသီးနှံသည် ကမ္ဘာ့နိုင်ငံအများအပြားတွင် ဂျုံနှင့်စပါးသီးနှံပြီးလျှင် စားသုံးမှုနှင့်ရောင်းဝယ်ဖောက်ကားမှု တတိယမြောက်အများဆုံးသီးနှံဖြစ်သည်။ လူနှင့်တိရစ္ဆာန်တို့အတွက် အစားအစာဖြစ်ရုံသာမက စက်မှုကုန်ကြမ်းနှင့် အစားထိုးကုန်ပစ္စည်းများအဖြစ်လည်း အသုံးပြုနိုင်သည်။ အစေ့ထုတ်ပြောင်းကို ပြည်ပပို့ကုန်အနေဖြင့် နှစ်စဉ်ထွက်ရှိမှု၏ ၄၅ ရာခိုင်နှုန်းခန့်ကို အိမ်နီးချင်းနိုင်ငံများဖြစ်သော တရုတ်နိုင်ငံနှင့်ထိုင်းနိုင်ငံတို့သို့ ကုန်းလမ်းနယ်စပ်ကုန်သွယ်ရေးဂိတ်များမှတစ်ဆင့် တင်ပို့ရောင်းချလျက်ရှိသည်။ ဗီယက်နမ်၊ စင်ကာပူနှင့် ဟောင်ကောင်တို့သို့ ပင်လယ်ရေကြောင်းမှတစ်ဆင့်တင်ပို့လျက်ရှိသည်။ အလားတူ အိန္ဒိယနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့မှလည်း မြန်မာနိုင်ငံမှ အစေ့ထုတ်ပြောင်းကို ဝယ်ယူတင်သွင်းလျက်ရှိနေသည်။ ထို့ကြောင့်အစေ့ထုတ်ပြောင်းသီးနှံသည် တောင်သူများအတွက် ဝင်ငွေတိုးစေမည်မှာ မလွဲမသွေမှန်ကန်နိုင်သော သီးနှံတစ်မျိုးဖြစ်သည်။



မြန်မာနိုင်ငံတွင် အစေ့ထုတ်ပြောင်းကို နှစ်စဉ်စိုက်ဧရိယာတိုးတက်စိုက်ပျိုးလျက်ရှိသည်။ မိုးအစေ့ထုတ်ပြောင်းနှင့် ဆောင်းအစေ့ထုတ်ပြောင်းဟူ၍ မိုးနှင့်ဆောင်းရာသီ နှစ်ရာသီစလုံးတွင် စိုက်ပျိုးလျက်ရှိသော်လည်း စုစုပေါင်းစိုက်ဧက၏ ၈၆ ဒသမ ၁၇ ရာခိုင်နှုန်းခန့်ကို မိုးရာသီတွင် အဓိကစိုက်ပျိုးပြီး ဆောင်းရာသီတွင် စုစုပေါင်းစိုက်ဧက၏ ၁၃ ဒသမ ၈၃ ရာခိုင်နှုန်းခန့်ကို ဒုတိယသီးနှံအဖြစ် သီးထပ်အနေနှင့် စိုက်ပျိုးသည်။ အစေ့ထုတ်ပြောင်းကို တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့မှအပ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် စိုက်ပျိုးကြသည်။ ရှမ်းပြည်နယ်သည် အများဆုံးစိုက်ပျိုးသောဒေသဖြစ်ပြီး မြန်မာတစ်နိုင်ငံလုံးမှာ အစေ့ထုတ်ပြောင်းစိုက်ဧက၏ ၆၄ ဒသမ ၅၀ ရာခိုင်နှုန်းကို စိုက်ပျိုးလျက်ရှိနေသည်။

အစေ့ထုတ်ပြောင်းသည် တောင်သူများအတွက် ဝင်ငွေတိုးတက်ရရှိနိုင်သော သီးနှံဖြစ်သော်လည်း စိုက်ပျိုးရာမှာ တစ်ဧကပန်းတိုင်အထွက်နှုန်းရရှိစေရေးအတွက် အထောက်အကူပြုပေးနိုင်သည့် စိုက်ပျိုးနည်းစနစ်များအတိုင်း စိုက်ပျိုးရန်လိုအပ်သည်။ အစေ့ထုတ်ပြောင်းစိုက်တောင်သူဦးကြီးများ လိုက်နာဆောင်ရွက်နိုင်စေရန် တစ်ဧကပန်းတိုင်အထွက်နှုန်းရရှိရေး စိုက်ပျိုးနည်းစနစ်များကိုပြောပြပေးချင်သည်။

**၂၀၂၃ -၂၀၂၄ ခုနှစ်အတွင်း အစေ့ထုတ်ပြောင်း စိုက်ပျိုးထုတ်လုပ်မှုအခြေအနေ**

| စဉ် | အကြောင်းအရာ | စိုက်ဧက | ရိတ်ဧက | အထွက်နှုန်း | အထွက်တင်း |
|---|---|---|---|---|---|
| ၁။ | မိုးအစေ့ထုတ်ပြောင်း | ၁၃၈၃၂၅၆ | ၁၃၈၁၅၁၉ | ၆၃.၂၉ | ၈၇၄၃၈၈၅၃ |
| ၂။ | ဆောင်းအစေ့ထုတ်ပြောင်း | ၂၂၁၉၇၈ | ၂၂၁၉၄၅ | ၇၄.၈၆ | ၁၆၆၁၄၈၃၀ |
| | **စုစုပေါင်း** | **၁၆၀၅၂၃၄** | **၁၆၀၃၄၆၄** | **၆၄.၈၉** | **၁၀၄၀၅၃၆၈၃** |

**မျိုး**

- ⇨ အများဆုံးစိုက်ပျိုးသည့်မျိုးမှာ ပြည်ပမှမှာယူရသော မျိုးများဖြစ်သည်။ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှလည်း ပြည်တွင်းမျိုးများ ထုတ်လုပ်ဖြန့်ဖြူးနေသည်။
- ⇨ CP မျိုးများဖြစ်သည့် CP-808၊ CP-222၊ CP-809 မျိုးများကို အများဆုံးစိုက်ပျိုးသည်။
- ⇨ NK-621၊ NK-625၊ JD-8၊ TF-222၊ GT-722၊ TP စသည့် မျိုးများလည်း စိုက်ပျိုးသည်။
- ⇨ အထွက်ကောင်းမျိုး ရေဆင်း-၁၀ မျိုးကိုလည်း အသုံးပြုနိုင်သည်။

**မြေအမျိုးအစား**

- ⇨ မြေဩဇာထက်သန်သော နုန်းမြေ၊ နုန်းမြေစေး၊ သဲနုန်းမြေ၊ လေဝင်လေထွက်မျှတ၍ ရေဝပ်ခြင်းမရှိသည့် မြေဆီလွှာနက်သော မြေမျိုးတွင် အထူးသင့်လျော်သည်။ မြေအချဉ်ငန်ဓာတ် (၅ ဒသမ ၃ မှ ၇ ဒသမ ၃) အတွင်း စိုက်ပျိုးနိုင်ပြီး မြေအချဉ်ငန်ဓာတ် (၆ မှ ၇)သည် အကောင်းဆုံးဖြစ်သည်။

**စိုက်ပျိုးချိန်**

- ⇨ မိုးရာသီတွင် မေလဆန်းမှ ဇွန်လကုန်၊ ဆောင်းရာသီတွင် စက်တင်ဘာလမှ အောက်တိုဘာလအတွင်း စိုက်ပျိုးသင့်သည်။
- ⇨ မြစ်ဝကျွန်းပေါ်ဒေသနှင့် ကိုင်း/ကျွန်း စိုက်ဧရိယာများတွင် နိုဝင်ဘာလကုန် ဒီဇင်ဘာလဆန်းပိုင်းအထိ စိုက်ပျိုးကြသည်။

**စိုက်နည်းစနစ်**

- ⇨ မိုး၊ ဆောင်းရာသီများတွင် အပင်ရေ ၂၀၀၀၀ မှ ၂၅၀၀၀ ရရှိရန် တန်းကြား x ပင်ကြား (၃၀ လက်မ x ၉ လက်မ ) ခြား၍ မျိုးစေ့နှုန်း တစ်ဧကမှာ ၅ ကီလိုဂရမ်နှုန်းသုံးစွဲစိုက်ပျိုးရမည်။
- ⇨ မြေပြင်စဉ်တွင် ကျွဲ၊ နွား တိရစ္ဆာန်အညစ်အကြေးများကို တစ်ဧကလျှင် ၁၂၅ တင်း ထည့်ပေးသင့်သည်။ တိရစ္ဆာန်အညစ်အကြေးများကို ၃ လမှ ၄ လအထိ ကောင်းစွာဆွေးမြည့်အောင်ထားပြီးမှ သဘာဝမြေဩဇာအဖြစ် အသုံးပြုသင့်သည်။
- ⇨ မြေပြင်စဉ်တွင် အထွက်နှုန်းပိုမိုရရှိရန် ယူရီးယား ၅၆ ပေါင်၊ တီစူပါ ၁၁၂ ပေါင်၊ ပိုတက် ၅၆ ပေါင်နှုန်းတို့ကို ထည့်ရန်လိုအပ်သည်။
- ⇨ စိုက်ပျိုးချိန်နှင့် နို့ရည်တည်ချိန်တွင် ကြွက်ဝမ်းဖြူများ ဖျက်ဆီးတတ်သဖြင့် စိုက်ခင်းပတ်လည်သန့်ရှင်းရန်နှင့် ကြွက်ဆေးချပေးရမည်။

**သက်တမ်းအလိုက် အပင်ပြုစုစောင့်ရှောက်ခြင်း**

- ⇨ စိုက်ပြီး ခုနစ်ရက်အကြာတွင် အပင်မပေါက်သည့် ကျင်းများတွင် မျိုးစေ့ထပ်ချပေးရမည်။
- ⇨ အပင်ပေါက်စုံပြီး ၁၄ ရက်သားတွင် တစ်ကျင်းလျှင်တစ်ပင်ချန် မဖြစ်မနေသားခွဲပြီး အပင်ခြေမြေဆွခြင်းဆောင်ရွက်ပေးရမည်။
- ⇨ အပင် ၂၀-၂၁ ရက်သားတွင် ယူရီးယား ၅၆ ပေါင်၊ ပိုတက် ၂၈ ပေါင်နှုန်းဖြင့် မြေဩဇာထည့်သွင်းပြီး ကြားထွန်လိုက်ပေးရမည်။
- ⇨ ၃၅-၄၀ ရက်သားတွင် ယူရီးယား ၅၆ ပေါင်၊ ပိုတက် ၂၈ ပေါင်နှုန်းဖြင့် မြေဩဇာထပ်မံထည့်သွင်းပြီး ပေါင်တင်ပေးရမည်။
- ⇨ စိုက်ကွက်တွင် ရေမဝပ်စေရန် ဆောင်ရွက်ပေးရမည်။
- ⇨ ပေါင်တင်ပြီးသည်အထိ ပေါင်းမြက်ကင်းစင်အောင် ဆောင်ရွက်ပေးရမည်။
- ⇨ ပန်းဖြိုင်ဖြိုင်ပွင့်ချိန်နှင့် နို့ရည်တည်ချိန် အစိုဓာတ်မလုံလောက်ပါက ရေသွင်းပေးရမည်။

**ရိတ်သိမ်းချိန်လွန်လုပ်ငန်းများ**

- ⇨ ပြောင်းဖူးဖက်များအဝါရောင်သန်းစပြုပြီး ပြောင်းဖူးအညှာကို လက်သည်းဖြင့် ခြစ်ကြည့်ပါက အမည်းရောင်အမှတ်တွေ့ရှိချိန် သို့မဟုတ် ပြောင်းရွက်များ ၈၀-၉၀ ရာခိုင်နှုန်းခြောက်သွေ့ချိန်တွင် ရိတ်သိမ်းရမည်။
- ⇨ မရင့်မှည့်ခင် ရိတ်သိမ်းခြင်း၊ နောက်ကျမှ ရိတ်သိမ်းခြင်းတို့ကို ရှောင်ရမည်။
- ⇨ ရိတ်သိမ်းပြီး ချက်ချင်းပြောင်းဖူးဖက်ခွာ၍ ၅-၇ ရက်ခန့်နေလှန်းပြီး အစိုဓာတ် ၁၅ ရာခိုင်နှုန်းရှိချိန်တွင် စနစ်တကျခြွေပေးရမည်။
- ⇨ ခြွေပြီးအစေ့များကို မြေကြီးနှင့် တိုက်ရိုက်မထိစေရန် ဖျာ၊ မိုးကာ၊ ကွန်ကရစ်အခင်းပေါ်တွင် ခပ်ပါးပါးဖြန့်၍ နေလှန်းအခြောက်ခံပြီး အစေ့များအစိုဓာတ် ၁၂ ရာခိုင်နှုန်းရှိချိန်တွင် သန့်စင်ပြီး လေလုံအိတ်များ၊ သံပုံးများဖြင့် စနစ်တကျသိုလှောင်ရမည်။

**တန်ဖိုးမြှင့်ထုတ်ကုန်များ**

အစေ့ထုတ်ပြောင်းကို မွေးမြူရေးလုပ်ငန်းသုံးအစာအဖြစ် အသုံးပြုခြင်း၊ ပြောင်းဖူးဆီ (စားသုံးဆီ)၊ ပြောင်းဖူး ကစီမှုန့်၊ ပြောင်းဖူး ကလူးကို့စ် (အရည်/အမှုန့်)၊ ပြောင်းဖူးနှင့်ပြုလုပ်သော တစ်ဆင့်မြင့်အရည်၊ အီသနောလောင်စာ၊ အရက်ချက်လုပ်ခြင်း စသည့်တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်သည်။

ပြောင်းဖူးစေ့သည် ဝမ်းပြည့်စာဖြစ်ပြီး လူနှင့်တိရစ္ဆာန်များအတွက် အာဟာရဓာတ်တစ်ပြိုင်တည်းရရှိနိုင်ခြင်း၊ ပြောင်းဖူးစေ့ကို ဆီကြိတ်၍လည်း ဆီကြမ်းကို ဆပ်ပြာနှင့် အလှဆီတို့အတွက် ထုတ်ယူအသုံးပြုနိုင်ခြင်း၊ ပြောင်းဖူးဆီကိုသန့်စင်ပြီး စားသုံးသောဟင်းချက်ဆီအဖြစ် အသုံးပြုနိုင်ခြင်း စသည့် အကျိုးကျေးဇူးများလည်းရှိသည်။ သုတေသနပြုလေ့လာတွေ့ရှိချက်များအရ ပြောင်းဖူးဆီသည် စားအုန်းဆီထက် ပိုမိုကောင်းမွန်ပြီး မြေပဲဆီ၊ နေကြာဆီများကဲ့သို့ အရည်အသွေးမကွာခြားလှကြောင်း သိရှိရသည်။

ထို့ပြင် ပြောင်းဖူးဖက်ကိုလည်း ဆေးပေါ့လိပ်အဆီခံအဖြစ် အသုံးပြုနိုင်သည့်အတွက် ပြောင်းဖူးဖက်ဈေးကွက်သည်လည်း အထိုက်အလျောက်ရှိသည်။ ဖျော်ရည်နှင့်ယမကာလုပ်ငန်းများတွင်လည်း အစေ့ထုတ်ပြောင်းကို တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် အသုံးပြုကြသည်။

**အစေ့ထုတ်ပြောင်း၏ ဈေးကွက်အခြေအနေ**

မြန်မာနိုင်ငံတွင် အစေ့ထုတ်ပြောင်းကို ဒေသတွင်းနှင့် နိုင်ငံတွင်းဈေးကွက်တွင် ကျယ်ပြန့်စွာရောင်းချလျက်ရှိသည်။ ကျေးလက်ဒေသများတွင် ပြောင်းဖူးကို စားသုံးရန်နှင့် တိရစ္ဆာန်အစာအဖြစ် အသုံးပြုကြသည်။ မြို့ကြီးများတွင် ပြောင်းဖူးဆန်၊ ပြောင်းဖူးဆီ၊ ပြောင်းဖူးမှုန့်စသည့်ထုတ်ကုန်များကို စားသောက်ကုန်ဆိုင်များတွင် ရောင်းချသည်။ ထို့ပြင် ပြောင်းဖူးကိုစက်မှုလုပ်ငန်းများတွင် ကုန်ကြမ်းအဖြစ်အသုံးပြုကြသည်။ နိုင်ငံခြားတင်ပို့ခြင်းအနေဖြင့် တရုတ်၊ ထိုင်း၊ ဗီယက်နမ်၊ စင်ကာပူ၊ ဟောင်ကောင်၊ အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သို့ ရောင်းချလျက်ရှိသည်။ အစေ့ထုတ်ပြောင်း၏ဈေးနှုန်းသည် ဒေသ၊ ရာသီဥတု၊ ထုတ်လုပ်မှုပမာဏနှင့် ဈေးကွက်လိုအပ်ချက်တို့ အပေါ်မူတည်၍ ပြောင်းလဲနိုင်သည်။

မြန်မာနိုင်ငံရှိ တောင်သူများအတွက် အစေ့ထုတ်ပြောင်း စိုက်ပျိုးထုတ်လုပ်ရန် အားသာချက်များစွာရှိသည်။ အစေ့ထုတ်ပြောင်းသည် ပြည်ပကိုတင်ပို့နိုင်သော ဈေးကွက်ဝယ်လိုအားကောင်းသည့်သီးနှံဖြစ်ပြီး ပြည်တွင်းမွေးမြူရေးကဏ္ဍသည်လည်း နှစ်စဉ်တိုးတက်လာခြင်းကြောင့် တိရစ္ဆာန်အစားအစာအတွက် မရှိမဖြစ်ရောစပ်အသုံးပြုရသော သီးနှံတစ်မျိုးလည်းဖြစ်သည်။ ထို့ကြောင့် ပြည်တွင်း၊ ပြည်ပဈေးကွက်ခိုင်မာသော အစေ့ထုတ်ပြောင်းစိုက်ပျိုးမှုသည် တစ်နှစ်ထက်တစ်နှစ် နှစ်စဉ်တိုးတက်လျက်ရှိသည်။

အစေ့ထုတ်ပြောင်း စိုက်ပျိုးထုတ်လုပ်ရာတွင် နိုင်ငံခြားသို့တင်ပို့မှု ပိုမိုတိုးတက်စေရန် သီးနှံထွက်ကုန်အရည်အသွေးကို မြှင့်တင်ရန်လိုအပ်သည်။ မျိုးကောင်းမျိုးသန့်များစိုက်ပျိုးခြင်းနှင့် စိုက်ပျိုးနည်းစနစ်များကို လက်တွေ့ကျင့်သုံးဆောင်ရွက်ခြင်းဖြင့် အထွက်နှုန်းနှင့် ထွက်ကုန်အရည်အသွေးကို ပိုမိုတိုးတက်စေနိုင်သည်။ မျိုးကောင်းမျိုးသန့်များစိုက်ပျိုးပြီး ပြောင်းဖူးစေ့များ၏ အရည်အသွေးပိုမိုကောင်းမွန်ပါက ဈေးကောင်းရရှိနိုင်သည်။ ထို့ပြင် ပြောင်းဖူးဆီနှင့် ပြောင်းဖူးမှုန့်ကဲ့သို့သော ထုတ်ကုန်များ၏ ဈေးနှုန်းမှာလည်း နိုင်ငံတကာဈေးကွက်နှင့် ကိုက်ညီအောင် သတ်မှတ်ထားသည်။ အစေ့ထုတ်ပြောင်းသည် လူထုအတွက်အကျိုးပြုမှုများစွာရှိသည်။ ကျေးလက်ဒေသများတွင် ပြောင်းဖူးစိုက်ပျိုးခြင်းဖြင့် ကျေးရွာလူထု၏ဝင်ငွေကို မြှင့်တင်ပေးနိုင်သည်။ လူထုအတွက် အကျိုးပြုမှုများစွာရှိသော အစေ့ထုတ်ပြောင်းကို စနစ်တကျစိုက်ပျိုးထုတ်လုပ်သင့်သည်။

အစေ့ထုတ်ပြောင်းသည်မြန်မာနိုင်ငံ၏စိုက်ပျိုးရေးကဏ္ဍတွင် အရေးပါသော သီးနှံတစ်ခုဖြစ်ပြီး ဈေးကွက်အခြေအနေမှာလည်း စိတ်ဝင်စားဖွယ်ကောင်းသည်။ နိုင်ငံခြားသို့တင်ပို့မှုကို မြှင့်တင်ခြင်းဖြင့် နိုင်ငံ၏စီးပွားရေးကို ပိုမိုတိုးတက်စေနိုင်သည်။ မြန်မာနိုင်ငံတွင် အစေ့ထုတ်ပြောင်းစိုက်ပျိုးမှုသည် ကျေးလက်ဒေသများတွင် အဓိကကျသော စိုက်ပျိုးသီးနှံတစ်ခုဖြစ်ပြီး ဒေသတွင်းနှင့်နိုင်ငံခြားဈေးကွက်တွင် ကျယ်ပြန့်စွာရောင်းချနိုင်သောကြောင့် တောင်သူဦးကြီးများအတွက် စိုက်ပျိုးနည်းစနစ်ကောင်းများကို လိုက်နာကျင့်သုံးနိုင်လျှင် သီးနှံထွက်ကုန်အရည်အသွေးကောင်းသဖြင့် ဈေးကောင်းရရှိကာ အမှန်တကယ် ဝင်ငွေတိုးပွားစေနိုင်ကြောင်း တင်ပြလိုက်ပါသည်။ ။

**ရှမ်းကလျာသွေး**

# နှလုံး နှလုံးသွေးကြောကျဉ်းရောဂါများနှင့် ဆီးချိုရောဂါ

**"ဆီးချိုရောဂါသည် နှလုံးသွေးကြောကျဉ်းရောဂါဖြစ်ပွားမှုနှင့်လည်း ဆက်စပ်နေသည်။ အဝလွန်လေ ဆီးချို၊ သွေးချိုရောဂါဖြစ်ရန် အခွင့်အလမ်းများလေဖြစ်သည်။ အဝလွန်သောအခါ မကောင်းသောအဆီဓာတ်များခြင်းကြောင့် နှလုံးသွေးကြောနံရံများတွင် အဆီများစုကာ နှလုံးသွေးကြောကျဉ်းရောဂါကို ဖြစ်စေနိုင်သည်။ ဆီးချို၊ သွေးချိုရောဂါရှိသူများတွင် အာရုံကြောစနစ်အားနည်းခြင်းအပြင် သွေးချိုဓာတ်များခြင်းကြောင့် ဆဲလ်များတွင် မူမမှန်ပြောင်းလဲမှုများဖြစ်ပေါ်ကာ နှလုံးသွေးကြောကျဉ်းရောဂါဖြစ်နိုင်ခြေပိုများသည် . . ."**

### နှလုံးအကြောင်း သိကောင်းစရာ

လူသားတို့၏ နှလုံးသည် တစ်ပေါင်အောက် လေးပြီး အမျိုးသားတို့၏ နှလုံးက အမျိုးသမီးတို့ထက် နှစ်အောင်စခန့် ပိုလေးသည်။ အရွယ်ရောက်ပြီး ကျန်းမာရေးကောင်းသူတစ်ဦး၏ နှလုံးသည် တစ်ရက်လျှင် အကြိမ် ၁၁၅၀၀၀ ခန့် စည်းချက်မှန်မှန်ခုန်သည်။ အမျိုးသမီးတို့က အမျိုးသားများထက် နှလုံးခုန်နှုန်းအနည်းငယ်ပို၍မြန်ဆန်သည်။ လူ့ခန္ဓာကိုယ်မှ နှလုံးကိုထုတ်လိုက်လျှင် စက္ကန့်တော်တော်ကြာသည်အထိ နှလုံးက ဆက်လက်ခုန်နိုင်သည်။

ရင်ကွဲနာကျသည်ဆိုသည်မှာ ဖြစ်နိုင်ကြောင်း သုတေသီများက အတည်ပြုထားကြပြီး ယင်းကိုဆေးသိပ္ပံနည်းအရ နှလုံးကွဲကြေရောဂါဟုခေါ်သည်။ ထိုရောဂါသည် နှလုံးတိုက်ခိုက်ခံရခြင်းနှင့် ပုံစံတူညီကာ ရုတ်တရက်အသက်သေဆုံးတတ်သည်။ နှလုံးသွေးကြောပိတ်ခြင်းကြောင့်လည်း နှလုံးတိုက်ခိုက်ခံရတတ်သည်။ နှလုံးကွဲကြေရောဂါကမူ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ အလွန်အမင်း ထိခိုက်ပင်ပန်းမှုများကြောင့် ဖြစ်ပေါ်လာရသည်။ တစ်နည်းဆိုသော် စိတ်ဖိစီးမှုဟော်မုန်းများကြောင့် နှလုံးကွဲကြေရောဂါဖြစ်ပွားရခြင်းဖြစ်သည်။

အထူးသဖြင့် အသက် ၇၀ ကျော်လာလျှင် လူကြီးများသည် သွားလာလှုပ်ရှားမှုနည်းပါးလာရာမှ နှလုံးကျန်းမာရေးကျဆင်းလာတတ်သည်။ ထိုသို့ နှလုံးကျန်းမာရေးဆုတ်ယုတ်လာကာ နောက်ပိုင်းတွင် အသက် ၈၀ မတိုင်မီ နှလုံးထိခိုက်မှုကြောင့် အသက်အန္တရာယ်ကိုပင် စိုးရိမ်ရသည်။ ထို့ကြောင့် အသက် ၇၀ ကျော်လာလျှင် အမျိုးသားရော အမျိုးသမီးပါ နှလုံးအားကောင်းစေရန် တစ်ရက်လျှင် မိနစ် ၂၀ ကြာမျှ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများ ပြုလုပ်သင့်သည်။ ကိုယ်လက်လှုပ်ရှားမှုကြောင့် သွေးလည်ပတ်စီးဆင်းမှုမြန်ဆန်လာကာ နှလုံးကျန်းမာရေး ကောင်းမွန်လာရုံသာမက သွေးဖိအား၊ သွေးတွင်းရှိ သကြားဓာတ်ပါဝင်မှုတို့ကိုလည်း ထိန်းညှိပေးနိုင်သည်။

### ဆီးချိုရောဂါ

ဆီးချိုရောဂါသည် နာတာရှည်ရောဂါဖြစ်ပြီး ကုသပျောက်ကင်းရန် မဖြစ်နိုင်သော်လည်း ကျန်းမာရေးစောင့်ရှောက်မှုကို စနစ်တကျခံယူပါက သက်တမ်းစေ့နေနိုင်သည့်ရောဂါဖြစ်သည်။ မကူးစက်တတ်သောရောဂါဖြစ်သော်လည်း လူတို့၏ နေထိုင်စားသောက်မှုပုံစံအပြောင်းအလဲကြောင့် ရောဂါဖြစ်ပွားမှုနှုန်း ပိုများလာသည်။ ယေဘုယျအားဖြင့် မျိုးရိုးဗီဇနှင့် နေထိုင်မှုဘဝပုံစံကြောင့် ဖြစ်ပွားလေ့ရှိသော်လည်း ယခုအခါ ပတ်ဝန်းကျင်၏ လွှမ်းမိုးမှုကြောင့် ဖြစ်ပွားမှုနှုန်းပိုများလာသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO) ၏ စာရင်းဇယားများအရ ကမ္ဘာတစ်ဝန်းရှိ အရွယ်ရောက်ပြီးသူ ၁၀ ဦးတွင် တစ်ဦးသည် ဆီးချို၊ သွေးချိုရောဂါ ခံစားနေရပြီး အဆိုပါရောဂါကြောင့် နှစ်စဉ် လူဦးရေ နှစ်သန်းကျော် အသက်သေဆုံးနေရကြောင်း သိရသည်။ ၂၀၂၁ ခုနှစ်က ထုတ်ပြန်ခဲ့သော အပြည်ပြည်ဆိုင်ရာ ဆီးချိုရောဂါအဖွဲ့ချုပ် (IDF) ၏ ထုတ်ပြန်ချက်ကလည်း ကမ္ဘာပေါ်တွင် အသက် ၂၀ မှ ၇၉ နှစ်အတွင်း ဆီးချို၊ သွေးချိုရောဂါ ဖြစ်ပွားနေသူ ၅၃၇ သန်းရှိပြီး ရောဂါဖြစ်ပွားသူထက်ဝက်နီးပါးခန့်သည် မိမိတွင် အဆိုပါရောဂါရှိနေသည်ကို မသိရှိကြဟုဆိုသည်။ ၂၀၃၀ ပြည့်နှစ်တွင် လူဦးရေ ၆၄၃ သန်း၊ ၂၀၄၅ ခုနှစ်တွင် ၇၈၃ သန်းအထိ ဆီးချို၊ သွေးချိုရောဂါဖြစ်ပွားသူ မြင့်တက်လာမည်ဟု ခန့်မှန်းထားသည်။

### ဆီးချိုနှင့် နှလုံးရောဂါ ဆက်စပ်မှုရှိ

သွေးတွင်းဂလူးကို့စ်ပမာဏ မြင့်မားခြင်းသည် သွေးကြောများ၏ ပျော့ပြောင်းမှုကို လျော့ကျစေသည့်အပြင် သွေးကြောများကို ကျဉ်းမြောင်းစေပြီး သွေးစီးဆင်းမှုကို ဟန့်တားနိုင်သည်။ ထို့ပြင် သွေးနှင့်အောက်ဆီဂျင်ထောက်ပံ့မှုလျော့ကျစေပြီး သွေးတိုးရောဂါ၊ သွေးကြောငယ်များနှင့် နှလုံးသွေးကြောစနစ် ပျက်စီးနိုင်ခြေအလားအလာတို့ကို မြင့်တက်စေသည်။ သွေးတိုးခြင်းသည် နှလုံးရောဂါအတွက် အန္တရာယ်ဖြစ်စေသောအချက်ပြသင်္ကေတတစ်ခုလည်းဖြစ်သည်။ သွေးပေါင်ချိန်မြင့်မားခြင်းက သွေးလွှတ်ကြောများမှ တစ်ဆင့် သွေးဖိအားကိုတိုးစေပြီး သွေးလွှတ်ကြောနံရံများကို ပျက်စီးစေနိုင်သည်။ အမေရိကန်ပြည်ထောင်စုရှိ ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ဆေးစင်တာ (CDC) ၏အတည်ပြုချက်အရ ဆီးချိုရောဂါရှိသော အရွယ်ရောက်ပြီးသူများ၏ ၇၄ ရာခိုင်နှုန်းမှာ သွေးတိုးရောဂါရှိသူများဖြစ်ကြောင်း၊ သွေးတိုးနှင့် ဆီးချိုရောဂါ နှစ်မျိုးစလုံးရှိနေခြင်းသည် နှလုံးရောဂါဖြစ်နိုင်မှုကို မြင့်မားစေကြောင်း သိရသည်။

သွေးကြောကြီးများ ပျက်စီးခြင်း၏ နောက်ဆက်တွဲပြဿနာများမှာ ရုတ်တရက် နှလုံးဖောက်ခြင်းနှင့် လေဖြတ်ခြင်းတို့ဖြစ်သည်။ သေးငယ်သော ဆံချည်မျှင်သွေးကြောများ ပျက်စီးခြင်းသည် မျက်စိ၊ ကျောက်ကပ်နှင့် အာရုံကြောစနစ်တို့ကို အနှောင့်အယှက်ဖြစ်စေသည်။ နှလုံးရောဂါသည် ပြင်းထန်သောအခြေအနေတစ်ခုဖြစ်သော်လည်း နှလုံးခုန်ရပ်တန့်သွားခြင်းမျိုးမဟုတ်ဘဲ နှလုံးက သွေးကိုကောင်းစွာ စုပ်ယူနိုင်ခြင်းမရှိတော့ပေ။ ထိုအခါ ခြေထောက်များရောင်ရမ်းပြီး အဆုတ်ထဲတွင် အရည်များစုနေသောကြောင့် အသက်ရှူရခက်ခဲစေသည်။ နှလုံးရောဂါ၏ သဘောသဘာဝသည် အချိန်ကြာလာသည်နှင့်အမျှ ပိုမိုဆိုးရွားလာတတ်သော်လည်း စောစီးစွာ ရောဂါရှာဖွေခြင်းနှင့် ကုသခြင်းဖြင့် ရောဂါလက္ခဏာများကို သက်သာရာရစေသည်။ ထို့ပြင် ရောဂါအခြေအနေပိုမိုဆိုးရွားလာခြင်းကို ရပ်တန့်စေနိုင် သို့မဟုတ် နှောင့်နှေးစေနိုင်သည်။ ထို့ကြောင့် နောက်ဆက်တွဲကျန်းမာရေးဆိုးကျိုးများ မဖြစ်ပေါ်စေရန် နှလုံးရောဂါကိုမွေ့မထားဘဲ ဆောလျင်စွာကုသမှုခံယူသင့်သည်။

### ဆီးချိုရောဂါရှိသူများ နှလုံးသွေးကြောကျဉ်းရောဂါအဖြစ်များ

ဆီးချိုရောဂါသည် နှလုံးသွေးကြောကျဉ်းရောဂါဖြစ်ပွားမှုနှင့်လည်း ဆက်စပ်နေသည်။ အဝလွန်လေ ဆီးချို၊ သွေးချိုရောဂါဖြစ်ရန် အခွင့်အလမ်းများလေဖြစ်သည်။ အဝလွန်သောအခါ မကောင်းသောအဆီဓာတ်များခြင်းကြောင့် နှလုံးသွေးကြောနံရံများတွင် အဆီများစုကာ နှလုံးသွေးကြောကျဉ်းရောဂါကို ဖြစ်စေနိုင်သည်။ ဆီးချို၊ သွေးချိုရောဂါရှိသူများတွင် အာရုံကြောစနစ်အားနည်းခြင်းအပြင် သွေးချိုဓာတ်များခြင်းကြောင့် ဆဲလ်များတွင် မူမမှန်ပြောင်းလဲမှုများဖြစ်ပေါ်ကာ နှလုံးသွေးကြောကျဉ်းရောဂါ ဖြစ်နိုင်ခြေပိုများသည်။

ဆီးချိုရောဂါလူနာများတွင် အလိုအလျောက် အာရုံကြောတုံ့ပြန်မှုစနစ်များ ချို့ယွင်းနေခြင်းကြောင့် နှလုံးသွေးကြောကျဉ်းရောဂါခံစားရသောအခါ တခြားသူများကဲ့သို့ ရင်ဘတ်အောင့်ခြင်း ဖြစ်နိုင်ခြေနည်းသည်။ ဥပမာ-အစာမကြေခြင်း၊ ပျို့ချင်အန်ချင်ခြင်း၊ နုံးခြင်း စသည့် မသိသာသောဝေဒနာများ ခံစားရသည့်အတွက် ပေါ့ပေါ့ဆဆ နေထိုင်မိခြင်းကြောင့် အသက်ဆုံးရှုံးနိုင်ခြေများသည်။ ထို့ကြောင့် ဆီးချိုရောဂါလူနာများတွင် နှလုံးသွေးကြောကျဉ်းရောဂါကို အထူးဂရုပြုရန်လိုသည်။ အောက်ဖော်ပြပါနည်းလမ်းတို့ဖြင့် မိမိကျန်းမာရေးကို စစ်ဆေးသင့်သည်။

- သွေးချိုဓာတ် ပုံမှန်စစ်ဆေးပါ။
- သွေးတွင်းအဆီဓာတ်စစ်ဆေးပါ။
- ဆရာဝန်နှင့်ပုံမှန်ပြသပြီး ညွှန်ကြားသော ဆေးဝါးများကို ပုံမှန်သောက်သုံးပါ။
- ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်း ပြုလုပ်ပါ။
- နှလုံးစစ်ဆေးမှု ပုံမှန်လုပ်ဆောင်ပါ။

### ယာဉ်မမောင်းသင့်

နှလုံးရောဂါနှင့်ယှဉ်တွဲနေသော ဆီးချို၊ နှလုံးရောဂါဝေဒနာရှင်များသည် ယာဉ်မောင်းနှင်ရာတွင် သာမန်လူများထက် ဂရုစိုက်သင့်သည်။ အဘယ်ကြောင့်ဆိုသော် လမ်းဘေး ဝဲ၊ ယာ အာရုံစူးစိုက်၍ ယာဉ်မောင်းနှင်ရခြင်း၊ အချက်ပြမီးပွိုင့်များကို ဂရုစိုက်ခြင်း၊ ယာဉ်လမ်းကြောင်းရွေးချယ်ရခြင်း၊ တခြားသောယာဉ်များကို သတိထားရခြင်းနှင့်အတူ မထင်မှတ်သော အချိန်၊ နေရာတို့တွင် မထင်မှတ်သော တခြားယာဉ်တစ်စီးစီး၏ ကျော်တက်ဖြတ်မောင်းသောအန္တရာယ်ကို ရှောင်ကွင်းရခြင်း စသည်တို့ကြောင့် မူလအရင်းခံ နှလုံးရောဂါရှိသူများတွင် ဘေးဖြစ်စေနိုင်သည်။ အကယ်၍ ဆီးချို၊ သွေးချို မြင့်တက်နေချိန်နှင့်တိုက်ဆိုင်နေပါက အန္တရာယ်ကိုရှောင်လွှဲရန် ခက်ခဲလိမ့်မည်ဖြစ်သည်။ မဖြစ်မနေ ယာဉ်မောင်းရမည်ဆိုပါက အဖော်တစ်ယောက်ခေါ်သွားပါ။ ယာဉ်မောင်းနှင်နေချိန် တစ်စုံတစ်ရာခံစားရပါက လမ်းဘေးတွင် ယာဉ်ခေတ္တရပ်ပြီး ရောဂါလက္ခဏာများ သက်သာသွားသည်အထိ အချိန်တစ်ခုမျှ အနားယူပါ။ (စကားချပ်) ယာဉ်မောင်းနှင်ခြင်းဟုဆိုရာဝယ် အနေးယာဉ်၊ အမြန်ယာဉ်၊ စက်ဘီး၊ ဆိုင်ကယ်အားလုံးကို ရည်ညွှန်းပါသည်။

### နှလုံးသွေးကြောကျဉ်းရောဂါ ဖြစ်စေနိုင်သော အချက်အလက်များ

နှလုံးသွေးကြောကျဉ်းရောဂါ ဖြစ်နိုင်ခြေများသော အချက်အလက်တချို့ကို ကျန်းမာသုတအနေဖြင့် အကြံပြုလိုပါသည်။ အသက်အရွယ်ကြီးရင့်လာခြင်း (ပျမ်းမျှ အမျိုးသားများတွင် အသက် ၅၅ နှစ်ကျော်အရွယ်၊ အမျိုးသမီးများတွင် သွေးဆုံးပြီးချိန်)၊ သွေးပေါင်ချိန်များခြင်း၊ ကိုယ်အလေးချိန်များခြင်း သို့မဟုတ် အဝလွန်ခြင်း၊ ကိုယ်လက်လှုပ်ရှားမှုနည်းခြင်း၊ မိသားစုမျိုးရိုးတွင် နှလုံးသွေးကြောကျဉ်းရောဂါရှိခြင်း၊ ဆီးချို၊ သွေးချိုရောဂါ သို့မဟုတ် Metabolic Syndrome (ခေါ်) ဇီဝဖြစ်ပျက်ရောဂါစုရှိခြင်း၊ LDL (ခေါ်) မကောင်းသော ကိုလက်စထရောများနေပြီး၊ HDL (ခေါ်) ကောင်းသော ကိုလက်စထရောနည်းနေခြင်း၊ ဆေးလိပ်သောက်ခြင်း၊ စိတ်ဖိစီးမှုများခြင်း စသည်တို့ကြောင့် နှလုံးသွေးကြောကျဉ်းရောဂါဖြစ်စေနိုင်သည်။ အချုပ်အားဖြင့်ဆိုသော် ကျား၊ မ အားလုံးတွင် နှလုံးရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါနှင့် ဆီးချိုရောဂါတို့ ဖြစ်ပေါ်ခံစားရနိုင်သည်။ ဓမ္မတာမမှန်သော အမျိုးသမီးများသည် ဆီးချို၊ သွေးချိုရောဂါနှင့် နှလုံးရောဂါဖြစ်နိုင်ခြေပိုများကြောင်း၊ ဆေးလိပ်၊ အရက်သောက်သုံးသော အမျိုးသားများနှင့် အမျိုးသမီးများ မီးယပ်ဆုံးချိန် (ဝါ) အသက် ၅၀ ကျော် အမျိုးသားများတွင်လည်း ဆီးချို၊ သွေးချိုရောဂါနှင့် နှလုံးရောဂါဖြစ်နိုင်ခြေပိုများကြောင်း သုတေသီများ၏လေ့လာချက်အရ သိရသည်။

အထူးသတိပေးလိုသည်မှာ ယနေ့ကမ္ဘာတွင် ကိုဗစ်-၁၉ ရောဂါ ပုံပြောင်းဗိုင်းရပ်စ်သစ်များ အားကောင်းကောင်းဖြင့် ထွက်ပေါ်နေဆဲဖြစ်ရာ ယင်းဗိုင်းရပ်စ်များက နှလုံးကြွက်သားကို တိုက်ရိုက်ထိခိုက်စေကြောင်း သုတေသနရလဒ်များအရ သိရသည်။ ထို့ပြင် နှလုံးနှင့် ဆီးချိုရောဂါတို့၏ ဇီဝဖြစ်ပျက်မှုက လူတစ်ဦးမှတစ်ဦးဆီသို့ မကူးစက်နိုင်သော်လည်း လုံးဝပျောက်ကင်းရန် မလွယ်သည့် နာတာရှည်ရောဂါတစ်မျိုး ဖြစ်သဖြင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေစဉ်ကာလတွင် အသက်ဘေးကို ခြိမ်းခြောက်နိုင်ကြောင်း၊ ယခင်က နှလုံးလုပ်ငန်းဆောင်တာပျက်စီးမှုရှိခဲ့ဖူးသူက ကိုဗစ်-၁၉ ရောဂါကာလအတွင်း သေဆုံးနိုင်ခြေ ၂ ဒသမ ၀၉ ဆ ပိုများကြောင်း၊ ယခင်က နှလုံးသွေးကြောပိတ်ဆို့မှု ရှိခဲ့ဖူးသူက သေဆုံးနိုင်ခြေ ၁ ဒသမ ၁၁ ဆ ပိုများကြောင်း၊ ဆီးချိုရောဂါရှိသူများက ထို့ထက်ပင် ဘေးအန္တရာယ်ပိုများကြောင်း သတိပေးထားသည်။ ထို့ကြောင့် ဆီးချို၊ နှလုံးရောဂါ ယှဉ်တွဲဝေဒနာခံစားရသူများအနေဖြင့် ကိုဗစ်-၁၉ရောဂါမဖြစ်အောင် အထူးသတိပြု၍ ကိုဗစ်-၁၉ ရောဂါ စည်းကမ်းချက်များနှင့်အညီလိုက်နာရင်း ကြိုတင်ကာကွယ် ပြုမူနေထိုင်သင့်ပါကြောင်း အကြံပြုရေးသားတင်ပြလိုက်ရပါသည်။

ပေါက်ပေါက်

# လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲကျင်းပ



မြဝတီ ဇွန် ၁၂

ကရင်ပြည်နယ် မြဝတီမြို့အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း(ခွဲ)နှင့် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတို့၌ လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲကို ဇွန်လ ၁၁ ရက်တွင် ဆောင်ရွက်သည်။

အသိပညာပေးဟောပြောပွဲတွင်အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း(ခွဲ)နှင့် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတို့မှ ကျောင်းအုပ်ဆရာမကြီးများက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မာမာရီက မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ ကျောင်းသား၊ လူငယ်များ သိရှိလိုက်နာသင့်သည့်အချက်များ၊ မူးယစ်ဆေးဝါးကို လူငယ်များအနေဖြင့် စမ်းသပ်၍မသုံးမိစေရန်နှင့် အသိပညာဗဟုသုတများ ရရှိစေရန် ကျောင်းစာအပြင် သုတ/ရသ စာအုပ်စာပေများကို ဖတ်ရှုလေ့လာသင့်ကြောင်း ဟောပြောသည်။

ထို့နောက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှလက်ထောက်ညွှန်ကြားရေးမှူး ဦးရန်နိုင်ထွန်းက ပလတ်စတစ်သုံးစွဲမှုလျှော့ချရေးနှင့်ပတ်သက်၍ အသိပညာဗဟုသုတများ ဆွေးနွေးဟောပြောကာ ဒုတိယဦးစီးမှူး ဦးသက်ဇော်အောင်က ပတ်ဝန်းကျင်တွင် ညစ်ညမ်းမှုများမဖြစ်ပေါ်စေရန် လူသားများအနေဖြင့် ပတ်ဝန်းကျင်ကိုထိန်းသိမ်းသင့်ကြောင်း ဟောပြောသည်။

ယင်းနောက် တာဝန်ရှိသူများက မေးခွန်းများမေးမြန်းကာ ကျောင်းသား၊ ကျောင်းသူများက ပြန်လည်ဖြေကြားပြီး ဆုရရှိသူများကို ဆုများပေးအပ်သည်။

ထို့နောက် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း(ခွဲ)နှင့် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတို့မှ ကျောင်းသား၊ကျောင်းသူများအားဗဟုသုတများရရှိစေရန်ရည်ရွယ်၍ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်(အကြို)အဖြစ် နံရံကပ်စာစောင်များပြသခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေပေးပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ "ပတ်ဝန်းကျင်သာယာလှပစေဖို့ ပလတ်စတစ်အမှိုက်ကင်းစင်ရေး ဆောင်ရွက်စို့" အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြောင်း သိရသည်။ (၄ဝ၆)

# ပဲခူးမြို့နယ် ရွာသစ်ကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများစစ်ဆေး

ပဲခူး ဇွန် ၁၂

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရွာသစ်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း(RBF)လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို တာဝန်ရှိသူများက ဇွန်လ ၁၂ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပဲခူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး၊ ပဲခူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့်ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ရွာသစ်ကျေးရွာ၌ စီမံကိန်းချေးငွေများဖြင့် ကျွဲမွေးမြူရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ ဝက်မွေးမြူရေးလုပ်ငန်း၊ ဘဲမွေးမြူရေးလုပ်ငန်းနှင့် စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများ၊ စီမံကိန်းလက်စွဲစာစောင်ပါညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ခြင်းရှိ၊ မရှိ၊ လအလိုက်ပေးပို့ရသည့်စာရင်းဇယားများ ပြည့်စုံမှုရှိ/မရှိအခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ လိုအပ်သည်များမှာကြားသည်။

ပဲခူးမြို့နယ် ရွာသစ်ကျေးရွာ၌ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း(RBF)ကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ယခုဘဏ္ဍာနှစ်တွင် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုအဖွဲ့များဖြစ်သော တိုးပွားအောင်၊ ရွှေပြည်စိုး၊ တော်ဝင်သဇင်၊ ထိပ်တန်း၊ ပိတောက်မြိုင်အဖွဲ့ငါးဖွဲ့မှ ကျွဲမွေးမြူရေးလုပ်ငန်း၊ မိုးကောင်းကင်အဖွဲ့မှ ဝက်မွေးမြူရေးလုပ်ငန်း၊ စိမ်းလန်းအဖွဲ့မှ စိုက်ပျိုးရေးလုပ်ငန်းနှင့် တိုးတက်ချမ်းသာအဖွဲ့မှ ဘဲမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ အစုအဖွဲ့တစ်စုလျှင် စီမံကိန်းချေးငွေကျပ် ၇၅ သိန်းစီကို ထုတ်ချေးထားရှိကြောင်း၊ စုစုပေါင်း အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အစုအဖွဲ့ရှစ်စုအတွက် ကျေးလက်စီပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း(RBF)မှ သိန်း ၆ဝဝ ကို ထုတ်ချေးထားရှိကြောင်း ပဲခူးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **ကိုညို(ကျေးလက်)**

## MWD Education, Knowledge & Sports Channel

၁၃ - ၆ - ၂၀၂၅ (သောကြာနေ့)

| | | | |
|---|---|---|---|
| ၁။ | ၀၇:၀၀-၀၈:၂၇ | Grade - 9 | မြန်မာစာ အပိုင်း(၁/၂)၊ အင်္ဂလိပ်စာ Unit(1) |
| ၂။ | ၁၅:၃၀-၁၇:၅၇ | Grade - 9 | အင်္ဂလိပ်စာ Unit(2)၊ သင်္ချာ(၁) အခန်း(၁/၂/၃) |
| ၃။ | ၁၇:၅၇-၁၈:၅၅ | Grade - 9 | သင်္ချာ(၂) အခန်း(၁)၊ ပထဝီဝင် အခန်း(၁/၂/၃/၄/၅) |
| ၄။ | ၁၈:၅၅-၂၀:၃၅ | Grade - 9 | သမိုင်း အခန်း(၁/၄)၊ သိပ္ပံ အခန်း(၁/၂) |

## အေးမြရွှင်လန်း အပြုံးပန်းနှင့်

❖ အေးမြရွှင်လန်း၊ အပြုံးပန်းနှင့်
လန်းဆန်းတက်ကြွ၊ မြင်တိုင်းလှသည့်
မြန်မာ့ကျောင်းသား၊ ကျောင်းသို့သွားပြီ
အားရဖွယ်ပင်၊ ရှုကြည့်မြင်သော်
စိတ်တွင်ချမ်းမြေ့ မိပေသည်။

❖ ကျောင်းသူကျောင်းသား၊ ဉာဏ်ရှေ့ထားလျက်
ကျောင်းများကိုဖွင့်၊ ပြည့်ဂုဏ်မြင့်အောင်
မြှင့်ကြလူငယ်၊ အသိကြွယ်လျက်
နယ်ပယ်ရပ်ဝန်း၊ ပညာထွန်းမှ
တင့်ရှန်းပေမည် တို့တိုင်းပြည်။

❖ မိဘဆရာ၊ ညီညာစွာဖြင့်
ပညာအမွေ၊ ပေးကြလေပြီ
ခြေနေဝင့်ကြွား၊ လွန်မြင့်မားဖို့
ကြိုးစားသင်ယူ၊ ပန်းတိုင်ထူလေ့
ကျောင်းသူ ကျောင်းသား၊ ဖြူစိမ်းများနှင့်
လှအားပေစွ လှပေစွ။

❖ ဤမြေသည်ကား…
ဘိုးဘွားအမွေ၊ မွန်မြတ်ပေသည်
ဤမြေမယွင်း၊ တောက်ပလင်းဖို့
ထိုးထွင်းပညာ၊ ကြိုးစားကာနှင့်
ကြုံလာသည့်ဘေး၊ ကာကွယ်ပေးဖို့
လေးထားပညာ သင်ယူပါ။

❖ ပညာဗဟို၊ ကျောင်းထိုထိုမှ
ပျိုမျစ်နုနယ်၊ လှသွေးကြွယ်သည့်
လူငယ်အလှ၊ မြင်ကြရသို့
အလှအစစ်၊ ဖွေရာလှစ်သော်
အနှစ်ကပညာ၊ ပြည့်ဝပါမှ
နောင်ခါရှေ့ဆောင်၊ တို့ပြည်ထောင်မှာ
အောင်မြင်မှုများ၊ လွန်တိုးပွားမည်
ကျောင်းသား ကျောင်းသူ၊ ကြယ်စင်ဖြူသို့
ညီတူလှပ၊ ရှုမဝမို့
အေးမြရွှင်လန်း ရှိစေသတည်း။ ။

**ဘုန်းမောင်ဝင်း(ဖျာပုံ)**

## သဇင်(FM)အသံလွှင့်အစီအစဉ်

၁၃-၆-၂၀၂၅(သောကြာနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၈:၀၀ | For Youth | ၄။ | ၁၇:၀၀ | ထူးခြားထင်ရှားကမ္ဘာတစ်လွှား |
| ၂။ | ၁၀:၀၀ | သတင်း/သီချင်း | ၅။ | ၁၉:၀၀ | စစ်သည်ကဏ္ဍ |
| ၃။ | ၁၃:၀၀ | တိုင်းရင်းသားစကားပြောကြရအောင် | ၆။ | ၂၁:၂၀ | စာလာတယ်ဗျို့ |

# အလုံမြို့နယ်၌ ကျန်းမာရေးအသိပညာပေးဟောပြောပွဲ ကျင်းပ



ရန်ကုန် ဇွန် ၁၂

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်၌ ကျန်းမာရေးအသိပညာပေးဟောပြောပွဲကို ဇွန်လ ၁၁ ရက်က သစ်တောရပ်ကွက်ရှိ အလုံမူလတန်းကြိုကျောင်း၌ ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်-၂ ဦးအောင်စိုးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာသဇင်ခိုင်က သွေးလွန်တုပ်ကွေးရောဂါအကြောင်းနှင့် ရောဂါမဖြစ်ပွားအောင် ကာကွယ်ရမည့်နည်းလမ်းများအကြောင်း၊ ဦးစီးအရာရှိ(သွားကျန်းမာ) ဒေါက်တာမေသီရိက အသက်ငါးနှစ်အောက်ကလေးများ၏ သွားနှင့်ခံတွင်းကျန်းမာရေးအကြောင်း၊ ဦးစီးအရာရှိ(မိခင်ကလေး၊ ကျောင်းကျန်းမာ၊ အာဟာရ)ဒေါ်မိုးသီတာဦးက ပုံမှန်ကာကွယ်ဆေးထိုးခြင်း၏အရေးပါပုံနှင့် ကာကွယ်ဆေးထိုးခြင်းဖြင့် ကာကွယ်နိုင်သောရောဂါများအကြောင်း၊ ကျန်းမာရေးမှူး-၁ ဦးသန်းနိုင်က ငှက်ဖျားရောဂါအကြောင်းနှင့် ရောဂါမဖြစ်ပွားအောင် ကာကွယ်ရမည့်နည်းလမ်းများ၊ တခြားဒေသမှပြောင်းရွှေ့လာသူများအား ငှက်ဖျားပိုးစစ်ဆေးရန် လိုအပ်ကြောင်းနှင့် ငှက်ဖျားရောဂါနှင့်ပတ်သက်၍ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆောင်ရွက်ပေးနေသောလုပ်ငန်းများအား အသိပညာပေးဟောပြောခဲ့ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်-၂ ဦးအောင်စိုးက မူလတန်းကြိုကျောင်းအတွက် အလှူငွေများကို ကျောင်းအုပ်ကြီးထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ပူးပေါင်းအဖွဲ့မှ မူလတန်းကြိုကျောင်းရှိ ရေကန်အား အဘိတ်ဆေးခတ်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများဆောင်ရွက်ခြင်း၊ လက်ကမ်းစာစောင်များနှင့် ပိုစတာများပေးအပ်ခြင်းတို့ ဆောင်ရွက်ကြောင်း သိရသည်။ **ယောရော(ပြန်/ဆက်)**

# ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်မှုကော်မတီမှ လှူဒါန်းသော စာအုပ်စာစောင်နှင့် ပရိဘောဂပစ္စည်းများ ထပ်ဆင့်ပေးအပ်

ရန်ကုန် ဇွန် ၁၂

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များကြီးကြပ်မှုကော်မတီမှလှူဒါန်းသော စာအုပ်စာစောင်များ၊ စာအုပ်တင်သံစင်နှင့် ပလတ်စတစ်ထိုင်ခုံများ ထပ်ဆင့်ပေးအပ်ပွဲကို ဇွန်လ ၁၁ ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စောဝတ်ရည်က ကျေးရွာစာကြည့်တိုက်များကို ပညာဘဏ်တိုက် စာကြည့်တိုက်သဖွယ်ဖြစ်လာစေရေးနှင့် စာကြည့်တိုက်ရေရှည်ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရေး စာကြည့်တိုက်ကော်မတီဝင်များ ပူးပေါင်းဆောင်ရွက်ကြရန်မှာကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များကြီးကြပ်မှုကော်မတီမှ တိုက်ကြီးမြို့နယ်အတွင်းရှိ ဥက္ကံမြို့ ကောင်းသန့်စာကြည့်တိုက်နှင့် သရက်ချောင်းကျေးရွာ ပညာရွှာစာကြည့်တိုက်တို့အတွက် စာကြည့်တိုက်တစ်တိုက်လျှင် စာအုပ် ၄၁ အုပ်၊ စာအုပ်တင်သံစင်တစ်ခုနှင့် ပလတ်စတစ်ထိုင်ခုံ ရှစ်လုံးစီလှူဒါန်းမှုကို ထပ်ဆင့်ပေးအပ်ရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌများနှင့် ကော်မတီဝင်များက လက်ခံရယူကြကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

# ကျောက်တံခါးမြို့နယ် စစ်ဘိုကြီးကျေးရွာ၌ ကျေးရွာတွင်းလမ်းကျောက်ရောမြေခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကွင်းဆင်းစစ်ဆေး

ကျောက်တံခါး ဇွန် ၁၂

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စစ်ဘိုကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ကျေးရွာတွင်းလမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဇွန်လ ၁၂ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ပိုးအိဖြူကိုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ စစ်ဘိုကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေ၊ ကျေးရွာနေပြည်သူများ၏ လုပ်အားထည့်ဝင်မှုတို့ဖြင့် ဆောင်ရွက်ခဲ့သည့် ကျေးရွာတွင်းလမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လမ်းကို ရေရှည်တည်တံ့ခိုင်မြဲစေရေး အလေးထား၍ ဝိုင်းဝန်းထိန်းသိမ်းပြီး အကျိုးရှိရှိအသုံးပြုသွားကြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

စစ်ဘိုကြီးကျေးရွာ၌ အရှည်ပေ ၁၉၆၀၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မရှိ ကျေးရွာတွင်းလမ်းကျောက်ရောမြေခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေများအနက် ငွေကျပ်သိန်း ၂၂၀ ကို အသုံးပြုပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြီးကြပ်ကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် မေလဒုတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးရွာတွင်းလမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သည့်အတွက် ဒေသခံများ၏ လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အဆင်ပြေလွယ်ကူစေမည်ဖြစ်ကြောင်း သိရသည်။

**ကာရံ (ကျေးလက်)**

# မကွေးတိုင်းဒေသကြီးအတွင်း ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် နှမ်းဧက ၁၂ သိန်းခန့် စိုက်ပျိုးမည်

မကွေး ဇွန် ၁၂

မကွေးတိုင်းဒေသကြီးအတွင်း ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိရာ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် နှမ်းဧက ၁၂ သိန်းခန့် စိုက်ပျိုးမည်ဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မကွေးတိုင်းဒေသကြီးအတွင်း ဆီထွက်သီးနှံများစိုက်ပျိုးရာတွင် နှမ်းကို အများဆုံးစိုက်ပျိုးကြပြီး မိုးကောင်းသောက်ယာမြေများ၌ အဓိကထားစိုက်ပျိုးကြကြောင်း၊ ထိုသို့စိုက်ပျိုးရာတွင် အထွက်နှုန်းကောင်းမျိုးများနှင့် ဒေသနှင့်ကိုက်ညီသော နှမ်းမျိုးများကို အများဆုံးစိုက်ပျိုးကြကြောင်း သိရသည်။

"မကွေးတိုင်းဒေသကြီးအတွင်း ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီမှာ နှမ်းဧက ၁၂ သိန်းလောက် စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ အဓိကအားဖြင့် မိုးကောင်းသောက်ယာမြေတွေမှာ စိုက်ပျိုးမှာပါ။ မိုးကောင်းသောက်ဧရိယာဖြစ်ပေမယ့် ရွာသွန်းတဲ့မိုးရေကို ထိရောက်စွာ ရယူအသုံးပြုနိုင်ဖို့အတွက် နွေရာသီကတည်းက ထယ်ရေးကို သေချာပြုပြင်ထားပြီး မြေဆီအစိုဓာတ်ရရှိတာနဲ့ချက်ချင်းစိုက်ပျိုးနိုင်အောင် ကြိုတင်ဆောင်ရွက်ထားပါတယ်" ဟု မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးယဉ်ထွန်းကပြောသည်။

ထိုသို့နှမ်းစိုက်ပျိုးရာတွင် စိုက်ဧကအားလုံး တစ်ဧကပန်းတိုင်အထွက်နှုန်းရရှိရေး သက်ဆိုင်ရာစိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူများ မျိုးကောင်းမျိုးသန့်သုံးစွဲနိုင်ရေး၊ မြေဆီလွှာဖွံ့ဖြိုးတိုးတက်စေရေးနှင့် စိုက်ပျိုးရေးနည်းပညာဖြန့်ဝေပေးခြင်းလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လျက်ရှိသည်။



မကွေးတိုင်းဒေသကြီးအတွင်း စပါး၊ နှမ်း၊ နေကြာအပါအဝင် အဓိကသီးနှံ ၁၀ မျိုးကို ဦးစားပေးစိုက်ပျိုးကြပြီး ယခုနှစ်တွင် စုစုပေါင်း သီးနှံစုံစိုက်ဧက ၆၅ သိန်းကျော် စိုက်ပျိုးနိုင်ရန် လျာထား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဆောင်းဦး**

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၁၂

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက်ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့်တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ ငလျင်ဘေးဒဏ်သင့်ပြည်သူများစောင့်ရှောက်ရေးစခန်းများဖြစ်သော နှစ်(၇၀၀)ပြည့် အားကစားကွင်း ငလျင်ဘေးဒဏ်သင့်ပြည်သူများ စောင့်ရှောက်ရေးစခန်း၊ ဝန်ထမ်းအိမ်ရာငလျင်ဘေးဒဏ်သင့်ပြည်သူများ စောင့်ရှောက်ရေးစခန်းနှင့်စကုမော်ငလျင်ဘေးဒဏ်သင့်ပြည်သူများစောင့်ရှောက်ရေးစခန်းများရှိ အိမ်ထောင်စု စုစုပေါင်း (၇၉၇)စုတို့အား သွားရောက်တွေ့ဆုံပြီး ငလျင်ဘေးဒဏ်ကြောင့်ပြိုကျပျက်စီးသွားသော ၎င်းတို့နေအိမ်များကိုဖယ်ရှားရှင်းလင်းပြီး မူလနေရာများတွင် ပြန်လည်နေထိုင်နိုင်ရေးအတွက် လိုအပ်သည်များကို ပံ့ပိုးကူညီဆောင်ရွက်နိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့်တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော ကျောင်းဆောင်အဆောက်အအုံများ ပြန်လည်ပြုပြင်မွမ်းမံနေသည့်အခြေအနေများနှင့် တက္ကသိုလ်ပရိဝုဏ်အတွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေမှုအခြေအနေများအားလည်းကောင်း၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းသား၊ ကျောင်းသူများ သောက်သုံးရန် ရေသန့်စက်ဆောက်လုပ်ပြီးစီးမှုအခြေအနေများ၊ ယာယီကျောင်းဆောင်ဆောက်လုပ်နေမှု အခြေအနေများ၊ ဧရာဝတီတံတား (ရတနာပုံ) စစ်ကိုင်းဘက်တံတားအောက်ရှိ ရေဝပ်သည့်နေရာများတွင် စက်ယန္တရားကြီးများဖြင့် မြေဖို့ခြင်းနှင့် မြေညှိခြင်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် ရန်အောင်မြင် ဆုတောင်းပြည့်မြတ်စွာဘုရားနှင့်သကျမီတာသီလရှင်စာသင်တိုက်တို့တွင် ငလျင်ဒဏ်ကြောင့်ပြိုကျပျက်စီးခဲ့သော သာသနိကအဆောက်အအုံများကို လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် စက်ယန္တရားကြီးများကို အရှိန်အဟုန်မြှင့်အသုံးပြု၍ ဖယ်ရှားရှင်းလင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်နှင့်တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ မဟာအောင်မြေမြို့နယ်၊



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဥသျှောင်ရပ်ကွက်ရှိ ဒက္ခိဏာရာမ ဘုရားကြီးကျောင်းတိုက်အတွင်း ငလျင်ဒဏ်ကြောင့်ပြိုကျပျက်စီးခဲ့သော သာသနိကအဆောက်အအုံများအား စက်ယန္တရားကြီးများအသုံးပြု၍ ဖယ်ရှားရှင်းလင်းနေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင် ကျောက်ဆည်မြို့ မြင်စိုင်းမြို့ဟောင်း မြို့ကွက်(၈)အတွင်းရှိ နန်းဦးဘုရားပြန်လည်ပြုပြင်မွမ်းမံရန်အတွက် ငြမ်းဆင်နေမှုအခြေအနေကိုကြည့်ရှုစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော စစ်ကိုင်းမြို့ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ် ကျောင်းဆောင်အဆောက်အအုံများ ပြန်လည်ပြုပြင်မွမ်းမံနေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်ရှိ ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သော အန္တရာယ်ရှိလူနေအဆောက်အအုံများတွင် ဖြိုချပြီးအပျက်အစီးများ အပြီးသတ်ရှင်းလင်းနေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

ရပ်ကွက်များရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော အန္တရာယ်ရှိလူနေအဆောက်အအုံများတွင် ဖြိုချရှင်းလင်းရန်ကျန်အဆောက်အအုံများအား လုပ်ငန်းဆောင်ရွက်ရန် ပြင်ဆင်ထားရှိမှုအခြေအနေများအားလည်းကောင်း၊ ဖြိုချပြီးအပျက်အစီးများအား အပြီးသတ်ရှင်းလင်းနေမှုအခြေအနေများအားလည်းကောင်း၊ မဟာအောင်မြေမြို့နယ်၊ ဒေးဝန်းအရှေ့ရပ်ကွက်ရှိ ကင်းဝန်မင်းကြီးကျောင်းတိုက်သို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သော ပင်မကျောင်းဆောင်နှင့်သိမ်ကျောင်းနေရာများရှိ ဖြိုချပြီးအပျက်အစီးများအား စက်ယန္တရားကြီးများအသုံးပြု၍ အပြီးသတ်ရှင်းလင်းနေမှုအခြေအနေများအားကြည့်ရှု၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့်တာဝန်ရှိသူများသည် မန္တလေးမြို့ အမရပူရမြို့နယ်၊ တောင်သမန်ကျေးရွာရှိ မဟာသကျရံသီ ကျောက်တော်ကြီး မြတ်စွာဘုရားသို့သွားရောက်၍ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော စိန်ဖူးတော်များနှင့်ဌာပနာပစ္စည်းများအား သိမ်းဆည်းထားရှိမှုအခြေအနေများအား ကြည့်ရှုစစ်ဆေး၍ အပျက်အစီးများစတင်ရှင်းလင်းဆောင်ရွက်နေမှုအခြေအနေများအားလည်းကောင်း၊ ဘုရားပရိဝုဏ်အတွင်း ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများအားလည်းကောင်း၊ မှန်တန်းရပ်ရှိ မဏိဇောတဓမ္မရိပ်သာကျောင်းတိုက်သို့ရောက်ရှိပြီး ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သာသနိက အဆောက်အအုံအပျက်အစီးများအား စက်ယန္တရားများအသုံးပြု၍ အင်တိုက်အားတိုက်ဖယ်ရှားရှင်းလင်းနေမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး ကျောင်းထိုင်ဆရာတော်ကြီးအား သွားရောက်ဖူးမြော်ကြည်ညို၍ တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။


၎င်းနောက်ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့်အဖွဲ့သည် ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သော ဒက္ခိဏာရာမ ဘုရားကြီးကျောင်းတိုက်သို့ရောက်ရှိပြီး ကျောင်းတိုက်အတွင်း ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော သာသနိကအဆောက်အအုံများအား စက်ယန္တရားကြီးများအသုံးပြု၍ ဖယ်ရှားရှင်းလင်းနေမှုအခြေအနေများအားလည်းကောင်း၊ ဦးပွားစေတီတော်မြတ်ကြီးအား ပြန်လည်ပြုပြင်ရန်ဆောင်ရွက်ထားရှိမှု အခြေအနေများအားလည်းကောင်း၊ ကျောင်းတိုက်အတွင်းရှိသာသနိကအဆောက်အအုံများနှင့် ဘုရားစေတီအပျက်အစီးများအား တပ်မတော်သားစစ်သည်များမှ အင်တိုက်အားတိုက်ရှင်းလင်းဖယ်ရှားနေမှုအခြေအနေများအားလည်းကောင်း ကြည့်ရှုအားပေးပြီး လုပ်ငန်းခွင်အန္တရာယ်မရှိစေရေး စနစ်တကျပြုလုပ်ဆောင်ရွက်သွားရန်၊ လုပ်ငန်းများ အမြန်ဆုံးပြီးစီးအောင်ဆောင်ရွက်နိုင်ရေး တာဝန်ရှိသူများအားမှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင်နှင့်တာဝန်ရှိသူများသည် ကျောက်ဆည်မြို့၊ ကုလားကျောင်းကျေးရွာအုပ်စုရှိ အရှေ့ရွာနန်းပုဂံကျောင်းတွင် ငလျင်ဒဏ်ကြောင့် ဘုရားစေတီများထိခိုက်ပျက်စီးမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ကျောင်းထိုင်ဆရာတော်အား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းခဲ့သည်။

ဆက်လက်ပြီး ကျောက်ဆည်မြို့၊ မြင်စိုင်းမြို့ဟောင်း မြို့ကွက်(၈)အတွင်းရှိ နန်းဦးဘုရား ပြန်လည်ပြုပြင်မွမ်းမံရန်အတွက်ငြမ်းဆင်နေမှုအခြေအနေများ၊ ပတ္တာကျေးရွာအုပ်စုရှိရွာဦးဘုန်းကြီးကျောင်းတွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုအခြေအနေများ၊ အမှတ်(၆)အခြေခံပညာမူလတန်းကျောင်း၌ G-1 နှင့် G-2 ကျောင်းသား၊ ကျောင်းသူများအား ROTARY CLUB အဖွဲ့မှ စာရေးကိရိယာများ ပေးအပ်နေမှုအခြေအနေ အားလည်းကောင်း၊ ကျောက်ဆည်မြို့နယ်အတွင်းရှိ ငလျင်ဘေးဒဏ်ကြောင့် ပျက်စီးသွားသော ဘုရားစေတီများ၊ သာသနိကအဆောက်အအုံများနှင့် လူနေအဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် လိုအပ်လျက်ရှိသော ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများအား စက်ရုံထုတ်အထူးဈေးနှုန်းဖြင့် ရောင်းချပေးနေမှုအခြေအနေများအား သွားရောက်ကြည့်ရှုခဲ့ပြီး ဒေသခံပြည်သူများ၏တင်ပြချက်များအား တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ပြည်မြို့နှင့် ရန်ကုန်မြို့တို့တွင် ရခိုင်ပြည်နယ်သို့ သယ်ဆောင်ရောင်းဝယ်မည့် ငွေကျပ် ၈.၁၈ ဘီလီယံကျော် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၅၇.၈၈၅ သိန်း ဖမ်းဆီးရမိမှု






တရားခံများအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူတွေ့ရစဉ်။

**❒ ကျောဖုံးမှအဆက်**

ဆွေးနွေးဘုရားလမ်းရှိ နေအိမ်အား ဆက်လက်ရှာဖွေခဲ့ရာ ကျော်ဇင်နှင့်အတူ စိတ်ကြွရူးသွပ်ဆေးပြား ၄၂ ဒသမ ၈၈၅ သိန်း ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း၊ ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ခိုင်းသူ သိန်းငွေနှင့် ၎င်း၏ဇနီး နန်းခမ်းဖိန်တို့အား ဇွန်လ ၆ ရက်နေ့ ညနေ ၃ နာရီခွဲအချိန် ရေဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့နယ်၊ မိုးကြိုးပစ်ကျေးရွာတွင် TOYOTA LANDCRUISER မော်တော်ယာဉ်တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ ဇွန်လ ၇ ရက်နေ့နံနက် ၉ နာရီအချိန်တွင် စိုင်းဗညားမြင့်အောင်(ခ) ပီးပီး(ခ)စစ်ကားနှင့် မင်းလွင်ဦးတို့ ၂ ဦးအား မင်္ဂလာဒုံမြို့နယ်၊ စွယ်တော်စီးတီးအိမ်ရာရှိ ကားပါကင်တွင် Hyundai Grand Starex မော်တော်ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ သိန်းနှင့်အတူ ထပ်မံဖော်ထုတ်ဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်းဒေသကာလတန်ဖိုးငွေ ၈ ဒသမ ၁၈ ဘီလီယံကျော် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၅၇ ဒသမ ၈၈၅ သိန်း ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်များအရ ရှမ်းပြည်နယ်မှ ရခိုင်ပြည်နယ်သို့ စိတ်ကြွရူးသွပ်ဆေးပြားများ တင်ပို့ရောင်းချသူမှာ ရှမ်းပြည်နယ်၊ ကျေးသီးမြို့နယ်၊ ဝမ်ဟိုင်းနေ ထွန်းစီနှင့်ဇနီး နန်းရွှေရင်(ခ)နန်းမိုင်းခမ်း(ခ)နန်းခမ်းကြာတို့ဖြစ်ပြီး ၎င်းတို့၏ အစီအမံဖြင့် ရှမ်းပြည်နယ်၊ ဝမ်ဟိုင်းမှ ပြည်မြို့သို့သယ်ဆောင်ပြီး ပြည်မြို့တွင် သိန်းငွေနှင့် အောင်ဇော်ဦးတို့မှ နေအိမ်ငှားရမ်းသိုလှောင်ထားရှိကာ ရခိုင်ပြည်နယ်သို့ တစ်ဆင့်ပြန်လည်တင်ပို့ပေးခြင်းဖြစ်ကြောင်း၊ အလားတူ မန္တလေးမြို့မှ တစ်ဆင့် ရန်ကုန်မြို့သို့သယ်ဆောင်ပြီး ရန်ကုန်မှတစ်ဆင့် ရခိုင်ပြည်နယ်သို့တင်ပို့ရောင်းချခြင်းဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်မှ စိတ်ကြွရူးသွပ်ဆေးပြား သယ်ဆောင်ရောင်းဝယ်သူမှာ ထင်ထင်ကျော်(ခ)ရခိုင်ဖြစ်ကြောင်းသိရှိရသဖြင့် ၎င်းမူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်းနှင့် ၎င်းတို့၏ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ရာမှရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် အရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

(၁၀၀)

## တာချီလိတ်မြို့တွင် ငွေကျပ်သိန်း ၄၈၀၀၊ လားရှိုးမြို့တွင် ငွေကျပ် ၂၇၆ သိန်း တန်ဖိုးရှိ မူးယစ်ဆေးဝါးများဖမ်းဆီးရမိ


တရားခံ အိုက်ရှဲန်ဖူးအား သိမ်းဆည်းရမိသည့် အိုက်စ်(မက်သ်အဖက်တမင်း)များနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် ဇွန် ၁၂

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ဇွန်လ ၁၀ ရက်နံနက်ပိုင်းက တာချီလိတ်မြို့နယ်၊ မိုင်းဖုန်း(ခ) ကျေးရွာအုပ်စု၊ဆွတ်ဆိုင်ကျေးရွာအနီး ဦးထွန်းအောင်တံတားတွင် သတင်းအရစောင့်ဆိုင်းနေစဉ် အိုက်ရှဲန်ဖူး မောင်းနှင်လာသော TOYOTA CROWN မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ အိုက်စ်(မက်သ်အဖက်တမင်း) ၆၀ ကီလို(တစ်ကီလိုလျှင် ငွေကျပ်သိန်း ၈၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၄၈၀၀)ဖမ်းဆီးရမိသဖြင့် အိုက်ရှဲန်ဖူး(၃၈)နှစ်အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားသည်။

အလားတူ လားရှိုးမြို့၊ ရပ်ကွက်(၃)၊ နယ်မြေ(၁၀)၊ ကြာနီလမ်းပေါ်တွင် တွေ့ရှိသူ သိန်းစိုးအောင်(ခ)အားဝေ အားစစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀ (တစ်ပြားလျှင် ၅၀၀ ကျပ်နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၁၅၀)ဖမ်းဆီးရမိပြီး ကွင်းဆက်စစ်ဆေးပေါ်ပေါက်ချက်အရ စိတ်ကြွရူးသွပ်ဆေးပြားများရောင်းချပေးသူ လားရှိုးမြို့၊ရပ်ကွက်(၇)၊ နယ်မြေ(၂၀)၊ ခိုင်ရွှေဝါလမ်းနေ လောဝ်ဂူ(ခ)လီမင်ချိန်၏ နေအိမ်အားဝင်ရောက်ရှာဖွေရာ နေအိမ်အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၈၀၀ ပြား(တစ်ပြားလျှင် ၅၀၀ ကျပ်နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၁၀၄ သိန်း)နှင့် ပလတ်စတစ်ဆပ်ပြာခွက်များဖြင့်ထည့်ထားသည့် ဘိန်းဖြူအလေးချိန် ၁၁၀ ဂရမ်(တစ်ဂရမ်လျှင် ၂၀၀၀၀ ကျပ်နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၂၂ သိန်း) ဖမ်းဆီးရမိသဖြင့် သိန်းစိုးအောင်(ခ)အားဝေ (၂၉)နှစ်နှင့် လောဝ်ဂူ(ခ)လီမင်ချိန် (၃၆)နှစ်တို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

မြဝတီ

# အနာဂတ်မှာခေတ်စားလာနိုင်မည့် ဇီဝမီးသွေး

မောင်မောင်စွယ်စုံထွန်း

*** ဇီဝမီးသွေး(ဘိုင်အိုချာ)ဆိုတာက စိုက်ပျိုးရေးလုပ်ငန်းများက ထွက်လာသည့် အပင်ထွက်အစအနအလေအလွင့်များကို မီးသွေးဖြစ်အောင်ဖုတ်ထားခြင်းဖြစ်. . .**

*** စွမ်းရည်မြင့်မားသော ကျောက်မီးသွေးအစားထိုးနိုင်သည့် ဇီဝမီးသွေးလိုပစ္စည်းမျိုးကို တွင်ကျယ်စွာအသုံးပြုလာနိုင်ခြင်းဖြင့် လျှပ်စစ်ဓာတ်အားကို ပိုမိုသန့်စင်စွာထုတ်လုပ်လာနိုင်မည်ဖြစ်. . .**

ယနေ့ကမ္ဘာကြီးတွင် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုသည် လျော့ကျသွားခြင်းမရှိဘဲ ဆက်လက်မြင့်တက်လာလျက်ရှိသည်။ သဘာဝဘေးအန္တရာယ်များကလည်း ရာသီဥတုဖောက်ပြန်ခြင်းနှင့်အတူ တွဲလျက်မြင့်တက်နေဆဲဖြစ်သည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများက အဆိုပါအခြေအနေအပေါ်မှာ စိုးရိမ်မှုမြင့်တက်လာနေခြင်းသည် အံ့ဩစရာတော့မဟုတ်ပါ။ မျှော်လင့်ချက်ပျောက်သွားပြီလားလို့တောင်ထင်ရသည့်အခြေအနေတွင် လေ့လာမှုတစ်ရပ်က ၂၀၁၅ ပါရီသဘောတူညီချက်အချို့သည် လမ်းကြောင်းမသွေဖည်သေးဘူးဆိုသည့်အကြောင်းအရာငါးချက်ကိုဖော်ပြခဲ့သည်။ Decarbonisation (ကာဗွန်ထုတ်လွှတ်မှုရပ်တန့်ရေး)နဲ့ Net Zero (ကာဗွန်ထုတ်လွှတ်မှုအလုံးစုံကွယ်ပျောက်ရေး) ဆိုသည့် ဝေါဟာရများက နေ့စဉ်သုံးစကားစု၏ တစ်စိတ်တစ်ပိုင်းဖြစ်လာသော်လည်း လက်တွေ့တွင် အဆိုပါဖြစ်စဉ်များကို လိုက်နာနိုင်မှုအားနည်းနေဆဲပင်ဖြစ်သည်။

ဂျာမန်အကျိုးအမြတ်မယူသော အဖွဲ့အစည်းတစ်ခုဖြစ်သည့် New Climate Institute ၏ လေ့လာမှုအရ ဆိုလာစွမ်းအင်သုံးလုပ်ငန်းများနှင့် လျှပ်စစ်ယာဉ်များတိုးတက်လာခြင်းကိုလည်း ငြင်းမရဘဲ အဆိုပါကိစ္စသည် လမ်းကြောင်းမှန်ဆီကိုဦးတည်နေခြင်းကလည်း အမှန်ပဲဖြစ်သည်။


ရာသီဥတုဖောက်ပြန်မှုပြဿနာသည် ကမ္ဘာတစ်ဝန်းရှိ လူထုနှင့်နိုင်ငံရေးဟောပြောချက်များတွင် အဓိကအကြောင်းအရာဖြစ်လာနေသည်။ မီဒီယာများတွင်လည်းအဆိုပါကိစ္စသည် လွှမ်းခြုံကြီးထွားလာသလို ပညာရေးတွင်လည်း ထည့်သွင်းပါဝင်မှုများရှိလာသည်။ လက်နက်ကိုင်အဖွဲ့အစည်းများတွင်လည်း အဆိုပါအကြောင်းရင်းသက်ရောက်မှုများနှင့်စပ်လျဉ်း၍ အသိပညာဗဟုသုတများတိုးပွားနေသည်။

သို့ဖြစ်ရာ ရာသီဥတုဆိုင်ရာဆန္ဒပြမှုများနှင့် လူမှုရေးလှုပ်ရှားမှုများ အားကောင်းလာသည်နှင့်အမျှ အရေးယူဆောင်ရွက်ရန် အစိုးရများနှင့် စီးပွားရေးလုပ်ငန်းများအပေါ်ဖိအားများ တိုးလာနေသည်။ ရာသီဥတုဆိုင်ရာ တရားစွဲဆိုမှုမှတစ်ဆင့် ၎င်းတို့အားတရားရုံးတွင် တာဝန်ခံနိုင်စေရန် ထည့်သွင်းတွက်ချက်ခြင်းဆိုင်ရာ သိပ္ပံပညာတွင်လည်း တိုးတက်မှုရှိလာခဲ့သည်။ ယခုနှစ်တွင် ပေါ်တူဂီလူငယ်များ၊ ယူကေ သဘာဝပတ်ဝန်းကျင်ပရဟိတအဖွဲ့နှင့် ဆွီဒင်တက်ကြွလှုပ်ရှားသူ Greta Thunberg တို့သည် ၎င်းတို့၏နိုင်ငံများကို တရားစွဲဆိုနိုင်ခဲ့ကြသည်။

နိုင်ငံအများစုသည် ကာဗွန်ထုတ်လွှတ်မှု သုညကိုရည်မှန်းလာကြပြီး အပူချိန်မြင့်တက်မှုခန့်မှန်းချက်ကတော့ နည်းပါးနေပါသေးသည်။ အစိုးရများကနေ စီးပွားရေးလုပ်ငန်းကြီးများသို့ ကာဗွန်ထုတ်လွှတ်မှု သုညပန်းတိုင်ဖြစ်စေရန် ညွှန်ကြားချက်တွေပေးနေခြင်းကတော့ နေရာအနှံ့မှာရှိလာသည်။ သို့သော်လည်း ၂၀၁၅ ခုနှစ်တုန်းက ဘူတန်နိုင်ငံတစ်ခုတည်းသာထိုကဲ့သို့ပစ်မှတ်ထားပြီး လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

ယခုအခါ ကမ္ဘာလုံးဆိုင်ရာဓာတ်ငွေ့ထုတ်လွှတ်မှု၏ ၈၀ ရာခိုင်နှုန်းနီးပါးကို ကိုယ်စားပြုသည့် နိုင်ငံ ၉၀ ကျော်က ၎င်းနှင့်ပတ်သက်ပြီး ပူးပေါင်းဆောင်ရွက်မှုလုပ်နေကြပြီလည်းဖြစ်သည်။ ကာဗွန်ကင်းစင်ရေးနှင့် ပတ်သက်သည့်အမြင်တွေက နိုင်ငံအချင်းချင်းကြားက စီးပွားရေးလုပ်ငန်းများပူးပေါင်းလုပ်ဆောင်မှုမှာ ကမ္ဘာ့အဆင့်အနေနှင့် ပါဝင်လာနေသည်။ ဤလျှော့ချမှုများကိုပြီးမြောက်စေရန်နှင့် ၁ ဒသမ ၅ ဒီဂရီ ကန့်သတ်ချက်အတွက်လည်း ဦးစားပေးလာကြသည်။ လက်ရှိနှုန်းအတိုင်းဆိုလျှင် ၂၁၀၀ ပြည့်နှစ်တွင် အပူချိန် ၃ ဒသမ ၆ ကနေ ၃ ဒသမ ၉ ဒီဂရီအထိမြင့်တက်လာမည်ဟု ခန့်မှန်းထားသော်လည်း ယခုအခါ အဆိုပါခန့်မှန်းချက်များသည် ၂ ဒသမ ၇ ဒီဂရီသို့ကျဆင်းသွားသည်ကိုတွေ့ရသည်။

ယခုကဲ့သို့ရာသီဥတုဖောက်ပြန်မှုများကိုကာကွယ်နိုင်ရန်အတွက် သိပ္ပံပညာရှင်များက တီထွင်ကြံဆထုတ်လုပ်လာသည့် ကျောက်မီးသွေးအစားထိုးနိုင်သော ပစ္စည်းတစ်မျိုးမှာ အနာဂတ်တွင် ဈေးကွက်ဖြစ်




ထွန်းလာနိုင်မည့် ဇီဝမီးသွေးပဲဖြစ်သည်။ ဇီဝမီးသွေး (ဘိုင်အိုချာ)ဆိုတာက စိုက်ပျိုးရေးလုပ်ငန်းများက ထွက်လာသည့် အပင်ထွက်အစအနအလေအလွင့်များကို မီးသွေးဖြစ်အောင်ဖုတ်ထားခြင်းဖြစ်သည်။ Biochar သည် Pyrolysis ဟုခေါ်သော အောက်ဆီဂျင်နည်းသောအခြေအနေတွင် ဇီဝဒြပ်ထု(Biomass)ကို အပူပေးခြင်းဖြင့် ထုတ်လုပ်သောမီးသွေးနှင့်တူသောပစ္စည်း ဇီဝမီးသွေးပင်ဖြစ်သည်။ ၎င်း၏ထူးခြားသောဂုဏ်သတ္တိများနှင့် ရာသီဥတုပြောင်းလဲမှုကို လျော့ပါးသက်သာစေသော အလားအလာကောင်းများကြောင့် ကာဗွန်စုပ်ယူခြင်းအတွက် အစွမ်းထက်သောကိရိယာတစ်ခုအဖြစ် အသိအမှတ်ပြုခြင်းခံနေရသည်။ ဇီဝမီးသွေး(Biochar)သည် အလွန်တည်ငြိမ်ပြီး ကာဗွန်ကိုမြေဆီလွှာတွင် ရာစုနှစ်များစွာ သိမ်းဆည်းထားနိုင်သည်။ အဘယ်ကြောင့်ဆိုသော် Pyrolysis လုပ်ငန်းစဉ်သည် ဇီဝဒြပ်ထု (Biomass) အတွင်းရှိ ကာဗွန်ကိုပြိုကွဲပျက်စီးမှုခံနိုင်ရည်ရှိသောပုံစံသို့ ပြောင်းလဲပေးသောကြောင့်ဖြစ်သည်။ မြေဆီလွှာတွင် ထည့်သွင်းသောအခါ ဇီဝမီးသွေး (Biochar)သည် ၎င်းမြေကြီး၏ မြေဆီဩဇာ၊ ရေထိန်းသိမ်းမှုနှင့် အာဟာရရရှိနိုင်မှုတို့ကို တိုးတက်မြင့်မားစေသည်။ ၎င်းသည် အပင်ကြီးထွားမှုကို အားကောင်းစေပြီး လေထုထဲမှကာဗွန်ဒိုင်အောက်ဆိုက် ($CO_2$) ကို ပိုမိုစုပ်ယူနိုင်သည်။ ဇီဝမီးသွေး (Biochar) ထုတ်လုပ်မှုသည် မီသိန်း (Methane) နှင့် ကာဗွန်ဒိုင်အောက်ဆိုက် ($CO_2$) ကဲ့သို့သော ဖန်လုံအိမ်ဓာတ်ငွေ့များထွက်လာမည့် ပြိုကွဲ (Decompose) နိုင်သော စိုက်ပျိုးရေးနှင့် သစ်တောစွန့်ပစ်ပစ္စည်းများကို အသုံးချနိုင်သည်။ ၎င်းစွန့်ပစ်ပစ္စည်းများကို ဇီဝမီးသွေး (Biochar) အဖြစ်သို့ ပြောင်းလဲခြင်းဖြင့် ဖန်လုံအိမ်ဓာတ်ငွေ့များ ထုတ်လွှတ်မှုကိုလျှော့ချပေးနိုင်သည်။ သိပ္ပံသဘောအရဆိုလျှင် ဇီဝအကြွင်းအကျန်များကို ပိုင်ရိုလိုက်စစ်ဖြစ်စဉ်အရ အောက်ဆီဂျင်နည်းတဲ့နေရာမှာမီးရှို့ပြီး ကျန်တဲ့အကြွင်းအကျန်အခဲတွေကို ဆိုလိုခြင်းဖြစ်သည်။ ဘိုင်အိုချာတွေကို Pyrolysis ဟုခေါ်သော ဖြစ်စဉ်မှတစ်ဆင့် အောက်ဆီဂျင်အကန့်အသတ်ဖြင့် အော်ဂဲနစ်ပစ္စည်းများကို အပူပေးခြင်းဖြင့် ပြုလုပ်ထားသည်။

စိုက်ပျိုးရေးလုပ်ငန်းများက အကြွင်းအကျန်များနဲ့ အခွံမာသီး၊ အစေ့ထုတ်လုပ်ငန်းများကထွက်လာသည့် အကြွင်းအကျန်များကို မီးသွေးဖုတ်လိုက်ခြင်းသည် မြေဩဇာရအောင် အပုပ်ခံအဆွေးခံဒီအတိုင်းလွှင့်ပစ်ပြီးထားခြင်းထက် ကာဗွန်ကိုပိုမိုထိန်းသိမ်းထားလို့ရသည့်အပြင် စွမ်းအင်အတွက်အထောက်အကူဖြစ်စေသည်။ ၎င်းကိုဆေးဝါးပါဝင်ပစ္စည်းအဖြစ်၊ လမ်းတည်ဆောက်ရေးပစ္စည်းအဖြစ်၊ အုတ်ကွန်ကရစ်အဖြစ်စသည်ဖြင့် အသုံးပြုနိုင်သည်။ "ဒါ့ကြောင့် ဘိုင်အိုချာကို အသုံးချမှုမှာအကန့်အသတ်မရှိပါဘူး" ဟု ဘိုင်အိုချာထုတ်လုပ်သည့် လုပ်ငန်းရှင်တစ်ဦးကဆိုဖူးသည်။ စိုက်ပျိုးရေးလုပ်ငန်းများကထွက်လာသည့် ဘိုင်အိုချာများက စိုက်ပျိုးရေးလုပ်ငန်းများကို အများကြီးအကျိုးဖြစ်ထွန်းစေသည်။ ဘိုင်အိုချာသုတေသီ ရီဘတ်ကာက ဘိုင်အိုချာများသည် မြေဆီလွှာ၏ထုတ်လုပ်မှုနှင့် အထွက်နှုန်းကို မြှင့်တင်ပေးနိုင်ကြောင်းပြသသည့် သုတေသနများစွာလုပ်ခဲ့ပြီးပြီဟုဆိုသည်။ မြေဆီလွှာကို ကာဗွန် ၁ ရာခိုင်နှုန်းတိုးပြီးထည့်တိုင်း တစ်ဟက်တာမှာရေကို ၁၀ တန်ကနေ ၃၀ တန်အထိ ထိန်းသိမ်းနိုင်မှုတိုးလာမည်ဟု ၎င်းကဆိုသည်။ ဩစတြေးလျတွင် ဘိုင်အိုချာတစ်တန်ကို အမေရိကန်ဒေါ်လာ ၈၀၀ ခန့်ဈေးပေါက်သည်။ တိရစ္ဆာန်အစာအတွက် စိုက်ပျိုးရေးလုပ်ငန်းထွက် အကြွင်းအကျန်များကိုရောင်းလျှင်ယခင်တုန်းက တစ်တန်ကို ဒေါ်လာ ၂၀၀ လောက်ရနေရာက နောက်ပိုင်းမှာတစ်တန်ကို ဒေါ်လာ ၃၀ ပဲရတော့သည့်အတွက် ဘိုင်အိုချာလုပ်ပြီးရောင်းတာကပိုပြီး အကျိုးအမြတ်ရသည်ဟုဆိုသည်။ ရိုးရိုးမီးသွေးကိုသုံးလျှင် အပူချိန်က ၃၀၀ ဒီဂရီဆဲလ်စီးယပ်ကျော်ပဲရသည်။ ဘိုင်အိုချာတွေကတော့ ၆၀၀ ကနေ ၁၀၀၀ အတွင်းရနိုင်သည်။ ကျောက်မီးသွေးဓာတ်အားပေးစက်ရုံများမှာ အစားထိုးသုံးနိုင်သလို LPG ဓာတ်ငွေ့နေရာတွင်လည်း အစားထိုးလို့ရနိုင်သည်။ သဘာဝပတ်ဝန်းကျင်ကို အထောက်အပံ့ဖြစ်စေရုံမက ချွေတာရာလည်း အများကြီးဖြစ်သည့်အတွက် အနာဂတ်ဘိုင်အိုချာများက ဈေးကွက်တစ်ခုဖြစ်လာနိုင်စရာရှိတယ်လို့ ပညာရှင်များက တညီတညွတ်တည်းသုံးသပ်ထားကြသည်။

အချုပ်အားဖြင့်ဆိုရပါလျှင် လျှပ်စစ်စွမ်းအင်လိုအပ်ချက်မြင့်မားနေသော မြန်မာနိုင်ငံကဲ့သို့သောနိုင်ငံမျိုးတွင် ယခုကဲ့သို့ စွမ်းရည်မြင့်မားသော ကျောက်မီးသွေးအစားထိုးနိုင်သည့် ဇီဝမီးသွေးလိုပစ္စည်းမျိုးကို တွင်ကျယ်စွာအသုံးပြုလာနိုင်ခြင်းဖြင့် လျှပ်စစ်ဓာတ်အားကို ပိုမိုသန့်စင်စွာထုတ်လုပ်လာနိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းထွက် အကြွင်းအကျန်များပြားစွာထွက်ရှိနေရာ အလဟဿဆုံးရှုံးသွားစေမည့်အစား လျှပ်စစ်စွမ်းအင်မြောက်မြားစွာထုတ်လုပ်နိုင်သော ဇီဝမီးသွေးကိုသာ စီးပွားဖြစ်ထုတ်လုပ်လာနိုင်မည်ဆိုပါက အနာဂတ်ကာလတွင်လျှပ်စစ်စွမ်းအင်ရရှိရေးအတွက် များစွာခေတ်စားလာနိုင်မည့်ပစ္စည်းတစ်မျိုးဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၃-၆-၂၀၂၅(သောကြာနေ့)

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၁။ | ၀၆:၀၀ | တရားတော် | ၅။ | ၁၄:၀၀ | ပန်းပေါင်းစုံစွာအနုပညာ | ၉။ | ၁၈:၃၀ | ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ |
| | | ကိုယ်လက်လှုပ်ရှားအားကစား | ၆။ | ၁၅:၀၀ | ဇာတ်လမ်းတို | | | မွေးမြူသုတ |
| ၂။ | ၁၀:၀၀ | ကျန်းမာခြင်းအတွက်တွေးခေါ်ခြင်း | ၇။ | ၁၇:၀၀ | မြန်မာသံစဉ်ချိုနားဝင် | ၁၀။ | ၁၉:၀၀ | (၃၈)ဖြာမင်္ဂလာ |
| ၃။ | ၁၂:၀၀ | ရှေးမြန်မာမင်းများ၏ခေါင်းဆောင်မှု | | | သုတရသစုံလင်ဗဟုသုတပုံပြင် | | | တပေါ်စ |
| ၄။ | ၁၃:၀၀ | မျှဝေဆွေးနွေးလူငယ့်အရေး | ၈။ | ၁၈:၀၀ | နုပျိုလှပကျန်းမာဖို့လမ်းလျှောက်ကြပါစို့ | ၁၁။ | ၂၀:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |

# ရန်ကုန်မြို့ရှိ ပုဂ္ဂလိက ရုပ်သံရိုက်ကူးထုတ်လုပ်ရေးနှင့် ထုတ်လွှင့်ရေးလုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ကြည့်ရှုအားပေး

**ရန်ကုန် ဇွန် ၁၂**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ မွန်းလွဲပိုင်းနှင့် ညနေပိုင်းတို့တွင် ရန်ကုန်မြို့ရှိ ပုဂ္ဂလိကရုပ်သံလုပ်ငန်းများဖြစ်သည့် Forever Group ကုမ္ပဏီ၏ MRTV-4, Channel 7 နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် Canal+ DTH, Media N ကုမ္ပဏီ၏ M Channel တို့ ရိုက်ကူးထုတ်လုပ်ရေးနှင့် ထုတ်လွှင့်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ ကမာရွတ်မြို့နယ်ရှိ Forever ကုမ္ပဏီနှင့် ပြည်ပကုမ္ပဏီတို့ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် Canal + DTH ရုံးသို့ရောက်ရှိရာ CEO က Contant များ ကိုယ်တိုင်ထုတ်လုပ်မှုနှင့် ဝယ်ယူစုဆောင်းမှု၊ ယခုနှစ် ဇူလိုင်လမှစ၍ အင်္ဂလန် Premier League ဘောလုံးပွဲများ ဝယ်ယူ၍ တိုးချဲ့ထုတ်လွှင့်မည့်အစီအမံ၊ အုပ်ချုပ်မှုကိစ္စရပ်များနှင့် လုပ်ငန်းခွင်တွင် ကြုံတွေ့ရသည့်အခက်အခဲများအား ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက သတ်မှတ်ခွင့်ပြုထားရှိသည့် မီဒီယာကျင့်ဝတ်နှင့် သက်ဆိုင်ရာဥပဒေ၊ Update ညွှန်ကြားချက်များနှင့်အညီ ဂရုပြုလိုက်နာဆောင်ရွက်ရန် မှာကြားပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ မရမ်းကုန်းမြို့နယ် ရေကူးအသင်းလွှင့်ရုံဝင်းအတွင်းရှိ Forever ကုမ္ပဏီ၏ မီဒီယာလုပ်ငန်းခွင်သို့ ရောက်ရှိရာ ကုမ္ပဏီမှ တာဝန်ရှိသူများက မြေနေရာ



ငှားရမ်း၍ စတူဒီယိုများ တည်ဆောက်ကာ MRTV-4 & Channel 7 တို့ စီစဉ်ထုတ်လွှင့်မှု အစီအစဉ်နှင့်ဇာတ်လမ်းတွဲများ ရိုက်ကူးတည်းဖြတ်ထုတ်လုပ်မှု၊ တိုက်ရိုက် Live ရိုက်ကူးထုတ်လွှင့်ရေးယာဉ်များ အသုံးပြု၍ အားကစားပွဲများ သွားရောက်ရိုက်ကူးထုတ်လွှင့်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး လိုက်လံပြသကြရာ ပြည်ထောင်စုဝန်ကြီးက ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ယင်းရေကူးစက်ရုံဝင်းအတွင်းရှိ စတူဒီယိုအား ငှားရမ်းလုပ်ငန်းဆောင်ရွက်နေသော Media N ကုမ္ပဏီ၏ M Channel ရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး စတူဒီယိုအဆောက်အအုံကို ပြင်ဆင်မွမ်းမံ၍ ထိန်းသိမ်းဆောင်ရွက်ထားရှိမှုနှင့် စတူဒီယိုနှစ်ခုတွင် ရိုက်ကူးရေးလုပ်ငန်းများ ဆောင်ရွက်မှုတို့အား ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ **မြဝတီ**

# တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ပညာသင်ချီးမြှင့်ငွေနှင့် စာရေးကိရိယာများပေးအပ်




**နေပြည်တော် ဇွန် ၁၂**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ပညာသင်ချီးမြှင့်ငွေနှင့် စာရေးကိရိယာများ ပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ခွန်သန့်ဇော်ထူး၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အရာထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်ညွှန်ကြားရေးမှူးရုံးများမှ အရာထမ်း၊ အမှုထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများက Online ဖြင့် တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး တက္ကသိုလ်တက်ရောက်နေသူများနှင့် အခြေခံပညာ အထက်တန်းအဆင့် တက်ရောက်နေသော ကျောင်းသား၊ ကျောင်းသူများအား ပညာသင်ချီးမြှင့်ငွေနှင့် စာရေးကိရိယာပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများထံ ပညာသင်ချီးမြှင့်ငွေနှင့် စာရေးကိရိယာပစ္စည်းများ ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ အခမ်းအနားတွင် မူလတန်းအဆင့် ၁၄၁ ဦး၊ အလယ်တန်းအဆင့် ၄၃ ဦး၊ အထက်တန်းအဆင့် ၂၈ ဦး၊ တက္ကသိုလ်အဆင့် ၁၇ ဦး စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၂၂၉ ဦးအတွက် ချီးမြှင့်ငွေ စုစုပေါင်းငွေကျပ် ၁၃၀၀၃၈၀၀ ပေးအပ်ခဲ့ကြောင်းသိရသည်။ **မြဝတီ**


**(၁၂-၆-၂၀၂၅)ရက်နေ့ ဓာတ်သတ္တု(ရွှေ)**

**ရည်ညွှန်းဈေး(Market Rate)**

သိပ်သည်းဆ ၁၆.၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၅,၈၂၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# မွန်ပြည်နယ် အားကစားဥယျာဉ်နှင့် မွန်ပြည်နယ် လူငယ်စင်တာဖွင့်လှစ်ရန် လျာထားသည့် အဆောင်များနှင့် အခန်းဖွဲ့စည်းပုံများ ကြည့်ရှုစစ်ဆေး



**မော်လမြိုင် ဇွန် ၁၂**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်သည် မွန်ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးစောကြည်နိုင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် မွန်ပြည်နယ်အားကစားဥယျာဉ်အတွင်းရှိ တည်ဆောက်လျက်ရှိသော ဘက်စုံသုံး မိုးလုံလေလုံအားကစားခန်းမကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မွန်ပြည်နယ် လူငယ်စင်တာဖွင့်လှစ်ရန် လျာထားသည့်ကျောင်းသားအားကစားကွင်း အတွင်းရှိ အဆောင်များနှင့်အခန်းဖွဲ့စည်းပုံများကိုလည်းကောင်း၊ ရာမညအားကစားကွင်းပတ်လည်ရှိ ဖျက်သိမ်းပြီး ဈေးဆိုင်ခန်းများနှင့်ဖျက်သိမ်းရန် ကျန်ရှိသည့်ဆိုင်ခန်းများအခြေအနေကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီးလိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။ **မြဝတီ**

# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

**နေပြည်တော် ဇွန် ၁၂**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Premier Automotive Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် ZEEKR 001 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် Shwe Thway Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် BYD YUAN PLUS အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။ **မြဝတီ**



# သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) ထယ်ထိုးထည့်သွင်းခြင်း သရုပ်ပြပွဲကျင်းပ



နေပြည်တော်　ဇွန်　၁၂

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပျဉ်းမနားမြို့နယ် ကင်ပွန်းတန်းကျေးရွာအုပ်စု ကင်ပွန်းတန်းကျေးရွာ၌ ကျင်းပသော သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်) ထယ်ထိုးထည့်သွင်းခြင်းအခမ်းအနားသို့ တက်ရောက်သည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး တောင်သူများအတွက် မျိုးစပါးနှင့်ဓာတ်မြေဩဇာများ ပေးအပ်ကာ ကင်ပွန်းတန်းကျေးရွာ ကွင်းအမှတ်(၁၆၉၂)ရှိ တောင်သူဒေါ်မြင့်မြင့်အေးနှင့် ဦးနိုင်စိုးတို့၏ စိုက်ဧက ၂၅ ဧကတွင် မြေဆီလွှာအာဟာရထက်သန်ရေး သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်)ထယ်ထိုးထည့်သွင်းနေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ပျဉ်းမနားမြို့နယ်သနပ်ပင်ဆိပ်ကျေးရွာ စိုက်ပျိုးစီးပွားအသိပညာပေးစင်တာ(KC)ခန်းမ၌ တောင်သူများနှင့်တွေ့ဆုံ၍ တောင်သူများ၏ တင်ပြချက်များအပေါ် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့်ရွှေသီးနှံဆန်စက်တို့ ပူးပေါင်းဆောင်ရွက်သည့် စပါးခွံမြေဆွေးနှင့်ကြံမြုပ်ချေးပြုလုပ်ထားရှိမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပျဉ်းမနားမြို့နယ် ဇီးဖြူပင်တံတား တံတားချဉ်းကပ်လမ်းနှင့်ကျောက်စီမြေထိန်းနံရံ ပြုပြင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား ရေစီးဒဏ်ခံနိုင်ရေး၊ ရေရှည်ခိုင်ခံ့မှုရှိအောင် ဆောင်ရွက်ရေးမှာကြားသည်။

ဆက်လက်၍ ပျဉ်းမနားမြို့နယ် ဝဲကြီးကျေးရွာ ပညာဥယျာဉ်စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ တာဝန်ရှိသူများနှင့်အတူ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စာကြည့်တိုက်အတွင်း ကျောင်းသား၊ ကျောင်းသူ၊ လူငယ်လူရွယ်များစာပေဖတ်ရှုလေ့လာနေမှုနှင့် စာအုပ်စာစောင်များထားရှိမှုအခြေအနေများကိုကြည့်ရှုအားပေးကာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက စာကြည့်တိုက် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မတည်ငွေများနှင့် စာအုပ်စာစောင်များကိုလည်းကောင်း၊ နေပြည်တော်ကောင်စီဝင်များနှင့်တာဝန်ရှိသူများက စာကြည့်တိုက်အတွက် MRTV DVB–T2 Set Top Box တစ်စုံ၊ စာအုပ်စာစောင်များကိုလည်းကောင်း ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက စာကြည့်တိုက်ဖွင့်ပွဲတွင်ပါဝင်ကူညီခဲ့သည့် ရှမ်းအိုးစည်အဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်သည်။

ယင်းနောက် ပေါင်းလောင်းရေလှောင်တမံရေပိုလွှဲပထမအဆင့်ပြုပြင်ဆောင်ရွက်နေသည့် လုပ်ငန်းခွင်ကိုလည်းကောင်း၊ ဇေယျာသီရိမြို့နယ် ရန်ကုန်- မန္တလေး ပြည်ထောင်စုလမ်းမကြီးဘေး စိမ်းစားပင်ကွင်းနှင့်ပင်လောင်းလမ်းဆုံအနီး စိုက်ပျိုးထားသည့် နွေစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

အောင်ကို(ပြန်/ဆက်)

# တရားမဝင် မီးသွေး၊ Moissanite စိန်၊ ကျောက်စိမ်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ



ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ်(ကုန်လှောင်ရုံ)၌ ဖမ်းဆီးရမိမှု။



ရှမ်းပြည်နယ်၌ ဖမ်းဆီးရမိမှု။









ရန်ကုန်တိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

နေပြည်တော်　ဇွန်　၁၂

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ **ဇွန်လ ၁၀ ရက်**တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ်(ကုန်လှောင်ရုံ)၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စိန်ဟုယူဆရသော Moissanite စာတန်းပါ ရောင်စုံကျောက်ပွင့် (၁၇)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀)ကိုလည်းကောင်း၊ **ဇွန်လ ၁၁ ရက်**တွင် မရမ်းချောင်း အမြဲတမ်းစစ်ဆေးရေးစခန်း၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)ကိုလည်းကောင်း **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၄၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မွန်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဇွန်လ ၁၀ ရက်**တွင် မော်လမြိုင်မြို့၊ မြေနီကုန်းကားဝင်း၊ ရွှေစင်ကြယ်ကားဂိတ်၊ PK ကားဂိတ်နှင့် Universal ကားဂိတ်တို့အနီး၌ စုပုံထားသော အကောက်ခွန်မဲ့ စားသောက်ကုန်ပစ္စည်း (၁၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၂၂၀၀၀) ကိုလည်းကောင်း၊ **ဇွန်လ ၁၁ ရက်**တွင် သံလွင်တံတား (မော်လမြိုင်) ပူးပေါင်းစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၃၃၇၅၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀)ကိုလည်းကောင်း **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၂၃၅၉၅၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဇွန်လ ၁၁ ရက်**တွင် ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မူဆယ်မြို့၊ ဆင်ဖြူဂိတ်၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟုယူဆရသော ကျောက်တုံးကျောက်ခဲ (အရွယ်စုံ၊ ဆိုဒ်စုံ) (၅၆)ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၉၈၄၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Windom (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ကျိုင်းတုံမြို့ရှောင်လမ်း၊ ကျိုင်းဖောင်းကျေးရွာအနီး လမ်းဘေးတစ်နေရာ၌စုပုံထားသော အကောက်ခွန်မဲ့စားသောက်ကုန်ပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၅၀၀၀၀)ကိုလည်းကောင်း **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၈၃၄၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မကွေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မင်းလှမြို့နယ်၊ တောင်ဦးကျေးရွာအနီး၌ တရားမဝင် မီးသွေး (၈ ဒသမ ၅၃၂)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ဒဂုံမြို့နယ်၊ အမှတ် (၂)လမ်းမကြီး၊ သံလမ်းအနီး၌ သာမညမှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်(၃)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၂)မျိုး၊ လူသုံးကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၁၂၄၆၃၁)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Dong Feng Tractor Head (၂)စီး၊ Man Tractor Head (၁)စီးနှင့် နောက်တွဲယာဉ် (၃)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၄၀၀၀၀၀၀၀) **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၉၇၁၂၄၆၃၁)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဇွန်လ ၁၁ ရက်**တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ်(၁၉)စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်(၈၇)စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၂၀)မှု (ခန့်မှန်းတန်ဖိုးငွေကျပ်၁၀၁၃၆၃၈၁၃၁)** ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်တင်သွင်းမှုများကြောင့် သွင်းကုန်အစားထိုးပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်၍ ၎င်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှသိရသည်။

မြဝတီ

# ငလျင်ဒဏ်သင့်အဆောက်အအုံများပြုပြင်တည်ဆောက်ခြင်းနှင့်ပတ်သက်၍ မြေပြင်လက်တွေ့ အသုံးချနိုင်ရေး နည်းပညာဆိုင်ရာ(Knowledge Sharing)ဆွေးနွေးပွဲကျင်းပ




နေပြည်တော်  ဇွန်  ၁၂

ငလျင်ဒဏ်သင့်အဆောက်အအုံများ ပြုပြင်တည်ဆောက်ခြင်းနှင့်ပတ်သက်၍ မြေပြင်လက်တွေ့အသုံးချနိုင်ရေး နည်းပညာဆိုင်ရာ (Knowledge Sharing) ဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၁၁) စုဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မတ်လ ၂၈ ရက်ကဖြစ်ပွားခဲ့သည့် ငလျင်ကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် အဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်နိုင်ရေးအတွက် **“ငလျင်ဒဏ်သင့် အဆောက်အဦများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေး ကြီးကြပ်မှုကော်မတီ”**၏လမ်းညွှန်ချက်အရ အဆောက်အအုံများ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသော ဌာနအသီးသီးနှင့်အသင်းအဖွဲ့များ၊ ကုမ္ပဏီများမှပညာရှင်များက မြေပြင်တွင် လက်တွေ့လုပ်ကိုင်ဆောင်ရွက်နေသော ကြီးကြပ်သူတာဝန်ခံအင်ဂျင်နီယာများနှင့် ကန်ထရိုက်တာများကို ပြုပြင်ရေးနည်းစနစ်များကို နားလည်သိရှိစေရန်နှင့် လုပ်ငန်းခွင်များတွင် စနစ်တကျပြန်လည်အသုံးချနိုင်ရန် ရည်ရွယ်ချက်ဖြင့် ယနေ့ နည်းပညာဆွေးနွေးပွဲကို Knowledge Sharing အနေဖြင့် ကျင်းပရခြင်းဖြစ်ကြောင်း။

ငလျင်ဒဏ်ကြောင့် အဆောက်အအုံများ ပျက်စီးမှုအနည်းအများအလိုက် အပြာရောင်အဆင့်၊ လိမ္မော်ရောင်အဆင့်နှင့် အနီရောင်အဆင့်အဖြစ် ခွဲခြားသတ်မှတ်ခဲ့ပြီး သာမန်ပျက်စီးမှုဖြစ်သည့် အပြာရောင်အဆင့် ရုံးအဆောက်အအုံနှင့်ဝန်ထမ်းအိမ်ရာအဆောက်အအုံများကို ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ လိမ္မော်ရောင်အဆင့် ရုံးအဆောက်အအုံနှင့်ဝန်ထမ်းအိမ်ရာများကို PE(Structure/Construction)၏ကြီးကြပ်မှုဖြင့် ပြင်ဆင်ရမည့်နည်းလမ်းအတိုင်း လိုက်နာ၍ Quality Control ထားရှိပြီး အရည်အသွေးစစ်ဆေးမှုများဆောင်ရွက်ရန်လိုကြောင်း၊ ပျက်စီးမှုကြီးမားသည့် အနီရောင်အဆင့်သတ်မှတ်ထားသောအဆောက်အအုံများအား ကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက်နည်းလမ်းများအတိုင်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဦးကျော်သူအောင် Director (Business Development) က **“Product development for Earthquake Repair Works”** ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဦးနေလင်းထက် General Manager of Construction Chemicals Department က **“Repair & Retrofitting works for damages due to earthquake”** ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒေါ်ဖူးပွင့်ဖြိုး Senior Sales Solutions Engineer Project Solutions and Engineering Sales Department က **“Mapei FRP System for Structure Strengthening Works”** ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးကြသည်။

ထို့နောက် မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ်မှ တွဲဖက်အတွင်းရေးမှူး ဦးအေးလင်းက **“လုပ်ငန်းခွင်အတွင်း SOP နှင့်အညီ ပြင်ဆင်ခြင်းအတွေ့အကြုံများမျှဝေခြင်း”** ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ခံအင်ဂျင်နီယာ ဦးချမ်းငြိမ်းကိုက **“အဝါရောင်အဆင့် အဆောက်အအုံနှင့် ပတ်သက်သောလေ့လာတွေ့ရှိချက်များအကြောင်း”** ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦဦးစီးဌာနမှ အင်ဂျင်နီယာချုပ် ဦးကျော်မင်းအေးက **“အပြာရောင်နှင့် လိမ္မော်ရောင်အဆင့်ပျက်စီးမှုများအတွက် ဆောင်ရွက်သင့်သည့် ပြုပြင်နည်းစနစ်များ”** ခေါင်းစဉ်ဖြင့်လည်းကောင်း ရှင်းလင်းတင်ပြဆွေးနွေးကြသည်။

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာသည့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆောက်လုပ်ရေးလုပ်ငန်းအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ငလျင်ဒဏ်သင့်အဆောက်အအုံများကိုပြန်လည်ပြုပြင်တည်ဆောက်ခြင်း ဆောင်ရွက်နေသောကုမ္ပဏီများမှ အင်ဂျင်နီယာများကသိရှိလိုသည်များကို အပြန်အလှန်မေးမြန်းခြင်း၊ ဖြေကြားခြင်းများ ပြုလုပ်ပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှတာဝန်ရှိသူများ၊ မြန်မာနိုင်ငံလိုင်စင်ရကန်ထရိုက်တာများအသင်းချုပ်၊ မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းနှင့် မြန်မာမြို့ပြအခြေခံအဆောက်အဦဖွံ့ဖြိုးရေးအသင်းတို့မှ တာဝန်ရှိသူများနှင့် မြေပြင်တွင် အဆောက်အအုံပြုပြင်ခြင်းဆောင်ရွက်နေသည့် တည်ဆောက်ရေးကုမ္ပဏီများမှ တာဝန်ခံအင်ဂျင်နီယာများ တက်ရောက်ကြကြောင်း သိရသည်။ **မြဝတီ**

# ထိရောက်သည့်အခွန်စနစ်ဖြစ်ပေါ်စေရေးအတွက် ဆောင်ရွက်မည့်အစီအမံများနှင့်စပ်လျဉ်း၍ စီမံချက်ရေးဆွဲပြုစုတင်ပြရေးအစည်းအဝေးကျင်းပ

နေပြည်တော်  ဇွန်  ၁၂

ထိရောက်သည့်အခွန်စနစ်ဖြစ်ပေါ်စေရေးအတွက် ဆောင်ရွက်မည့်အစီအမံများနှင့်စပ်လျဉ်း၍ စီမံချက်ရေးဆွဲပြုစုတင်ပြရေးအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ်(၃၂) အစည်းအဝေးခန်းမ၌ ကျင်းပရာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းထွဋ်၊ နေပြည်တော်ကောင်စီဝင်၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ စီးပွားရေးရာဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက အမှာစကားပြောကြားပြီး ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် အခွန်ကောက်ခံရန်လျာထားချက်နှင့် ထိရောက်သည့် အခွန်စနစ်ဖြစ်ပေါ်လာစေရေးအတွက် သုံးသပ်လေ့လာတွေ့ရှိချက်များကိုလည်းကောင်း၊ နေပြည်တော်ကောင်စီဝင်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်စီးပွားရေးရာဝန်ကြီးများက ဒေသတွင်အခွန်တိုးတက်ကောက်ခံရရှိရေးအတွက် ဆက်လက်ဆောင်ရွက်မည့်အခြေအနေများကိုလည်းကောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများက အခွန်ကောက်ခံရရှိမှုအခြေအနေများကိုလည်းကောင်း ဆွေးနွေးကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် SME နှစ်ဆင့်ချေးငွေစီမံကိန်းအကောင်အထည်ဖော်မှုနှင့်စပ်လျဉ်း၍ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဘဏ်ချေးငွေရရှိရေးလုပ်ငန်းအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၂/၂၀၂၅)ကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ်(၂၆) အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ ဒုတိယဝန်ကြီး ဦးမင်းထွဋ်က SME နှစ်ဆင့်ချေးငွေစီမံကိန်းအဆင့်-၁ ကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှ စတင်ဆောင်ရွက်ခဲ့ပြီး စီမံကိန်းအဆင့်-၂ ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ စီမံကိန်းအဆင့်-၁ တွင် ငွေရေးကြေးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်သည့်အဖွဲ့အစည်း (Participating Financial Institutions – PFI) ဘဏ်ခြောက်ဘဏ်မှ တစ်ဆင့် ၂၀၂၅ ခုနှစ် မေလကုန်အထိ SME လုပ်ငန်းရှင် ၆၉၇ ဦးသို့ ချေးငွေကျပ် ၁၆၈ ဒသမ ၂၆၅ ဘီလီယံ ထုတ်ချေးခဲ့ပြီးဖြစ်ကြောင်း၊ စီမံကိန်းအဆင့်-၂ တွင် PFI ဘဏ် ၁၁ ဘဏ်မှတစ်ဆင့် ၂၀၂၅ ခုနှစ် မေလကုန်အထိ SME လုပ်ငန်းရှင် ၁၉၉၁ ဦးသို့ ချေးငွေကျပ် ၄၀၃ ဒသမ ၄၅၀ ဘီလီယံ ထုတ်ချေးခဲ့ပြီးဖြစ်ကြောင်း၊ စီမံကိန်းရည်မှန်းချက်များကို ပြည့်မီစွာဆက်လက်အကောင်အထည်ဖော်နိုင်ရေးအတွက်ချေးငွေစည်းကမ်းများနှင့်အညီ ချေးငွေများကို သတ်မှတ်ချိန်အတွင်း ပြန်လည်ပေးဆပ်နိုင်ရေးနှင့် ချေးငွေအသစ်များကို သတ်မှတ်ထားသည့် ချေးငွေစည်းမျဉ်း/စည်းကမ်းများနှင့်အညီ ထုတ်ချေးနိုင်ရေး စနစ်တကျကြီးကြပ်ကွပ်ကဲဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ချေးငွေများထုတ်ချေးရာတွင် ကြုံတွေ့နေရသည့်အခက်အခဲများနှင့် ယင်းအခက်အခဲများကို ဖြေရှင်းနိုင်မည့်နည်းလမ်းများကို လုပ်ငန်းကော်မတီဝင်များက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြရန် ပြောကြားသည်။

ထို့နောက် လုပ်ငန်းအဖွဲ့ဝင်များက SME နှစ်ဆင့်ချေးငွေထုတ်ပေးထားမှု၊ ချေးငွေပြန်လည်ပေးဆပ်မှုနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို တင်ပြဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြဝတီ**

# ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော်  ဇွန်  ၁၂

မြန်မာနိုင်ငံတွင် မတ်လ ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့်ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီးနှင့် ပြည်နယ်ခြောက်ခုတို့တွင် ယနေ့အထိ သေဆုံးသူ ၃၇၄၅ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၆၁ ဦးရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၂၄ ဦးကို ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်းစေတနာရှင်အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင်အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ ဇွန်လ ၁၁ ရက် ညနေ ၅ နာရီမှ ဇွန်လ ၁၂ ရက် ညနေ ၅ နာရီအတွင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ စင်ကာပူနိုင်ငံ Lotus Light Charity Society ကလှူဒါန်းသည့် အသင့်စားခေါက်ဆွဲခြောက် (အလေးချိန်သုည ဒသမ ၁၈၅ တန်) ရောက်ရှိခဲ့သည်။

အဆိုပါထောက်ပံ့သည့် စားသောက်ကုန်ပစ္စည်းများကို ဘေးသင့်ပြည်သူများလက်ဝယ်အရောက် အမြန်ဆုံးခွဲဝေထောက်ပံ့လျက်ရှိကြောင်း သတင်းရရှိသည်။

**မြဝတီ**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နှစ်(၃၀)ပြည့် ပုလဲရတုနှစ်ပတ်လည်နေ့အထိမ်းအမှတ် ဝန်ထမ်းများစုပေါင်းသွေးလှူဒါန်း



**နေပြည်တော် ဇွန် ၁၂**

၂၀၂၅ ခုနှစ် ဇွန်လ ၁၅ ရက်တွင် ကျရောက်မည့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန နှစ်(၃၀)ပြည့် ပုလဲရတုနှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ ဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်းခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) အစည်းအဝေးခန်းမဆောင်(၂)၌ ကျင်းပသည်။

အခမ်းအနားသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများတက်ရောက်ကြပြီး သွေးလှူဒါန်းကြမည့် ဝန်ထမ်းများအား သွေးပေါင်ချိန်တိုင်းစစ်ဆေးမှု၊ သွေးအမျိုးအစားခွဲခြားသတ်မှတ်မှုနှင့် သွေးအလှူရှင်အား နည်းပညာအသုံးပြုမှတ်တမ်းတင်ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများသည် ခန်းမအတွင်း၌ သွေးလှူဒါန်းနိုင်ရေး စစ်ဆေးပြီးစီးသည့် ဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်းနေမှုကို လိုက်လံကြည့်ရှုအားပေးစကားပြောကြားကြပြီး သွေးအလှူရှင်ဝန်ထမ်းများအား အာဟာရဖြည့်စွက်စာများနှင့် ချီးမြှင့်ငွေများကို ပေးအပ်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)တွင် ဆေးရုံတက်ရောက်ကုသမှုခံယူနေသည့်လူနာများအတွက် တစ်နေ့တာကျွေးမွေးစရိတ်ငွေကျပ် ၂၅ သိန်းနှင့် PPE ဝတ်စုံ ၃၆ စုံတို့ကို ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ကြောင်း သတင်းရရှိသည်။

မြဝတီ

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီချွမ်ပြည်နယ် ချန်ဒူးမြို့၌ကျင်းပသော 2nd Belt and Road Initiative Science and Technology Exchange Conference သို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် တက်ရောက်

**နေပြည်တော် ဇွန် ၁၂**

2nd Belt and Road Initiative Science and Technology Exchange Conference အခမ်းအနားသို့ တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီချွမ်ပြည်နယ် ချန်ဒူးမြို့၌ ရောက်ရှိနေသော သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် ဇွန်လ ၁၀ ရက်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Chen Jiachang နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား သိပ္ပံနှင့် နည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များ ဆောင်ရွက်ရေး၊ ပူးတွဲသုတေသနလုပ်ငန်းများဆောင်ရွက်ရေး၊ နယ်ပယ်အသီးသီးတွင် AI နည်းပညာအသုံးချမှု ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် နှစ်နိုင်ငံ တက္ကသိုလ်များအကြား နားလည်မှုစာချွန်လွှာများ ရေးထိုးနိုင်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် 2nd Belt and Road Initiative Science and Technology Exchange Conference အခမ်းအနားတွင် ခင်းကျင်းပြသထားသော နည်းပညာပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

ဇွန်လ ၁၁ ရက် နံနက်ပိုင်းကလည်း ပြည်ထောင်စုဝန်ကြီးသည် 2nd Belt and Road Initiative Science and Technology Exchange Conference ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် Goals and Practice of Poverty Alleviation Through Science and Technology ဖိုရမ်သို့ တက်ရောက်အဖွင့်အမှာစကားပြောကြားပြီး သိပ္ပံနှင့်နည်းပညာဖလှယ်ရေးဆိုင်ရာရုပ်ဝန်းနှင့် ပိုးလမ်းမဝန်ကြီးများအဆင့်အစည်းအဝေးသို့ တက်ရောက်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ




## ရန်ကုန်မြို့ရှိ အားကစားကွင်း / အားကစားရုံများနှင့် စခန်းသွင်းလေ့ကျင့်နေသည့် အားကစားအဖွဲ့များ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇွန် ၁၂**

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညဏ်ဇော်ဦးတို့သည် ယမန်နေ့မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျိုက္ကဆံအားကစားကွင်းအတွင်းရှိ နပန်းအားကစားရုံနှင့် ပဏာမလက်ရွေးစင်အားကစားသမားများထားရှိရာ လေးထပ်အိပ်ဆောင်ရှိ စားရိပ်သာ၊ ချက်ပြုတ်ဆောင်၊ စတိုခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။




ထို့နောက် တာမွေမြို့နယ်ရှိ ဘိုးလင်းအားကစားရုံသို့ရောက်ရှိပြီး မြန်မာနိုင်ငံဘိုးလင်းအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် တွေ့ဆုံ၍ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် လူရွေးချယ်ရေး၊ စနစ်တကျပါဝင်ယှဉ်ပြိုင်နိုင်ရေး၊ ဆုတံဆိပ်ရရှိအောင်ဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးပြောကြားပြီး ပဏာမလက်ရွေးစင် ဘိုးလင်းအားကစားသမားများနှင့် ဉာဏ်ရည်မသန်စွမ်းလက်ရွေးစင်အားကစားသမားများ လေ့ကျင့်နေမှုတို့ကို ကြည့်ရှုအားပေးသည်။

ယင်းနောက် သုဝဏ္ဏအားကစားဇုန်နယ်မြေအတွင်းရှိ အမျိုးသားဂေါက်သီးရိုက်လေ့ကျင့်ရေးကွင်းမြေနေရာနှင့် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏတို့ကိုလှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များမှာကြားပြီး အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် စခန်းဝင်လေ့ကျင့်နေသော ပဏာမလက်ရွေးစင်ဘီလီယက်နှင့် စနူကာအားကစားသမားများလေ့ကျင့်နေမှုတို့ကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လူငယ်အားကစားလေ့ကျင့်ရေးစခန်းသုဝဏ္ဏရှိ တိုက်ကွမ်ဒိုအားကစားရုံသို့ရောက်ရှိပြီး ပဏာမလက်ရွေးစင်တိုက်ကွမ်ဒိုအားကစားသမားများ လေ့ကျင့်နေမှုနှင့် ပိုက်ကျော်ခြင်းအားကစားရုံ၌ ပဏာမလက်ရွေးစင်ပိုက်ကျော်ခြင်းအားကစားသမားများလေ့ကျင့်နေမှုတို့ကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

## သခင်ဖိုးလှကြီးဒိုင်း အလွတ်တန်းဖိတ်ခေါ် ဘောလုံးပြိုင်ပွဲကျင်းပမည်

**ရန်ကုန် ဇွန် ၁၂**

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်ကြီးကြပ်မှုဖြင့် မကွေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန မကွေးတိုင်းဒေသကြီးဘောလုံးအဖွဲ့ချုပ်တို့ပူးပေါင်းကျင်းပမည့် သခင်ဖိုးလှကြီးဒိုင်း အလွတ်တန်းဖိတ်ခေါ်(ရှုံး/ထွက်)ဘောလုံးပြိုင်ပွဲကို ဇူလိုင်လ ၁၆ ရက်တွင် မကွေးတိုင်းဒေသကြီးဘောလုံးကွင်း၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲဝင်မည့်အသင်းများသည် ဇူလိုင်လ ၁၀ ရက်တွင် စာရင်းပေးပို့ရမည်ဖြစ်ရာ အသင်းများပွဲစဉ်အလိုက် လူပြောင်းလဲမှတ်ပုံတင်ခွင့်ရှိပြီး ကစားသမားတစ်ဦးသည် အသင်းတစ်သင်းကိုသာ ကိုယ်စားပြုကစားခွင့်ပြုမည်ဖြစ်သည်။

ဆုကြေးအဖြစ် ပထမဆုငွေကျပ်သိန်း ၁၀၀၊ ဒုတိယဆုငွေကျပ် ၇၅ သိန်း၊ ပွဲစဉ်အလိုက်အကောင်းဆုံးဆု(MOM) ငွေကျပ်တစ်သိန်း၊ ဗိုလ်လုပွဲအထိ အကောင်းဆုံးဆုငါးဆုကို ငွေကျပ်နှစ်သိန်းစီချီးမြှင့်မည်ဖြစ်၍ ပြိုင်ပွဲဝင်မည့်အသင်းများသည် ဖုန်း-၀၉-၄၀၀၄၂၅၆၉၇၊ ၀၉-၅၃၄၁၈၉၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **ဝန်းရံခ**

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၅˚c | / | ၃၂˚c |
| ရန်ကုန် | ၂၅˚c | / | ၃၃˚c |
| မန္တလေး | ၂၆˚c | / | ၃၃˚c |

**လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ**

**အဖိုးတန်ရေချိုကို ချွေတာကြပါစို့**

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

## SAC Chairman Prime Minister Senior General Min Aung Hlaing sends message of condolence to Her Excellency Smt. Droupadi Murmu, President of the Republic of India, expressing his sorrow over the loss of many lives due to the crash of Indian airline flight AI-171

NAY PYI TAW June 12

Chairman of the State Administration Council and Prime Minister Senior General Min Aung Hlaing sent a message of condolence to Her Excellency Smt. Droupadi Murmu, President of the Republic of India, expressing his sorrow over the loss of many lives due to the crash of Indian airline flight AI-171 near Ahmedabad, India, today.

The message stated: We are deeply saddened to learn that Air India flight AI-171 crashed near Ahmedabad, the Republic of India, on 12 June 2025, resulting in a significant loss of life. At this sorrowful time, on behalf of the Government and people of Myanmar, I extend our heartfelt condolences and sympathies to Your Excellency and the people of India. We stand in solidarity with the Republic of India during this difficult time. Our thoughts and prayers are with the victims, their families, and all those affected by this tragic incident. We continue to hold them in our hearts with deepest sympathy and respect.

Chairman
State Administration Council
Republic of the Union of Myanmar

Dated, 12 June 2025

Excellency,

It is with great sorrow to learn of the tragic news of the crash of Air India flight AI–171 near Ahmedabad, India on 12 June 2025 which claimed the loss of many lives.

On behalf of the people of Myanmar and on my own behalf, I wish to express our deepest sympathies and condolences to Your Excellency and the people of India in this time of immense grief.

Our thoughts and prayers are with those who have lost loved ones, and we stand in solidarity with India.

Please accept, Excellency, the assurances of my highest consideration.

Senior General Min Aung Hlaing

Her Excellency Smt. Droupadi Murmu
President
Republic of India
New Delhi

## SAC Chairman Prime Minister Senior General Min Aung Hlaing sends message of condolence to Prime Minister of the Republic of India Shri Narendra Modi, expressing deep sorrow over the loss of many lives due to the crash of Indian airline AI-171

NAY PYI TAW June 12

Chairman of the State Administration Council and Prime Minister Senior General Min Aung Hlaing sent a message of condolence to Prime Minister of the Republic of India Shri Narendra Modi, expressing deep sorrow over the loss of many lives due to the crash of Indian airline AI-171 near Ahmedabad, India, today.

The message mentioned: We are deeply saddened to learn that Air India flight AI-171 crashed near Ahmedabad, Republic of India, on 12 June 2025, resulting in the tragic loss of many lives. At this sorrowful time, on behalf of the Government and people of Myanmar, I would like to express our heartfelt condolences and sympathy to the bereaved families and the people of India. We send our thoughts and prayers to all those who lost their lives, to their families, and to everyone affected by this tragic incident. During this time of grief, Myanmar stands in solidarity with the Republic of India and continues to hold deep respect and affection for Your Excellency and the people of India.

Prime Minister
Republic of the Union of Myanmar

Dated, 12 June 2025

Excellency,

I was deeply saddened to learn of the tragic crash of Air India flight AI–171 near Ahmedabad, India on 12 June 2025, that resulted in massive loss of lives.

On behalf of the Government and people of Myanmar, and on my own behalf, I wish to extend my heartfelt condolences and deepest sympathies to Your Excellency, and the people of India during this time of great sorrow.

Our thoughts and prayers are with the victims, their families, and all those affected by this immense tragedy. Myanmar stands in solidarity with India in this moment of profound grief.

Please accept, Excellency, the assurances of my highest consideration.

Senior General Min Aung Hlaing

His Excellency Shri Narendra Modi
Prime Minister
Republic of India
New Delhi

# State Administration Council
# Press Release
# Re-invitation to Myanmar citizens who reside in various regions for many reasons

1. Some student youths, State service personnel and citizens evaded to areas of EAOs and foreign countries with worries because of incitements and intimidation of NLD members, extremist followers, unlawful associations and terrorist groups such as CRPH and NUG, incitement of CDM, and the persons and organizations at home and abroad not wishing to restore the peace and stability of the State since after 1 February 2021 when the Tatmadaw assumed the State responsibility.

2. They are further worried about the dictatorship statement and speeches of unlawful association and terrorist group CRPH and NUG, and some relevant persons. As they face no security guarantee and difficulties in socio-economic life in their areas, they wish to return to their native lands.

**3. The State Administration Council will specially ease the restrictions for service personnel, intellectuals and intelligentsia, and the persons from various arenas and citizens who evaded from the country with worries, except the persons who committed murders, robbery, setting fire, mine explosions and intentional attacks on security troops, those who crowded to attack public service personnel and some people, those who destroyed government owned buildings and private owned buildings and those who deeply participated in the CDM activities with providing monetary assistance and other ways.**

4. As those who evaded from their native areas are also citizens, the State Administration Council will arrange their returns from the evaded areas to various parts of Myanmar.

5. As such, the information was released that if those who evaded to various areas, except the persons who committed any kinds of crime, wish to return to their native lands in Myanmar of their own accord due to various worries, the citizens abroad are to contact nearby ward, village, township and district administration bodies and relevant embassies, military attaché offices and consulates in accord with the easing restrictions under the law.

**Information Team**
**State Administration Council**

# Authorities set plan to grow more than 64,000 acres of monsoon paddy in Homalin Township this year

HOMALIN June 12

Local farmers will grow more than 64,000 acres of monsoon paddy in Homalin Township of Sagaing Region this year, according to Homalin Township Agriculture Department.

For the 2025-2026 monsoon cropping season, it is planned to cultivate 64,290 acres of monsoon paddy in Homalin Township. This cultivation is scheduled to take place from June to September of this year.

"This year, during the monsoon cropping season, over 64,000 acres of monsoon paddy are planned to be grown in Homalin Township. We will carry out necessary measures to ensure the full target acreage is cultivated. We will provide the necessary technology and quality seeds for monsoon paddy cultivation. To help farmers plant on time, we will also conduct on-site field support," said Daw Su Su Htwe, Head of the Homalin Township Department of Agriculture.

In order to ensure systematic monsoon paddy cultivation without difficulties this year, cooperation between the relevant township agriculture department and local farmers will be carried out.

Farmers in Homalin Township will be provided with agricultural technical assistance, pest and disease prevention awareness, guidance to prevent crop loss, and post-harvest support to ensure timely storage of harvested paddy under proper cover.

This year, in order to ensure success and high yields from monsoon paddy fields in Homalin Township, staff from the township agriculture department will provide field-level technical assistance such as selecting quality and pure seeds, preventing pest infestations, weeding and thinning, removing inferior varieties, and applying fertilizers systematically.

**SK**

# Nattalin Township plans to cultivate more than 110,000 acres of rain-fed rice

NATTALIN June 12

Nattalin Township in the Bago Region is preparing to cultivate 110,262 acres of rain-fed rice as part of an effort to boost the local rice supply.

The township primarily grows rice varieties such as Sinthukha, Yadanartoe, Vietnam, Hmawbi-3, and Thaihnankauk. According to the Department of Agriculture, this year's plan includes the cultivation of rainfed rice across the entire 110,262 acres using various farming methods.

To enhance rice productivity, the Department of Agriculture is distributing high-quality rice seeds and promoting good agricultural practices. It is also organizing training sessions and seminars on the timely and effective use of both chemical and organic fertilizers, rice salting techniques, and pest prevention and control methods.

Additionally, awareness campaigns are being conducted to support farmers in growing alternative crops and ensure that all recommended practices are implemented effectively and correctly.

**SMK**

# Myanmar aims to achieve sesame, maize export targets of US$-517 million in this FY

YANGON June 12

Myanmar Pulses, Beans, Maize and Sesame Seeds Merchants Association aims to achieve sesame and maize export targets of US$-517 million in the 2025-2026 financial year.

The association targets to export 1.36 million bags of maize in the 2025- 2026 financial year to bag US$-354 million. Around 90,000 tons of sesame are also planned to be exported this FY, with an expected income of US$-163 million.

The association is making efforts to export value-added products such as corn silage and corn syrup. At present, the sesame export market has been sluggish. Therefore, the association is exploring new market potentials, and discussions with trade partners are ongoing.

Myanmar exported 2.4 million tonnes of maize in the previous financial year 2024-2025, generating an income of US$-574 million. Thailand is the top importer of Myanmar's maize. Myanmar's maize is flowing into Thailand under a zero-tariff benefit. Thailand gives the green light for maize imports under zero tariff (with Form-D), between 1 February and 31 August. Myanmar also exports maize to India, the Philippines and Vietnam.

Myanmar's various sesame exports amounted to US$-114 million with 74,000 tons. Myanmar's sesame is primarily exported to China, and also sent to Thailand, the Republic of Korea, Japan and Singapore. **SK**

# Air India plane crashes near airport in India's Gujarat

NEW DELHI June 12

An Air India flight to London with 242 people on board, including two pilots and 10 cabin crew members, crashed Thursday shortly after takeoff from an airport in the western Indian state of Gujarat, officials said.

The flight took off from the Sardar Vallabhbhai Patel International Airport in Ahmedabad, about 17 km south of Gandhinagar, the capital city of Gujarat.

According to Air India, the Boeing 787-8 aircraft departed from Ahmedabad at 13:38 local time and was carrying 242 passengers and crew members.

"Of these, 169 are Indian nationals, 53 are British nationals, one Canadian national and seven Portuguese nationals," the airline said.

Air India has expressed condolences to the families of all those affected by this devastating event.

"With profound sorrow, I confirm that Air India Flight 171 operating Ahmedabad-London Gatwick was involved in a tragic accident today. Our thoughts and deepest condolences are with the families and loved ones of all those affected by this devastating event," N Chandrasekaran, chairman of Air India, said in a statement.

Chandrasekaran said further updates will be shared as they receive more verified information.

"An emergency center has been activated and support teams have been set up for families seeking information," he further said.

Local media reports said the plane had reached approximately 825 feet when it suddenly descended. Police said the plane crashed on the building of a doctors' hostel.

There were no reports of any survivors currently, and officials, so far, have not issued any statement on the number of casualties or injured in the crash.



"As per preliminary information, a London-bound Air India flight has crashed at the doctors' hostel. Within 2-3 minutes, police and other agencies reached the spot. Almost 70-80 percent of the area has been cleared. All agencies are working here," a police official told media.

Reports said the passenger aircraft went down in the Meghani area of the city.

According to officials, immediately after the crash, authorities rushed over two dozen ambulances to the spot to carry out rescue work.

Video footage from the site aired on television news channels shows thick columns of smoke rising from the ground.

Police have diverted traffic from the area, and a green corridor has also been established to ferry the injured quickly to the hospital.

**Xinhua**

# One survivor found in India plane crash: Media reports

NEW DELHI June 12

One passenger onboard the ill-fated plane that crashed in west India was rescued alive after several hours had lapsed since the tragedy occurred, confirmed a top cop on Thursday.

However, the identity of the lone survivor could not be ascertained yet.

"The police found one survivor in seat 11A. The survivor is under treatment. Cannot say anything about the number of deaths yet. The death toll may increase as the flight crashed in a residential area," media reports quoted Ahmedabad Police Commissioner G.S. Malik as saying.

The Air India flight had 169 Indian nationals, 53 British nationals, seven Portuguese nationals and one Canadian on board when it crashed shortly after takeoff from the Sardar Vallabhbhai Patel International Airport in Ahmedabad, about 17 km south of Gandhinagar, the capital city of Gujarat.

There were also 12 cabin crew members on board.

**Xinhua**

# Air India's parent company to provide over 116,000 USD to families of each killed in plane crash

NEW DELHI June 12

Indian multinational conglomerate Tata Group, which owns Air India, said it will provide a compensation of 10 million rupees (around 116,854 U.S. dollars) to the families of each person who was killed in Thursday's plane crash in the western Indian state of Gujarat.

It also announced that it will bear the cost of the medical expenses of those injured and pledged to provide support for rebuilding the medical hostel that was hit in the crash.

"We are deeply anguished by the tragic event involving Air India Flight 171. No words can adequately express the grief we feel at this moment. Our thoughts and prayers are with the families who have lost their loved ones, and with those who have been injured. Tata Group will provide 1 crore Indian rupees (10 million Indian rupees) to the families of each person who has lost their life in this tragedy," N Chandrasekaran, Chairman of Tata Sons, said in a statement.

"We will also cover the medical expenses of those injured and ensure that they receive all necessary care and support. Additionally, we will provide support in the building up of the B J Medical's hostel. We remain steadfast in standing with the affected families and communities during this unimaginable time."

The London-bound Air India Boeing 787-8 Dreamliner with 242 people on board crashed at the premises of a medical college immediately after takeoff from the Sardar Vallabhbhai Patel International Airport in Ahmedabad, about 17 km south of Gandhinagar, the capital city of Gujarat.

According to the Federation of All India Medical Associations (FAIMA) Doctors Association, one person was killed, while at least seven are reported missing, besides 50 others injured at the premises of B J Medical College, where the flight crashed, causing severe damage to the buildings.

**Xinhua**

# Ukraine, Russia conduct 2nd phase of prisoner swap

MOSCOW June 12

Ukraine and Russia on Thursday carried out the second phase of a prisoner exchange involving seriously ill and severely wounded captives, according to Ukrainian authorities.

Ukrainian President Volodymyr Zelensky said on Telegram that servicemen from the Ukrainian Armed Forces, the National Guard and the State Border Guard Service were among those released.

Meanwhile, the Russian defence ministry said another group of Russian servicemen have returned from Ukrainian captivity and are currently receiving necessary medical and psychological assistance in Belarus.

The exchange is a part of a broader prisoner swap between Ukraine and Russia, which started on Monday in line with an agreement reached in Türkiye's Istanbul last week.

**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Urgent 'do not eat' warning issued for popular sweets due to cancer fears

An urgent recall for several popular Jolly Rancher sweet products has been issued over fears they contain a banned ingredients linked to cancer.

Those who've already eaten them should not panic, watchdog the Food Standards Agency (FSA) has warned, as the risk is low, but urged customers to disposed of them.

These include Hard Candy, 'Misfits' Gummies, Hard Candy Fruity 2 in 1, and Berry Gummies, all made by Hershey.

The sweets were found to contain the harmful chemicals Mineral Oil Aromatic Hydrocarbons (MOAH) and Mineral Oil Saturated Hydrocarbon (MOSH).

These chemicals, derived from crude oil, have been linked to serious illnesses including cancer, particularly in the liver and lymph nodes.

This makes the sweets unsafe to eat, particularly over long periods of time, and not compliant with UK law.

American multi-national firm Hershey told UK regulators it has already taken action to remove the affected brands from the British market.

But the FSA warned that some businesses are still selling Jolly Rancher products containing the banned additive, and have urged authorities to remove them from shelves.

The FSA said: 'Consumption of the affected sweets is of toxicological concern, especially in younger age groups and where consumers eat a lot of the products or eat them regularly.'

It isn't just Jolly Ranchers – experts warn there are numerous US products with illegal ingredients making their way to the UK.




Earlier this year, it was revealed sweets, fizzy drinks and crisps containing illegal ingredients, imported from the US, were 'flooding the UK'.

These included Fanta Pineapple, Mountain Dew, Swedish Fish, Prime Hydration, Cheetos Crunchy and Twizzlers Strawberry Twists and Rainbow Twists.

The potentially harmful and illegal substances included brominated vegetable oil, known as BVO, which is found in the fizzy drink Mountain Dew.

Others include Red Dye 3, widely used to add colour to jelly beans and preserved cherries, and white mineral oil, which is used to make popular sweets, Swedish Fish.

It follows the recent recall of another popular American product – Dr Pepper – over major health problems.

In the US, health officials recalled 19,203 12oz cans of Dr Pepper Zero Sugar after discovering that they are 'full of sugar'.

The Food and Drug Administration announced a voluntary recall of the 12-pack and 24-pack cases of Dr Pepper Zero Sugar last month.

But then the federal agency updated the severity of the recall to Class II – meaning that the use of any Dr Pepper Zero Sugar can cause temporary or medically reversible adverse health consequences.

The recalled cans were produced by the Pepsi Beverages Company in Jacksonville, Florida and were sold to retailers in Florida, Georgia and South Carolina.

The term 'Zero Sugar' indicates that the product has been made with no sugar in any form.

However, since these cans have been mislabelled and found to contain the same amount of sugar as a regular Dr Pepper can, they can create a grave health risk for diabetics or others who need to limit their sugar intake.

A regular 12oz can of Dr. Pepper contains 39 grams of sugar, according to its nutrition facts label.

The recalled Dr Pepper Zero Sugar cans have the product code XXXXRS-05165 with a 'best by' date of February 16, 2026.

According to the American Heart Association, men should consume no more than 36 grams or 150 calories of sugar per day while women should consume no more than 25 grams or 100 calories per day.

Excess sugar consumption can pave the way for weight gain, high blood pressure, heart disease and insulin resistance which can cause type 2 diabetes.

Type 2 diabetes is the most common form of the condition and over 37million American adults suffer from this form of the chronic illness.

It is caused by either the pancreas not producing enough insulin or the body's cells not responding properly to insulin.

When you eat sugar, your body breaks it down into glucose which the enters your bloodstream for energy absorption.

To regulate blood sugar levels, the pancreas releases insulin, which helps glucose enter your cells for energy.

But consuming excessive amounts of sugar can make the body resistant to insulin, meaning it can't effectively use the insulin to lower blood sugar.

This leads to high blood sugar levels and a buildup of glucose in the bloodstream, which can damage the eyes, kidneys, nerves and heart.

**Mail Online**

# Breakthrough in cancer cure: Russian lab creates 'diving antibodies'

MOSCOW June 12

Russian scientists are developing a new method of curing cancer, revealed Alexander Sobolev, corresponding member of the Russian Academy of Sciences and head of RAS' Molecular Genetics of Intracellular Transport laboratory.

The researchers, Sobolev told Scientific Russia magazine, have developed artificial protein molecules that can "identify" cancerous cells and enter these cells' nuclei via intracellular transport mechanisms.

These artificial molecules could potentially be used to carry toxic agents such as radioactive isotopes that would ensure the destruction of cancerous cells with minimal risk of affecting neighboring non-cancerous cells.

Dubbed "modular nanotransporters", these tiny cells consist of several modular blocks that can be altered depending on the task at hand.

For example, Sobolev said, the modular transporter currently being tested by Rosatom consists of four modules:

One of the modules identifies cancerous cells by interacting with the receptors located on their cellular membranes.

When the transporter enters a cancerous cell in a cell membrane bubble, another module creates pores in this bubble, granting access to the cancerous cell's inner workings.

The third module contains a sequence of amino acids that acts as a signal that ensures the delivery of the transporters' payload to the cancerous cell's nucleus.

The fourth module helps maintain the necessary 3D shape of the transporter and allows attaching of the toxic payload.

The safety of the new method had also been confirmed by previous tests of a similar modular nanotransporter involving the P. Hertsen Moscow Oncology Research Institute and A. Tsyb Medical Radiological Research Center.

Having realized that virtually any kind of payload can be attached to the molecules they have developed, the researchers also came up with a concept of a "diving antibody": an antibody or a molecule similar to it that could "dive" into a target cell and interact with the target protein within.

**Sputnik**


# ပညာရှင်များစောင့်ကြည့်နေကြတဲ့ တရုတ်ရဲ့မျိုးဆက်သစ်တိုက်လေယာဉ်များ

Chengdu J-36 နဲ့ Shenyang J-50 တို့ဆိုတာက တရုတ်နိုင်ငံရဲ့ နောက်ထပ်မျိုးဆက်သစ်ကိုယ်ပျောက်တိုက်လေယာဉ်များဖြစ်ပါတယ်။ သူတို့က ပြီးခဲ့တဲ့နှစ် ဒီဇင်ဘာလ ၂၆ ရက်မှာ အတိအကျဖော်ပြထားခြင်းမရှိတဲ့ နေရာတစ်ခုကနေ ထွက်ပေါ်လာခဲ့တာပါ။ အဲဒီအချိန်မှာပဲ တရုတ်နိုင်ငံရဲ့မျိုးဆက်သစ်တိုက်လေယာဉ်များကို စောင့်ကြည့်နေကြတဲ့လေ့လာသူများက မထင်ထားလောက်အောင် အံ့အားသင့်ခဲ့ရပါတယ်။ သို့ပေမယ့် ဘယ်လိုမျိုးနည်းပညာတွေကို အသုံးပြုထားတယ်။ ဘယ်လိုစွမ်းဆောင်ရည်တွေရှိတယ်ဆိုတာကိုတော့ ဘယ်သူမှ မသိခဲ့ကြပါဘူး။ ခန့်မှန်းပြီးတော့သာ တစ်ယောက်တစ်မျိုး ထင်ကြေးပေးခဲ့ကြတာပါ။

အခုဆိုရင် အဲဒီလေယာဉ်တွေထွက်ပေါ်လာတာ အချိန်အားဖြင့် ခြောက်လထဲကိုရောက်လာပါပြီ။ ဒီလေယာဉ်တွေနဲ့ ပတ်သက်တဲ့ အသေးစိတ်အချက်အလက်တွေလည်းတစ်စွန်းတစ်စထွက်ပေါ်လာခဲ့ပါပြီ။ ဒါကြောင့် ပညာရှင်များစိတ်ဝင်တစားစောင့်ကြည့်နေကြတဲ့ တရုတ်ရဲ့အဆင့်မြင့်တိုက်လေယာဉ်များအကြောင်းနဲ့ပတ်သက်လို့ SCMP ဝက်ဆိုက်မှာဖော်ပြထားတာကို ပြန်လည်လက်ဆင့်ကမ်းဖော်ပြလိုက်ပါတယ်။

## Chengdu J-36

သူ့ရဲ့ပုံပန်းသဏ္ဌာန်ကိုကြည့်ပြီးခေါ်ရမယ်ဆိုရင် "Gingko Leaf" (ကမ္ဘာဦးပင်အရွက်)လို့ခေါ်နိုင်ပေမယ့် ချန်ဒူးလေကြောင်းစက်မှုကော်ပိုရေးရှင်းကထုတ်လုပ်ထားတဲ့လေယာဉ်ရဲ့တရားဝင်အမည်ကထွက်ပေါ်လာခြင်း မရှိသေးပါဘူး။



လက်ရှိမှာ သူ့ရဲ့အမှတ်အသားနဲ့ နံပါတ်စဉ်ကိုလိုက်ပြီးခေါ်ဝေါ်ထားတာကတော့ Chengdu J-36 ဆိုပြီးဖြစ်ပါတယ်။

ပုံစံအပိုင်းကိုအရင်ပြောရမယ်ဆိုရင် J-36 ကစိန်ပွင့်ပုံစံရှိပါတယ်။ တောင်ပံကတြိဂံပုံစံရှိပါတယ်။ ဒီလိုတောင်ပံပုံစံကြောင့် လေယာဉ်ကအလွန်မြင့်မားတဲ့ အမြန်နှုန်းနဲ့သွားချိန်မှာ ဖြစ်ပေါ်လာတဲ့ လေဆွဲအားကိုလျော့ကျစေပါတယ်။ ပြီးတော့ သူ့မှာနောက်တစ်ခုထူးခြားတာက အမြီးပိုင်းမပါဝင်ပါဘူး။ ဒီလိုပုံစံနဲ့ဒီဇိုင်းထုတ်ထားခြင်းက အထူးသဖြင့် ရေဒါရဲ့ထောက်လှမ်းမှုကို ရှောင်ကွင်းနိုင်စေဖို့ဖြစ်ပါတယ်။



လေယာဉ်တစ်စင်းအတွက်အဓိကကျတဲ့အင်ဂျင်ပိုင်းကိုကြည့်မယ်ဆိုရင် သမားရိုးကျတိုက်လေယာဉ်တွေမှာအများဆုံးအနေနဲ့ အင်ဂျင်နှစ်လုံးပဲပါတာပါ။ ဒါပေမဲ့ J-36 မှာတော့ အင်ဂျင်သုံးလုံးအထိတပ်ဆင်ထားပါတယ်။ အင်ဂျင်အမျိုးအစားက ဘာဖြစ်မလဲဆိုတာကိုအသေးစိတ်မသိရပေမယ့် လက်ရှိအသုံးပြုလျက်ရှိတဲ့ J-20 တိုက်လေယာဉ်မှာတပ်ဆင်ထားတဲ့ WS-10C Taihang အမျိုးအစားအင်ဂျင်ဒါမှမဟုတ် အင်ဂျင်ရဲ့တွန်းအားညွှန်ရပ်ကိုလိုသလိုပြောင်းလဲနိုင်ပြီး အဆင့်မြှင့်တင်ထားတဲ့ WS-10 အင်ဂျင် သို့မဟုတ် ပိုမိုအဆင့်မြင့်မားပြီး စွမ်းဆောင်ရည်ပိုင်းမှာသာလွန်လှတဲ့ WS-15 Emei ကို တပ်ဆင်ထားနိုင်ဖွယ်ရှိပါတယ်။

ဒီဇိုင်းပိုင်းအနေနဲ့ပြောရရင် သူ့မှာမြင့်မားလှတဲ့ကိုယ်ပျောက်စွမ်းရည်ရရှိစေဖို့ အထူးဒီဇိုင်းရေးဆွဲထားတာဖြစ်ပါတယ်။ J-36 တိုက်လေယာဉ်က ဆဋ္ဌမမျိုးဆက်ဖြစ်တာကြောင့် ပဥ္စမမျိုးဆက်တိုက်လေယာဉ်များနဲ့တစ်မူထူးခြားတာတစ်ခုပါဝင်နေပါတယ်။ အဲဒါကတော့ လေယာဉ်ရဲ့ပတ်ပတ်လည်မှာ ရေဒါနဲ့လျှပ်စစ်-မျက်မြင်ထောက်လှမ်းရေးကိရိယာတွေ တပ်ဆင်ထားတာဖြစ်ပါတယ်။

ထွက်ပေါ်လာတဲ့ဓာတ်ပုံတွေကိုမြင်ရသလောက်ဆိုရင် J-36 တိုက်လေယာဉ်ကို J-20S လေယာဉ်က ဘေးကနေအတူယှဉ်တွဲလိုက်ပါတာကိုတွေ့ရတဲ့အတွက် J-36 ရဲ့အရွယ်အစားကိုလည်း ခန့်မှန်းရလွယ်ကူသွားပါတယ်။ ခန့်မှန်းချက်အရဆိုရင် အလျားက J-20 ရဲ့အလျားဖြစ်တဲ့ ၂၁ မီတာအောက်နဲ့ တောင်ပံအလျား ၃ မီတာအောက်သေးဖို့တော့ မရှိပါဘူး။ ဒါကြောင့် အတိအကျပြောနိုင်တဲ့တစ်ချက်က J-36 ဟာ အကြီးစားတိုက်လေယာဉ်ဖြစ်တဲ့ J-20 ထက်ကိုကြီးမားနိုင်တယ်ဆိုတဲ့အချက်ဖြစ်ပါတယ်။

ဒီလိုမျိုးအရွယ်အစားကြီးမားနိုင်တယ်ဆိုခြင်းကြောင့် သူ့မှာလက်နက်အများအပြားပိုမိုတပ်ဆင်လာနိုင်စွမ်းရှိမှာဖြစ်ပါတယ်။ သီအိုရီအရဆိုရင် သူ့ရဲ့ဝမ်းဗိုက်ပိုင်းမှာတပ်ဆင်ထားတဲ့ လက်နက်အိမ်ထဲမှာ တာဝေးပစ်ဒုံးကျည်ခြောက်စင်းကနေ ရှစ်စင်းအထိသယ်ဆောင်နိုင်ဖွယ်ရှိမှာပါ။ ဘေးတစ်ဖက်တစ်ချက်စီမှာတော့ အသေးစားဒုံးကျည်နှစ်စင်းစီသယ်ဆောင်နိုင်မှာဖြစ်ပါတယ်။

နောက်ဆုံးတစ်ချက်က လက်ရှိထွက်ပေါ်လာတဲ့ဓာတ်ပုံအရ လေယာဉ်ဦးခန်းထဲမှာထိုင်ခုံနေရာက သမားရိုးကျတိုက်လေယာဉ်တွေလိုမျိုး ရှေ့တစ်ခုံ၊ နောက်တစ်ခုံမဟုတ်ဘဲ ဘေးကပ်ရပ်နှစ်ခုံတွဲပုံစံဖြစ်နေတာကိုတွေ့ရပါတယ်။ ဒါကြောင့် ဒီလိုပုံစံမျိုးနဲ့သာ အမှန်တကယ်ထွက်ပေါ်လာရင်ဒါကဒရုန်းတွေကိုထိန်းချုပ်ဖို့အတွက်ဖြစ်နိုင်ဖွယ်ရှိပါတယ်။

## Shenyang J-50

Chengdu J-36 လိုမျိုးပဲ စွမ်းဆောင်ရည်ပိုင်းမှာယှဉ်ပြိုင်လာနိုင်တဲ့ နောက်ထပ်လေယာဉ်တစ်စင်းက Shenyang J-50 ဖြစ်ပါတယ်။ သူ့ကို ရှန်းယန်းလေယာဉ်ထုတ်လုပ်ရေးကော်ပိုရေးရှင်းက ဖန်တီးထားတာပါ။ သူသည်လည်း J-36 လိုမျိုးပဲ အမြီးပိုင်းမပါတဲ့ တိုက်လေယာဉ်တစ်မျိုးဖြစ်ပါတယ်။ ဒါ့အပြင် J-50 က J-36 လိုမျိုးပျံသန်းမှု စွမ်းဆောင်ရည်များပါရှိတဲ့ လေယာဉ်တစ်စင်းဖြစ်ပါတယ်။

ဒါပေမဲ့ သူ့မှာအသုံးပြုထားတဲ့အင်ဂျင်ကတော့ နှစ်လုံးတည်းပါပဲ။ J-36 လိုမျိုးသုံးလုံးမဟုတ်ပါဘူး။ ဖြစ်နိုင်ခြေအရှိဆုံးသောအင်ဂျင်အမျိုးအစားက တွန်းအားညွှန်ရပ်ကို လိုသလိုပြောင်းလဲထိန်းချုပ်နိုင်စွမ်းရှိတဲ့ WS-10B/C အမျိုးအစားအင်ဂျင်ကိုအသုံးပြုလာနိုင်တယ်လို့ဆိုပါတယ်။ ဒီအင်ဂျင်ကိုအသုံးပြုထားတဲ့အတွက်လေယာဉ်ရဲ့လှုပ်ရှားသွားလာမှုကို ပိုမိုမြန်ဆန်စေမယ့်အပြင် လေယာဉ်ရဲ့ကိုယ်ပျောက်နိုင်စွမ်းကိုလည်း ပိုမိုမြင့်မားစေမှာဖြစ်ပါတယ်။

J-50 ရဲ့အရွယ်အစားကို J-16 နဲ့ယှဉ်ကြည့်လိုက်ချိန်မှာ အရွယ်အစားအားဖြင့် J-16 နဲ့အတူတူဖြစ်နေပေမယ့် တောင်ပံအလျားမှာတော့ J-50 ကပိုမိုရှည်လျားတာကိုတွေ့ရပါတယ်။ ဒါ့အပြင် J-50 ရဲ့အရွယ်အစားက J-36 လောက်ကြီးမားခြင်းမရှိတဲ့အတွက် သူ့ကိုလေယာဉ်တင်သင်္ဘောပေါ်မှာ တင်ဆောင်အသုံးပြုသွားနိုင်ဖွယ်ရှိတယ်လို့ ခန့်မှန်းထားပါတယ်။

လေယာဉ်ရဲ့ဝမ်းဗိုက်အောက်မှာ အချိုးညီမျှစွာတည်ရှိနေတဲ့ လက်နက်အိမ်နှစ်ခုက တရုတ်နိုင်ငံရဲ့စွမ်းဆောင်ရည်အမြင့်ဆုံးသော ဝေဟင်မှ ဝေဟင်တာဝေးပစ်ဒုံးကျည်ဖြစ်တဲ့ PL-17 ကိုတင်ဆောင်ဖို့ အထိအရွယ်အစားကြီးမားတာကိုမြင်ရပါတယ်။ PL-17 ဒုံးကျည်ဆိုတာ ရေဒါလမ်းညွှန်စနစ်သုံး ဝေဟင်မှဝေဟင်ပစ်ဒုံးကျည်တစ်မျိုးဖြစ်ပါတယ်။ ဒါကြောင့် J-50 ဟာ ပစ်ကူပေးရေးနဲ့ဝေဟင်ကာကွယ်ရေးမှာမြင့်မားတဲ့စွမ်းဆောင်ရည်ကို ပေးစွမ်းနိုင်စေမယ်လို့ မျှော်မှန်းရပါတယ်။

ချန်ဒူးကုမ္ပဏီနဲ့ ရှန်းယန်းကုမ္ပဏီတို့သာမက တခြားတာဝန်ရှိသူများကလည်း J-36 နဲ့ J-50 တိုက်လေယာဉ်နှစ်စင်းစလုံးရဲ့အချက်အလက်တွေနဲ့ပတ်သက်လို့ မှတ်ချက်တစ်စုံတစ်ရာပေးထားခြင်းမရှိပါဘူး။ ဒါကြောင့် ဒီလေယာဉ်တွေထွက်ပေါ်လာမယ့်အချိန်၊ တပ်တော်ဝင်နိုင်မယ့်အချိန်၊ ထုတ်လုပ်သွားမယ့်အရေအတွက် အစရှိတာတွေနဲ့ပတ်သက်လို့ ဘာတစ်ခုမှမသိရသေးပါဘူး။

တရုတ်နိုင်ငံဟာ ကမ္ဘာပေါ်မှာအင်အားကြီးနိုင်ငံတစ်နိုင်ငံဖြစ်လာတာနဲ့အမျှ စစ်လက်နက်နည်းပညာပိုင်းမှာလည်း ကိုယ့်အားကိုယ်ကိုးလာတာကြာနေပါပြီ။ လေယာဉ်တွေကို ကိုယ်တိုင်ထုတ်လုပ်တယ်။ လေယာဉ်တင်သင်္ဘောတွေကို ကိုယ်တိုင်ထုတ်လုပ်တယ်။ ပြိုင်ဆိုင်မှုပြင်းထန်လှတဲ့အသံနှုန်းလွန်ဒုံးကျည်တွေကိုလည်း ကိုယ်တိုင်ပဲထုတ်လုပ်ထားတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ တစ်နည်းပြောရရင် စစ်လက်နက်နည်းပညာပိုင်းမှာ တခြားပြိုင်ဘက်နိုင်ငံတွေထက် ခြေတစ်လှမ်းနောက်ကျနေခြင်းမရှိဘဲ အမီလိုက်နိုင်နေတာကို တွေ့ရပါတယ်။

ဒီအချိန်မှာ အံ့ဩမင်သက်လောက်စရာကောင်းတဲ့ တိုက်လေယာဉ်နှစ်စင်းထွက်ပေါ်လာတာက ပြိုင်ဘက်နိုင်ငံတွေအပေါ် ကျော်လွန်သွားစေနိုင်မယ့် လုပ်ဆောင်ချက်တစ်ခုလို့ပြောရင်လည်း မမှားပါဘူး။ အစောပိုင်းတုန်းကတော့ ရှေ့ပြေးပုံစံတူလေယာဉ်တွေကိုစမ်းသပ်ပျံသန်းနေရာမှ လေ့လာစောင့်ကြည့်သူတွေကသတိထားမိပြီး သူတို့နဲ့ပတ်သက်တဲ့အသေးစိတ်အချက်အလက်တွေကို စူးစမ်းလေ့လာရင်း အခုလိုမျိုး အချက်အလက်တွေကိုဖော်ထုတ်နိုင်ခဲ့တာဖြစ်ပါတယ်။ တကယ်လို့များ တရားဝင်ထုတ်ပြန်ချက်တွေထွက်လာရင် အခုလေယာဉ်နှစ်စင်းဟာ တရုတ်နိုင်ငံရဲ့ ဝေဟင်အရေးသာမှုကို ဦးဆောင်မယ့် လေယာဉ်များဖြစ်လာမှာ မလွဲကေန်ပင်ဖြစ်ပါတယ်။ ။

Ref: SCMP

ကိုထက်

# အိန္ဒိယလေကြောင်းလိုင်းမှ ခရီးသည်တင်လေယာဉ်ပျက်ကျမှုဖြစ်ပွား လူအများအပြားသေဆုံး

**မွမ်ဘိုင်း၊ မတော်တဆမှု**

ခရီးသည်နှင့်လေယာဉ်အမှုထမ်းစုစုပေါင်း ၂၄၂ ဦးလိုက်ပါလာသည့် အိန္ဒိယလေကြောင်းလိုင်းမှ ခရီးသည်တင်လေယာဉ်တစ်စင်းသည် ဇွန်လ ၁၂ ရက်တွင် ပျက်ကျမှုဖြစ်ပွားရာလူအများအပြားသေဆုံးကြောင်းနှင့် ခရီးသည်တစ်ဦးအသက်ရှင်ကျန်ရစ်ကြောင်း သိရသည်။

အသက်ရှင်ကျန်ရစ်သူတစ်ဦး၏အမည်မှာ ဗစ်ရှဝါကူးမားရာမက်ဖြစ်ပြီး ထိုင်ခုံနံပါတ် 11A တွင်ထိုင်သူဖြစ်ကြောင်းနှင့် ၎င်းကိုရဲတပ်ဖွဲ့ဝင်များကတွေ့ရှိပြီးနောက် ဆေးရုံသို့ ပို့ဆောင်ပေးထားကြောင်း တာဝန်ရှိသူများကပြောသည်။

အိန္ဒိယနိုင်ငံအနောက်ပိုင်း ဂူဂျာရတ်ပြည်နယ် အမ်ဒါဘတ်မြို့ရှိ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လန်ဒန်မြို့သို့ ပျံသန်းရန် ထွက်ခွာသွားသည့်အိန္ဒိယလေကြောင်းလိုင်းမှ ဘိုးအင်း ၇၈၇-၈ လေယာဉ်သည် လေယာဉ်ပြေးလမ်းမှ ပျံတက်ပြီးနောက် မကြာမီတွင်ပျက်ကျခြင်းဖြစ်သည်။

လေယာဉ်ဖြင့်လိုက်သွားသူများအနက် ၁၆၉ ဦးမှာ အိန္ဒိယနိုင်ငံသားများဖြစ်ပြီး ဗြိတိန်နိုင်ငံသား ၅၃ ဦး၊ ကနေဒါနိုင်ငံသားတစ်ဦးနှင့် ပေါ်တူဂီနိုင်ငံသား ခုနစ်ဦးတို့ဖြစ်ကြောင်း လေကြောင်းလိုင်းကထုတ်ပြန်ထားသည်။





**လေယာဉ်ပျက်ကျမှုမှ အသက်ရှင်သူ**

"ယခုကဲ့သို့ လေယာဉ်မတော်တဆမှုဖြစ်ပွားရခြင်းနဲ့ပတ်သက်ပြီး ပြောစရာစကားမရှိလောက်အောင်ကိုပဲ ဝမ်းနည်းရပါတယ်။ တာဝန်ရှိသူတွေအနေနဲ့ ကူညီထောက်ပံ့မှုတွေပေးသွားမှာဖြစ်ပါတယ်" ဟု အိန္ဒိယဝန်ကြီးချုပ်ရှရီနာရန်ဒရာမိုဒီက ပြောသည်။

အဆိုပါလေယာဉ်သည် လေဆိပ်မှ ပျံတက်ပြီးနောက် ၂ မိနစ်မှ ၃ မိနစ်ခန့်တွင် ဘီဂျေဆေးကောလိပ်ရှိ စားရိပ်သာအပေါ်သို့ပျက်ကျသွားခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ယင်းနေရာမှ လူတစ်ဦးသေဆုံးကာ ခုနစ်ဦးပျောက်ဆုံးပြီး ၅၀ ခန့် ဒဏ်ရာရရှိသွားကြောင်း တာဝန်ရှိသူများကပြောသည်။

ထိုကဲ့သို့လေယာဉ်ပျက်ကျမှုနှင့်ပတ်သက်၍ အိန္ဒိယလေကြောင်းလိုင်းကို ပိုင်ဆိုင်သောကုမ္ပဏီက သေဆုံးသူတစ်ဦးစီ၏မိသားစုများအား ရူပီး ၁၀ သန်းစီ ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ထားသည်။

ထို့ပြင် လေယာဉ်ပျက်ကျမှုဖြစ်ပွားရသည့်အကြောင်းရင်းနှင့်ပတ်သက်၍ အချိန်ပေးစုံစမ်းစစ်ဆေးရမည်ဖြစ်သော်လည်း လက်ရှိတွင်လုပ်နိုင်သမျှအရာအားလုံးကို လုပ်ဆောင်လျက်ရှိကြောင်း လေကြောင်းလိုင်းမှအမှုဆောင်ချုပ်က ပြောထားသည်။ **Ref: Xinhua, TOI**

## သတင်းတိုများ

### အစ္စရေးကတိုက်ခိုက်လျှင် ဒုံးကျည်များကို တရစပ်ပစ်လွှတ်ခြင်းဖြင့် လက်တုံ့ပြန်ရန် အီရန်ပြင်ဆင်

**တီဟီရန်၊ စစ်ရေး**

အစ္စရေးနိုင်ငံက အီရန်နိုင်ငံကိုတိုက်ခိုက်ရန်ပြင်ဆင်ထားသည့်အပြင် ထိုအခြေအနေနှင့်ပတ်သက်၍ အမေရိကန်နိုင်ငံကိုလည်း အကြောင်းကြားထားပြီးဖြစ်သည်ဟု သတင်းဌာနအချို့ကထုတ်ပြန်လာပြီးနောက် အီရန်နိုင်ငံကလည်း အစ္စရေးနိုင်ငံသို့ ဒုံးကျည်များတရစပ်ပစ်လွှတ်ခြင်းဖြင့် လက်တုံ့ပြန်တိုက်ခိုက်ရန် ပြင်ဆင်ထားသည်ဟု အီရန်တာဝန်ရှိသူများကပြောကြောင်း The New York Times သတင်းစာကဖော်ပြထားသည်။

အလားတူ အမေရိကန်၏အလယ်ပိုင်းဒေသစစ်ဌာနချုပ်မှူး ဗိုလ်ချုပ်ကြီးမိုက်ကယ်ကူရေလာက အီရန်ကိုတိုက်ခိုက်နိုင်စေရန် များပြားလှစွာသောရွေးချယ်မှုများပါသည့်တင်ပြချက်ကို သမ္မတထံသို့တင်ပြထားပြီးဖြစ်ကြောင်း လွှတ်တော်တွင် ပြောပြီးနောက် ယင်းလုပ်ရပ်သည် မတည်ငြိမ်မှုကိုပိုမိုဆိုးဝါးစေမည့် လုပ်ရပ်ဖြစ်ကြောင်း အီရန်တာဝန်ရှိသူတစ်ဦးကပြောထားသည်။ **Ref: Sputnik**

### ဆီးရီးယားနှင့်အီရတ်တွင် အကြမ်းဖက်တိုက်ခိုက်မှု ပြန်လည်လုပ်ဆောင်ရန် IS စစ်သွေးကြွအဖွဲ့ ပြင်ဆင်နေ

**ဒမတ်စကပ်၊ စစ်ရေး**

IS စစ်သွေးကြွအဖွဲ့သည် ဆီးရီးယားနှင့်အီရတ်နိုင်ငံတို့တွင် အကြမ်းဖက်တိုက်ခိုက်မှုများပြန်လည်လုပ်ဆောင်ရန် ပြင်ဆင်နေကြောင်း အရှေ့အလယ်ပိုင်းဒေသရှိခေါင်းဆောင်များနှင့် အနောက်နိုင်ငံများမှမဟာမိတ်များက သတိပေးထားသည်။

ထိုစစ်သွေးကြွအဖွဲ့သည် ဆီးရီးယားနှင့်အီရတ်တို့တွင်ရှိသော ၎င်းတို့၏တိုက်ခိုက်ရေးသမားများကို ပြန်လည်နှိုးဆွမှုများလုပ်ဆောင်နေကြောင်းနှင့် တိုက်ခိုက်မည့်ပစ်မှတ်များကို လေ့လာဆန်းစစ်နေကြောင်း၊ လက်နက်များကိုလည်း သက်ဆိုင်ရာနယ်မြေများသို့ပို့ဆောင်ပြီး လူသစ်စုဆောင်းခြင်းနှင့်ဝါဒဖြန့်ချိခြင်းလုပ်ငန်းများကို အရှိန်မြှင့်တင်လုပ်ဆောင်လာနေကြောင်း လုံခြုံရေးနှင့်နိုင်ငံရေးနယ်ပယ်မှ သတင်းအရင်းအမြစ်များကပြောသည်။ ယခုနှစ်အတွင်း IS စစ်သွေးကြွအဖွဲ့၏ တိုက်ခိုက်မှုအကြိမ်ရေ ၃၈ ကြိမ်နှင့် ထိုတိုက်ခိုက်မှုများကြောင့် သေဆုံးသူ ၉၀ ကျော်ရှိလာပြီဖြစ်ကြောင်း သိရသည်။ **Ref: JT**

# တောင်ကိုရီးယားနှင့် မြောက်ကိုရီးယားနိုင်ငံကြား နယ်စပ်တွင်အသံချဲ့စက်များဖြင့် အပြန်အလှန်ဝါဒဖြန့်ထုတ်လွှင့်မှုရပ်ဆိုင်း

**ဆိုး၊ ချစ်ကြည်ရေး**

တောင်ကိုရီးယားနိုင်ငံနှင့် မြောက်ကိုရီးယားနိုင်ငံတို့က နှစ်နိုင်ငံနယ်စပ်တွင် အသံချဲ့စက်များဖြင့်ဝါဒဖြန့်ထုတ်လွှင့်ခြင်းလုပ်ဆောင်နေမှုများကို ရပ်ဆိုင်းလိုက်ပြီဖြစ်ကြောင်းသိရသည်။

တောင်ကိုရီးယားနိုင်ငံက ယင်းကဲ့သို့ဆောင်ရွက်ချက်ကို ဇွန်လ ၁၁ ရက်တွင် လုပ်ဆောင်ခြင်းဖြစ်ပြီး မြောက်ကိုရီးယားနိုင်ငံက ဇွန်လ ၁၂ ရက်တွင် အသံချဲ့စက်များဖြင့်ထုတ်လွှင့်မှုကို ရပ်တန့်လိုက်ခြင်းဖြစ်သည်။

ယခုသီတင်းပတ်အတွင်း သမ္မတဖြစ်လာသည့် တောင်ကိုရီးယားသမ္မတအသစ် လီဂျေးမြောင်က နှစ်နိုင်ငံကြားဆက်ဆံရေးတင်းမာမှုများကို ဖြေရှင်းနိုင်ရေးနှင့် မြောက်ကိုရီးယားနှင့်ဆွေးနွေးမှုများကို ပြန်လည်စတင်နိုင်ရန်ရည်ရွယ်၍ နယ်စပ်၌အသံချဲ့စက်များဖြင့် ဝါဒဖြန့်ထုတ်လွှင့်မှုများရပ်တန့်ရန် ဇွန်လ ၁၁ ရက်တွင် စစ်ဘက်တာဝန်ရှိသူများကို ညွှန်ကြားလိုက်ခြင်းဖြစ်သည်။

အလားတူ မြောက်ကိုရီးယားဘက်ကလည်း ဇွန်လ ၁၁ ရက် ညပိုင်းတွင် ယခင်ကကဲ့သို့ဆူညံသည့်အသံများအစား အေးချမ်းသည့်အသံများကိုသာ ထုတ်လွှင့်ပြီး ဇွန်လ ၁၂ ရက် နံနက်ပိုင်းတွင် အသံချဲ့စက်များဖြင့်ထုတ်လွှင့်မှုကို ရပ်ဆိုင်းလိုက်ခြင်းဖြစ်သည်ဟု ဒေသခံများနှင့်တာဝန်ရှိသူများကပြောသည်။

မြောက်ကိုရီးယားက အမှိုက်များပါသည့်ဘောလုံးများကို တောင်ကိုရီးယားဘက်သို့လွှတ်တင်ပြီးနောက် ထိုနှစ်နိုင်ငံကြား အသံချဲ့စက်များဖြင့် ဝါဒဖြန့်ထုတ်လွှင့်မှုများ လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **Ref: RT**

# ရုရှားက ကမ္ဘာ့အဆင့်အမြင့်ဆုံး နျူကလီးယားလက်နက်များပိုင်ဆိုင်ထား

**မော်စကို၊ ပြည်တွင်းရေး**

ရုရှားနိုင်ငံသည် ကမ္ဘာ့အဆင့်အမြင့်ဆုံးသော နျူကလီးယားလက်နက်များကို ပိုင်ဆိုင်ထားကြောင်း၊ ထိုလက်နက်များသည် နိုင်ငံ၏အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲမှုနှင့် ကမ္ဘာ့အင်အားမျှခြေကို ခိုင်မာစေမည်ဖြစ်ကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်ကပြောသည်။

ထို့ပြင် နိုင်ငံ၏သုံးမျိုးစုံနျူကလီးယားလက်နက်များဖွံ့ဖြိုးတိုးတက်ရေး ဆက်လက်လုပ်ဆောင်ရန်ကိုသာ အထူးအာရုံစိုက်ရန် ပူတင်က ဇွန်လ ၁၁ ရက်တွင်လုပ်ဆောင်သော နိုင်ငံတော်အဆင့် စစ်လက်နက်ပစ္စည်းအစီအစဉ်အစည်းအဝေး၌ ပြောထားသည်။

သုံးမျိုးစုံနျူကလီးယားလက်နက်များဆိုသည်မှာ မြေပြင်အခြေစိုက်တိုက်ချင်းပစ်ဒုံးကျည်များ၊ ရေငုပ်သင်္ဘောအခြေပြုအမြင့်ပျံဒုံးကျည်များ၊ နျူကလီးယားထိပ်ဖူးများကိုတင်ဆောင်နိုင်သည့် မဟာဗျူဟာမြောက်ဗုံးကြဲလေယာဉ်များ ပေါင်းစပ်ပါဝင်သည့်စစ်လက်နက်ပစ္စည်းအစုအဝေးကိုခေါ်ခြင်းဖြစ်သည်။

လက်ရှိတွင် ရုရှားတပ်မတော်အနေဖြင့် သုံးမျိုးစုံနျူကလီးယားလက်နက်များ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ဆောင်နေသည်မှာ ၉၅ ရာခိုင်နှုန်းအထိအောင်မြင်နေပြီဖြစ်ကြောင်း ပူတင်ကပြောသည်။ **Ref: RT**

# ခြောက်ကြိမ်မြောက် အမေရိကန်-အီရန်ဆွေးနွေးပွဲ အိုမန်နိုင်ငံက လက်ခံကျင်းပမည်

**မက်စကတ်၊ ဆွေးနွေးပွဲ**

အမေရိကန်နှင့်အီရန်တို့ကြား ခြောက်ကြိမ်မြောက်နျူကလီးယားဆွေးနွေးပွဲကို အိုမန်နိုင်ငံက ဇွန်လ ၁၅ ရက်တွင် လက်ခံကျင်းပပေးသွားမည်ဖြစ်ကြောင်း ဇွန်လ ၁၂ ရက်တွင် ထုတ်ပြန်သည်။

အမေရိကန်နှင့် အီရန်တို့ကြားပြုလုပ်သည့် ယခင်ဆွေးနွေးပွဲများတွင် တိုးတက်မှုများရရှိခဲ့သော်လည်း အီရန်နိုင်ငံ၏ ယူရေနီယံသန့်စင်မှုနှင့်ပတ်သက်၍ နှစ်နိုင်ငံကြားသဘောထားကွဲလွဲမှုများကြီးမားနေဆဲဖြစ်သည်။

အလားတူ နှစ်နိုင်ငံကြားဆွေးနွေးမှုက အောင်မြင်မှုမရရှိဘဲ ပဋိပက္ခများထွက်ပေါ်လာပါက အမေရိကန်၏စစ်စခန်းများကို ပစ်မှတ်ထား တိုက်ခိုက်သွားမည်ဖြစ်ကြောင်း အီရန်နိုင်ငံကခြိမ်းခြောက်ထားသည်။

အမေရိကန်နှင့်အီရန်တို့သည် ဧပြီလမှစ၍ နျူကလီးယားအရေးဆွေးနွေးပွဲများကိုကျင်းပခြင်းဖြစ်ပြီး အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က နှစ်နိုင်ငံကြားသဘောတူညီချက်ရရှိသည်အထိ ဆွေးနွေးမှုများလုပ်ဆောင်သွားရန် ဆန္ဒရှိနေသော်လည်း အရှေ့အလယ်ပိုင်းဒေသရှိ သံရုံးများမှ ဝန်ထမ်းအချို့ကို နိုင်ငံသို့ပြန်လာရန် ထရမ့်ကညွှန်ကြားထားကြောင်း သိရသည်။ **Ref: BP**

# ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၌ ပိဋကသုံးပုံဝိနည်းငါးကျမ်း ရွတ်ဖတ်ပူဇော်ပွဲကျင်းပ

ရန်ကုန် ဇွန် ၁၂

ဗီယက်နမ်နိုင်ငံမှ အလှူရှင်များ စုပေါင်းလှူဒါန်းမှုဖြင့် ပိဋကသုံးပုံ ဝိနည်းငါးကျမ်း ရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် နန်းဦးဘုရားကြီးတန်ဆောင်း၌ ယနေ့နံနက် ၉ နာရီတွင်ကျင်းပသည်။ အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဒွိပိဋကဓရ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တအဂ္ဂသာမိ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက တိပိဋကကောဝိဒ ကမ္ဘောဇဆရာတော်ဘဒ္ဒန္တဝီရိယာနန္ဒ၊ တိပိဋကဓရ တိပိဋကကောဝိဒ မြင်းမူဆရာတော်ဘဒ္ဒန္တပညာသိရီလင်္ကာရ၊ တိပိဋကဓရ တိပိဋကကောဝိဒ ရေဦးဆရာတော် ဘဒ္ဒန္တသေဋ္ဌာဉာဏာလင်္ကာရ စသည့် တိပိဋကဓရ ဆရာတော်သုံးပါး၊ ဘာဏကဆရာတော် ၂၄ ပါးတို့ ကြွရောက်ချီးမြှင့်သည်။

ဦးစွာ ပိဋကသုံးပုံ ပါဠိတော်ကျမ်းစာအုပ်များအား မင်္ဂလာဝေါယာဉ်တော်ဖြင့် ပင့်ဆောင်ကာ ဆရာတော် သံဃာတော်များဦးဆောင်၍ ဒေဝဝင်း၊ ရာဇာဝင်းများဖြင့် စေတီတော်ကြီးအား လက်ယာရစ် လှည့်လည်ပူဇော်ကြသည်။

အခမ်းအနားကို နန်းဦးဘုရားကြီးတန်ဆောင်း၌ ဆက်လက်ကျင်းပရာ ဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ဗိုလ်တထောင်မြို့နယ် ပတ္တမြားကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဣန္ဒောဘာသ အရှင်သူမြတ်က ဘုရားပင့်ဂါထာတော်ကိုရွတ်ဆို၍ မြတ်စွာဘုရားအား ပင့်ဖိတ်သည်။ ဗိုလ်တထောင်မြို့နယ် ခတ်မီးကျောင်းဆရာတော်ဘဒ္ဒန္တစိန္တာဝရက နတ်ပင့်ဂါထာတော်ကိုရွတ်ဆို၍ နတ်ပြဟ္မာများအား ပင့်ဖိတ်သည်။

ထို့နောက်ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဒွိပိဋကဓရ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တအဂ္ဂသာမိထံမှ ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ယင်းနောက် တိုင်းဒေသကြီး သံဃနာယကဥက္ကဋ္ဌ ဆရာတော်တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက တိပိဋကကောဝိဒ ကမ္ဘောဇဆရာတော် ဘဒ္ဒန္တဝီရိယာနန္ဒနှင့်တကွ တိပိဋကဆရာတော်သုံးပါးတို့အား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။



ထို့နောက်သာကေတမြို့နယ်တိပိဋကာလင်္ကာရကျောင်းဆရာတော်ဘဒ္ဒန္တနန္ဒာသီရိက ဝိနည်းငါးကျမ်းရွတ်ဖတ်ပူဇော်ရန် တိုက်တွန်းနှိုးဆော်လှူ ဥယျောဇနဂါထာတော်ကိုရွတ်ဆိုသည်။ ဆက်လက်၍ ဒဂုံမြို့နယ် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက တိပိဋကကောဝိဒ ကမ္ဘောဇဆရာတော် ဘဒ္ဒန္တဝီရိယာနန္ဒကစတင်၍ဝိနည်းပါဠိတော်များ ရွတ်ဖတ်ပူဇော်သည်။

ပိဋကသုံးပုံ ဝိနည်းငါးကျမ်းရွတ်ဖတ်ပူဇော်ပွဲကို ဗီယက်နမ်နိုင်ငံမှ အလှူရှင်ဒါယကာ၊ ဒါယိကာမ စုပေါင်းလှူဒါန်းမှုဖြင့် ဇွန်လ ၁၂ ရက်မှ ၁၈ ရက်ထိကျင်းပသွားမည်ဖြစ်သည်။ ဝိနည်းငါးကျမ်းရွတ်ဖတ်ပူဇော်ခြင်းအောင်ပွဲအခမ်းအနားကို ဇွန်လ ၁၇ ရက်တွင် ကျင်းပသွားမည်ဖြစ်ပြီး ဇွန်လ ၁၈ ရက်တွင် တိပိဋကလောင်းလျာ အရှင်သူမြတ် ၂၂၇ ပါးတို့အား ဆွမ်းဆန်တော်နှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**လင်းခန့်**

# ပြည်ထောင်စုနယ်မြေ(နေပြည်တော်)၊ စစ်ကိုင်းနှင့် မန္တလေးမြို့တို့အတွင်း ကုန်မျိုးစုံများနှင့် ဟင်းသီးဟင်းရွက်များအား သက်သာသောဈေးနှုန်းများဖြင့် လှည့်လည်ရောင်းချ




**နေပြည်တော် ဇွန် ၁၂**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါး၊ ငါးပိ၊ အမဲသား၊ ဆိတ်သား၊ ကြက်သား၊ ဝက်သား၊ ကြက်ဥ၊ ဘဲဥ စသည့်ကုန်မျိုးစုံများနှင့်ဟင်းသီးဟင်းရွက်များအား ပြည်ထောင်စုနယ်မြေ(နေပြည်တော်)၊ စစ်ကိုင်းနှင့်မန္တလေးမြို့တို့အတွင်း လျှော်ဘေးသင့်ဝန်ထမ်းများနှင့်ပြည်သူများသို့ ၂၀၂၅ ခုနှစ် မတ်လ ၃၀ ရက်မှစ၍ သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိပြီး ယနေ့ ဇွန်လ ၁၂ ရက်တွင် ၇၃ ရက်မြောက်အဖြစ် ဈေးကားများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိသည်။

၂၀၂၅ ခုနှစ် ဇွန်လ ၁၂ ရက်တွင် ပြည်ထောင်စုနယ်မြေ(နေပြည်တော်)အတွင်း လျှော်ဘေးသင့်ဝန်ထမ်းများနှင့် ပြည်သူများသို့ ဆန် ၆ ပြည်ပါ(မနောသုခ– Export Quality) ၁၂ အိတ်၊ ဆန် ၅ ပြည်ပါ(ဖျာပုံပေါ်ဆန်း) ၅ အိတ်၊ စားအုန်းဆီ ၃၄၀ ပိဿာ၊ ဆား ၅ ပိဿာ၊ ကုလားပဲ ၂၀ ကျပ်သားပါ အိတ် ၁၂ ထုပ်၊ ငါးပိ ၁ ပိဿာ ၈၀ ကျပ်သား၊ ငါးတံခွန် ၁၀ ကျပ်သားပါ ၇ ထုပ်၊ ငါးပုတ်သင် ၁၀ ကျပ်သားပါ ၅ ထုပ်၊ ငါးနီတူခြောက် ၁၀ ကျပ်သားပါ ၉ ထုပ်၊ အာပုံခြောက် ၁၀ ကျပ်သားပါ ၇ ထုပ်၊ ငါးရောင်ခြောက် ၁၀ ကျပ်သားပါ ၅ ထုပ်၊ ကြက်ဥ ၁၈၀ လုံး၊ ဘဲဥ ၃၅ လုံး၊ ခေါက်ဆွဲခြောက် ၅ ထုပ်တို့ကို ရောင်းချပေးခဲ့ကြောင်းနှင့် နေ့စဉ်ဆက်လက် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အတူစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်မှုဖြင့် ပြည်ထောင်စုနယ်မြေ (နေပြည်တော်)အတွင်း လျှော်ဘေးသင့်ဝန်ထမ်းများနှင့်ပြည်သူများသို့ သက်သာသောဈေးနှုန်းများဖြင့်ရောင်းချပေးလျက်ရှိရာ ၂၀၂၅ ခုနှစ် ဇွန်လ ၁၂ ရက်တွင် ကြက်သား(အကောင်) ၅၀ ကောင်၊ ကြက်ဥ ၃၉၀၀ လုံး၊ ဘဲဥ ၃၀၀ လုံး၊ ငုံးဥ ၁၀၀၀ လုံးတို့ကို ရောင်းချပေးခဲ့ကြောင်းနှင့် အပတ်စဉ်ကြာသပတေးနေ့တိုင်း လှည့်လည်ရောင်းချပေးသွားမည်ဖြစ်သည်။

ထို့ပြင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းစီစဉ်မှုဖြင့် ၂၀၂၅ ခုနှစ် ဇွန်လ ၁၂ ရက်တွင် ခရမ်းချဉ်သီး ၁၁၀ ပိဿာ၊ အာလူး ၃၃၇ ပိဿာ၊ ဂေါ်ဖီထုပ် ၁၂ ထုပ်၊ ပန်းဂေါ်ဖီ ၁၁၅ ပွင့်၊ ချင်း ၁၈ ပိဿာ၊ ကြက်သွန်ဖြူ ၁၅၀ ပိဿာ၊ ရွှေဖရုံသီး/ ကျောက်ဖရုံသီး ၇၅ ပိဿာ၊ ခရမ်းသီး ၇၀ ပိဿာ၊ မုန်ညင်းဖြူ ၁၁၂ ပိဿာ၊ မုန်လာဥနီ ၇၇ ပိဿာ၊ ရေတ်ပွ ၆၈ ပိဿာ၊ ဗိုလ်စားပဲ ၇၅ ပိဿာ၊ ဂေါ်ရခါးသီး ၇၀ ပိဿာ၊ ပြောင်းဖူး ၇၅ ပိဿာနှင့် လက်ဖက်ခြောက် ၂၂ ပိဿာ၊ ဂန္ဓမာပန်း ၇ စည်းတို့ကို သက်သာသော ဈေးနှုန်းများဖြင့် ပြည်ထောင်စုနယ်မြေ (နေပြည်တော်)အတွင်း လျှော်ဘေးသင့်ဝန်ထမ်းနှင့်ပြည်သူများသို့ ဈေးကားများဖြင့် လှည့်လည်ရောင်းချပေးခဲ့သည်။

အလားတူ ၂၀၂၅ ခုနှစ် ဇွန်လ ၁၂ ရက်တွင် စစ်ကိုင်းမြို့အတွင်း လျှော်ဘေးသင့်ဝန်ထမ်းများနှင့် ပြည်သူများသို့ ဆန် ၂၄ ပြည်ပါ (ရွှေဝါထွန်း) ၄ အိတ်၊ စားအုန်းဆီ ၇၅ ပိဿာ၊ ဆား ၄ ပိဿာ၊ ကုလားပဲ ၁၀ ဘူး၊ ငါးပိ ၂ ပိဿာ၊ ငါးနီတူခြောက် ၁ ပိဿာ၊ ပုစွန်ခြောက် ၁၀ ကျပ်သားပါ ၃ ထုပ်၊ ကြက်ဥ ၇၅ လုံး၊ ဘဲဥ ၂၀ လုံး၊ ကြက်သွန်နီ ၈ ပိဿာနှင့် အသားတုံး ၂ ပိဿာတို့ကို သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ပြီး မန္တလေးမြို့၌ ဆန် ၂၄ ပြည်ပါ (မနောသုခ) ၁၅ အိတ်၊ စားအုန်းဆီ ၂၂၀၀ ပိဿာ၊ ဆား ၅ ပိဿာ၊ ကုလားပဲ ၂၅ ကျပ်သားပါ ၇ ထုပ်၊ ငါးပိ ၂ ပိဿာ၊ ငါးနီတူခြောက် ၁၀ ကျပ်သား ၉ ထုပ်၊ အာပုံခြောက် ၁၀ ကျပ်သား ၇ ထုပ်၊ ကြက်ဥ ၁၅၀၀ လုံး၊ ဘဲဥ ၆၀၈ လုံးနှင့် ခေါက်ဆွဲခြောက် ၄၅ ထုပ်တို့ကို သက်သာသော ဈေးနှုန်းများဖြင့် လှည့်လည်ရောင်းချပေးခဲ့ပြီး နေ့စဉ်ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြဝတီ**

### ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၃-၆-၂၀၂၅ — ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၈၅၀ | ၂၉၆၀ | ၂၉၃၀ | ၂၈၆၅ | ၂၉၇၀ | ၂၉၈၅ | ၃၀၀၀ | ၂၉၂၀ | ၄၅၀၅ | ၃၂၁၅ | ၂၉၃၅ | ၂၉၄၀ | ၃၀၁၀ | ၂၉၇၅ | ၂၉၉၅ | ၃၂၅၀ |
| 95 Ron | ၂၉၁၅ | ၃၀၃၀ | ၂၉၉၅ | ၂၉၃၀ | ၃၀၃၅ | ၃၀၅၀ | ၃၀၇၀ | ၂၉၈၅ | ၄၅၆၀ | ၃၂၈၀ | ၃၀၀၅ | ၃၀၀၅ | ၃၀၇၅ | ၃၀၄၀ | ၃၀၆၀ | ၃၃၂၀ |
| HSD (500 ppm) | ၂၄၁၀ | ၂၅၂၅ | ၂၄၉၀ | ၂၄၂၅ | ၂၅၃၀ | ၂၅၄၅ | ၂၅၆၀ | ၂၄၈၀ | - | ၂၇၇၅ | ၂၅၀၀ | ၂၅၀၀ | ၂၅၇၀ | ၂၅၃၅ | ၂၅၅၅ | ၂၈၁၅ |
| HSD (50 ppm) | ၂၉၉၀ | ၃၁၀၅ | ၃၀၇၀ | ၃၀၀၅ | ၃၁၁၀ | ၃၁၂၅ | ၃၁၄၀ | ၃၀၆၀ | ၄၈၃၀ | ၃၃၅၅ | ၃၀၈၀ | ၃၀၈၀ | ၃၁၅၀ | ၃၁၁၅ | ၃၁၃၅ | ၃၃၉၅ |
| HSD (10 ppm) | ၂၉၉၀ | ၃၁၀၅ | ၃၀၇၀ | ၃၀၀၅ | ၃၁၁၀ | ၃၁၂၅ | ၃၁၄၀ | ၃၀၆၀ | - | ၃၃၅၅ | ၃၀၈၀ | ၃၀၈၀ | ၃၁၅၀ | ၃၁၁၅ | ၃၁၃၅ | ၃၃၉၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၈၄ | ၂၇၇၁ |
| 95 Ron | ၂၇၄၉ | ၂၈၃၇ |
| HSD (500 ppm) | ၂၂၅၉ | ၂၃၃၄ |
| HSD (50 ppm) | ၂၈၂၁ | ၂၉၀၇ |
| HSD (10 ppm) | ၂၈၂၁ | ၂၉၀၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–


၀၆၇–၄၁၁၃၇၃၊ ၀၉–၂၅၄၆၂၅၄၇၇

၀၆၇–၄၁၁၂၈၂၊ ၀၉–၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**


ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

## ရာသီတုပ်ကွေးနှင့် ကိုဗစ် - ၁၉ ရောဂါ စသည့် လတ်တလော အသက်ရှူလမ်းကြောင်း ဆိုင်ရာရောဂါများ မိမိကစ၍ ကာကွယ်ပါ။



ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲနှင့် ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲတို့ ပူးပေါင်းပြုစုသည်။
(၂၀၂၅ခုနှစ် ၊ ဇွန်လ)

### ရာသီတုပ်ကွေးနှင့် ကိုဗစ် - ၁၉ ရောဂါ စသည့် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ မိမိကစ၍ ကာကွယ်ပါ။




- မိုးရာသီတွင် ရာသီတုပ်ကွေးရောဂါနှင့် ကိုဗစ်- ၁၉ ရောဂါစသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ ပိုမိုကူးစက်ဖြစ်ပွားနိုင်ပါသည်။
- ကိုဗစ်-၁၉ ရောဂါအား ကမ္ဘာ့ကပ်ရောဂါအဖြစ် သတ်မှတ်ထားခြင်း မရှိတော့ဘဲ ရာသီတုပ်ကွေး ရောဂါကဲ့သို့ ဒေသတွင်း ပုံမှန်ကူးစက် ဖြစ်ပွားတတ်သည့် ရောဂါအဖြစ်သာ သတ်မှတ်ထားပါသည်။
- အဆိုပါရောဂါများ ကူးစက်ဖြစ်ပွား/သေဆုံးမှုများမှ ကြိုတင်ကာကွယ်နိုင်ရန် ပြည်သူလူထုအနေဖြင့် ပူးတွဲပါအချက်များကိုသတိပြုလိုက်နာဆောင်ရွက်ကြရန်လိုအပ်ပါသည်။

**စနစ်ကျစွာ ပါးစပ်နှင့်နှာခေါင်းစည်း (Mask) တပ်နည်း**



ပါးစပ်နှင့်နှာခေါင်းကို လုံခြုံစွာဖုံးအုပ်ပါ။



အဖုံးပါသော အမှိုက်ပုံးထဲတွင်သာ စွန့်ပစ်ပါ။



စနစ်တကျ လက်ဆေးပါ။

### သတိပြုလိုက်နာရမည့် အချက်များ

(၁) လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများဖြစ်သော ဖျားခြင်း၊ နှာစေးခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ လည်ပင်းနာခြင်းစသည့် လက္ခဏာများရှိသူများအနေဖြင့် မိမိမှ အခြားသူများသို့ ကူးစက်မှုမရှိစေရေးအတွက် –

**ရောဂါကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ၊ အခြားသူများကိုလိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။**

ရာသီတုပ်ကွေးနှင့် ကိုဗစ် - ၁၉ ရောဂါ စသည့် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ မိမိကစ၍ ကာကွယ်ပါ။

(က) လူထုထပ်သောနေရာများသို့သွားခြင်းမှရှောင်ကြဉ်ခြင်းနှင့် မဖြစ်မနေသွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း (Mask) အား စနစ်တကျ ဝတ်ဆင်ခြင်း၊



(ခ) ပါးစပ်နှင့်နှာခေါင်းစည်း ဝတ်ဆင်ထားခြင်း မရှိချိန်၌ နှာချေ၊ ချောင်းဆိုးပါက လက်ကိုင်ပဝါ/ တံတောင်ကွေးဖြင့် လုံအောင်အုပ်၍ နှာချေ၊ ချောင်းဆိုးခြင်း၊





(ဂ) ရောဂါလက္ခဏာပြင်းထန်ပါကနီးစပ်ရာဆေးရုံ၊ ကျန်းမာရေးဌာနသို့ ချက်ချင်းပြသ၍ ဆေးကုသမှုခံယူခြင်း။



(၂) တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများ ဖြစ်သည့် လက်ကိုရေနှင့်ဆပ်ပြာ သို့မဟုတ် ရေမလိုလက်သန့်စင် ဆေးရည် (Hand sanitizer) ဖြင့် မကြာခဏ စနစ်တကျ ဆေးကြောခြင်း၊




(၃) ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများသည် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇကွဲများ ကူးစက်ဖြစ်ပွားခြင်းနှင့် ရောဂါလက္ခဏာပြင်းထန်မှုနှင့် အသက်ဆုံးရှုံးမှုတို့မှ ထိရောက်စွာ ကာကွယ်ပေးသည့်အတွက် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံမှုခံယူခြင်း။





ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်
- အသက် ၆၀နှစ် နှင့် အထက် အသက်အရွယ်ကြီးသူများ၊
- ဆီးချိုရောဂါ၊ နှာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက် ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံမှုကို မဖြစ်မနေခံယူပါ။




**ရောဂါကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ၊ အခြားသူများကိုလိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။**

# မြစ်ကြီးနားမြို့၊ ကျောက်တန်းမြို့နယ်နှင့်တွံတေးမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်လှည့်ဆေးကုသရေးအဖွဲ့က သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဇွန် ၁၂**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်လှည့်ဆေးကုသရေးအဖွဲ့က ဝေဠုဝန်ကျောင်းတိုက်အတွင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၃၅ ပါးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေးစီစဉ်ဆောင်ရွက်ပေးသည်။


ရန်ကုန်တိုင်းစစ်ဌာနချုပ်နယ်လှည့်ဆေးကုသရေးအဖွဲ့က သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ ညောင်ဝိုင်းကျေးရွာနှင့်ပတ်ဝန်းကျင်ကျေးရွာများမှသံဃာတော် ၁၇ ပါးနှင့် ဒေသခံပြည်သူ ၁၃၁ ဦးတို့ကို ကျေးရွာရှိ ပေါ်တော်မူအောင်ဓမ္မရိပ်သာကျောင်းတိုက်၌လည်းကောင်း၊ တွံတေးမြို့နယ်၊ ပဒါန်းရေကျော်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော် ၅ ပါးနှင့် ဒေသခံပြည်သူ ၁၄၆ ဦးတို့ကို ကျေးရွာရှိရေကျော်ကျောင်းတိုက်၌လည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်နယ်လှည့်ဆေးကုသရေးအဖွဲ့က အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ကျန်းမာရေးအသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့်နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(၁၀၀)**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | **အမည်၊ ရာထူး၊ ဌာန** | **ခန့်ထားသည့်ရာထူး၊ ဌာန** |
|---|---|---|
| (၁) | ဒေါက်တာမေစန်းရီ | ပါမောက္ခချုပ် |
| | ဒုတိယပါမောက္ခချုပ် | ရန်ကုန်နိုင်ငံခြားဘာသာ |
| | ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် | တက္ကသိုလ် |
| | အဆင့်မြင့်ပညာဦးစီးဌာန | အဆင့်မြင့်ပညာဦးစီးဌာန |
| | ပညာရေးဝန်ကြီးဌာန | ပညာရေးဝန်ကြီးဌာန |
| (၂) | ဦးဇော်ဇော်အေး | |
| | ဒုတိယညွှန်ကြားရေးမှူးချုပ်(မြို့ပြနှင့်ဒေသ) | ညွှန်ကြားရေးမှူးချုပ် |
| | မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | အဆောက်အဦဦးစီးဌာန |
| | ဆောက်လုပ်ရေးဝန်ကြီးဌာန | ဆောက်လုပ်ရေးဝန်ကြီးဌာန |

# ချောင်းရေဝင်ရောက်မှုဖြစ်ပေါ်ခဲ့သည့် ရွှေညောင်မြို့ပေါ်ရပ်ကွက်များ၌ ကူညီကယ်ဆယ်ရေး လုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဇွန် ၁၂**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရွှေညောင်မြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ယနေ့မွန်းလွဲပိုင်းတွင် တာယောချောင်းရေကြီးရေလျှံမှုဖြစ်ပေါ်ကာ ရွှေညောင်မြို့ပေါ်ရှိ ရတနာရပ်ကွက်၊ ရွှေဘုံသာရပ်ကွက်နှင့်မင်္ဂလာရွှေဘိုရပ်ကွက်များအတွင်းသို့ ချောင်းရေဝင်ရောက်မှုများဖြစ်ပေါ်ခဲ့သည်။

အဆိုပါ ရေဝင်ရောက်မှုများဖြစ်ပေါ်ခဲ့သည့်နေရာများ၌ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ဒေသခံပြည်သူများစုပေါင်း၍ ရေဘေးသင့်ပြည်သူများအား ရေဘေးကင်းလွတ်ရာ လှိုင်ဘုံသာရပ်ကွက်၊ ပရိယတ္တိစာသင်တိုက်အတွင်းရှိ ဇေယျာသီရိဓမ္မာရုံနှင့်မင်္ဂလာအောင်မြေရပ်ကွက်ရှိ ဒက္ခိဏာရာမဘုန်းတော်ကြီးကျောင်းတိုက်များသို့ ကူညီရွှေ့ပြောင်းပေးခြင်းနှင့် လိုအပ်သည့်ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားပြီး ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာများနှင့်ထောက်ပံ့ငွေများပေးအပ်သည်။ ထို့ပြင် တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရေဘေးသင့်ပြည်သူများအား လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)


အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ် ရေဘေးသင့်ပြည်သူများအား ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာများနှင့်ထောက်ပံ့ငွေများပေးအပ်စဉ်။

# ဒုတိယအကြိမ် အာဆီယံပထဝီစီးပွားရေးလုပ်ငန်းအဖွဲ့အစည်းအဝေးသို့ တက်ရောက်ဆွေးနွေး

**နေပြည်တော် ဇွန် ၁၂**

မြန်မာနိုင်ငံ၏ အာဆီယံပထဝီစီးပွားရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ဇွန်လ ၁၁ ရက်က ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည့် ဒုတိယအကြိမ် အာဆီယံပထဝီစီးပွားရေးလုပ်ငန်းအဖွဲ့အစည်းအဝေး (2nd Meeting of ASEAN Geoeconomics Task Force) သို့ တက်ရောက်ဆွေးနွေးခဲ့သည်။

အစည်းအဝေးတွင် အာဆီယံထိပ်သီးအစည်းအဝေး၊ အာဆီယံစီးပွားရေးဝန်ကြီးများအထူးအစည်းအဝေးနှင့် အာဆီယံနှင့်ဆွေးနွေးဖက်နိုင်ငံစီးပွားရေးဝန်ကြီးများအစည်းအဝေးရလဒ်များ၊ လက်ရှိဖြစ်ပေါ်နေသည့် ပထဝီစီးပွားရေးစိန်ခေါ်မှုများအပေါ် အာဆီယံအနေဖြင့် မူဝါဒဆိုင်ရာ တုံ့ပြန်မည့် အာဆီယံပေါင်းစည်းမှု အစီရင်ခံစာရေးဆွဲရေးနှင့် လုပ်ငန်းအဖွဲ့၏ ရှေ့ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို ဆွေးနွေးခဲ့ကြသည်။

ဒုတိယဝန်ကြီးက လက်ရှိဖြစ်ပေါ်နေသည့် ပထဝီစီးပွားရေးအခြေအနေကို အာဆီယံ၏ ခိုင်မာ၍အားလုံးပါဝင်သည့် စီးပွားရေးပေါင်းစည်းမှုဖြင့် တုံ့ပြန်ဆောင်ရွက်နိုင်ကြောင်း၊ အာဆီယံနိုင်ငံများအကြား ကုန်သွယ်မှုကို ပိုမိုမြှင့်တင်ခြင်းဖြင့် ကုန်သွယ်မှုဆိုင်ရာစိန်ခေါ်မှုများကို ကျော်လွှားနိုင်မည်ဖြစ်ကြောင်း၊ အာဆီယံအနေဖြင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုနယ်ပယ်ချဲ့ထွင်ခြင်းတို့ကို ဦးစားပေးဆောင်ရွက်သင့်ကြောင်း၊ အသစ်ဆောင်ရွက်မည့် လုပ်ငန်းများကို အာဆီယံ၏ ဦးစားပေးလုပ်ငန်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ အေအီးစီ မဟာဗျူဟာလုပ်ငန်းအစီအစဉ် ၂၀၂၆-၂၀၃၀ ကို အတည်ပြုပြီးဖြစ်၍ ရေရှည်ဆောင်ရွက်မည့် လုပ်ငန်းများကို မဟာဗျူဟာအစီအစဉ်နှင့် ချိတ်ဆက်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

အာဆီယံပထဝီစီးပွားရေးလုပ်ငန်းအဖွဲ့ (ASEAN Geoeconomics Task Force) ကို ၂၀၂၅ ခုနှစ်ဧပြီလ ၁၀ ရက်က ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့်ကျင်းပခဲ့သည့် အာဆီယံစီးပွားရေးဝန်ကြီးများ အထူးအစည်းအဝေး၏ သဘောတူညီချက်ဖြင့် လက်ရှိဖြစ်ပေါ်နေသည့် ကမ္ဘာလုံးဆိုင်ရာကုန်သွယ်မှုအပြောင်းအလဲများကြောင့် အာဆီယံဒေသတွင်း၌ ရရှိနိုင်မည့်အကျိုးကျေးဇူးများ၊ ထိခိုက်နိုင်မှုများကို သုံးသပ်နိုင်ရန်နှင့် အာဆီယံစီးပွားရေးဝန်ကြီးများထံသို့ မူဝါဒဆိုင်ရာ ထောက်ခံတင်ပြချက်များပြန်လည်တင်ပြရန်အတွက် ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး လုပ်ငန်းအဖွဲ့တွင် အာဆီယံနိုင်ငံများမှ ဒုတိယဝန်ကြီးအဆင့်တစ်ဦးစီနှင့် အစိုးရမဟုတ်သည့်အဖွဲ့အစည်းမှ အကြီးတန်းစီးပွားရေးပညာရှင်တစ်ဦးစီတို့ဖြင့် ဖွဲ့စည်းထားကြောင်း သတင်းရရှိသည်။

**မြဝတီ**



*117# ကိုခေါ်ဆိုပြီး Mytel ဖုန်းဘေလ်ဖြင့် 5 Digits အောင်ဘာလေအွန်လိုင်းထီ ဝယ်ယူကံစမ်းနိုင်ပါပြီ။

**ပျောက်ဆုံးကြောင်း**

